# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ လေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

## မိဘပြည်သူများအနေဖြင့် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ လေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေပိုင်းက ထပ်မံရောက်ရှိလာမှုကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။ ထိုသို့ထိုးနှံပေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကာကွယ်ဆေး အကြိမ်ရေ ၂၄ သန်း စာချုပ် ချုပ်ဆိုဝယ်ယူထားသည့်အနက် ကာကွယ်ဆေးအကြိမ်ရေ လေးသန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေ ၅ နာရီခွဲတွင် ထပ်မံရောက်ရှိလာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ကုသရေး/ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်သည့်အဖွဲ့မှ လက်ခံရယူခဲ့သည်။

အဆိုပါကာကွယ်ဆေးများကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုအပ်ချက်အရ မြေပြင်ခရီးလမ်းကြောင်းမှလည်းကောင်း၊ တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီဖြင့် လေကြောင်းခရီးမှလည်းကောင်း အအေးလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐



**ယနေ့ ဖတ်စရာ**

ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ — ဆောင်းပါး စာ - ၆

အမှန်တရားကိုပုံဖျက် ကမ်းကုန်အောင် ရက်စက် — ဆောင်းပါး စာ - ၁၀

၂၀၂၂ မှာ ကမ္ဘာ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးမယ့် အမေရိကန်ရဲ့ အိပ်မက်နဲ့ အတူ အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်ရှီး ထုတ်လုပ်မှု — နိုင်ငံတကာရေးရာ စာ - ၁၄

# လူ့အခွင့်အရေးကို ယိုးမယ်ဖွဲ့၍ ပြုလုပ်ခဲ့သည့် နိုင်ငံရေးသွတ်သွင်းမှု

အကြမ်းဖက်အဖွဲ့အစည်း NUG က နိုင်ငံတစ်ဝန်းလုံးတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြှင့်တင်ပြုလုပ်ရန်အတွက် ပြီးခဲ့သည့် စက်တင်ဘာ ၇ ရက်နေ့တွင် ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့ရာ ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သလို အိမ်နီးချင်းအာဆီယံနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံများကလည်း အကြမ်းဖက်မှုများနှင့် သွေးချောင်းစီးဖြစ်ရပ်များ ဖြစ်ပေါ်လာနိုင်သည့် အပေါ် စိုးရိမ်မကင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

NUG ၏ ကြေညာချက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အုံကြွရေး၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ၎င်းတို့၏ ဒေသအတွင်း အစိုးရ၏ဒေါက်တိုင်များအဖြစ် ၎င်းတို့က သတ်မှတ်ထားသည့် ပြည်သူများနှင့် အဖွဲ့အစည်းများကို ပစ်မှတ်ထားတိုက်ခိုက်ရေး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို သတ်ဖြတ်၍ အုပ်ချုပ်ရေးယန္တရားများကို နှောင့်ယှက်ဖျက်ဆီးရေး အပါအဝင် ကျေးလက်ရောမြို့ပြပါ တစ်ပြိုင်တည်း စတင်တိုက်ခိုက်ရန် အမိန့်ပေးခဲ့သည်။ ဒီ-ဒေးဟု သိကြသည့် အဆိုပါ ကြေညာချက်၏ နောက်ဆက်တွဲအဖြစ် အပြစ်မဲ့ပြည်သူများကို ဒလန်အဖြစ်စွပ်စွဲကာ တစ်ဦးချင်းမှသည် မိသားစုလိုက်အထိ လုပ်ကြံသတ်ဖြတ်မှုများ၊ အစိုးရဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်မှုများ၊ အုပ်ချုပ်ရေးမှူးများကို ခြိမ်းခြောက်သတ်ဖြတ်မှုများ၊ ဖောက်ခွဲမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများစွာတို့ကို အမည်အမျိုးမျိုးခံထားကြသည့် အကြမ်းဖက်အဖွဲ့ပေါင်းစုံတို့က မြို့ရွာဒေသအသီးသီးတို့တွင် ပြုလုပ်ခဲ့ကြသည်။

ပြည်တွင်း၌ ဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများအတွက် လိုအပ်သည့် ငွေကြေးနှင့် လက်နက်ခဲယမ်းများ ပံ့ပိုးရန် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားအချို့က တော်လှန်ရေး ရန်ပုံငွေဟူ၍ အကြောင်းပြကာ ငွေကြေးများ ရှာဖွေကောက်ခံလျက်ရှိကြသလို ငွေကြေးဇယားအရှုပ်အရှင်း အငြင်းအခုံများလည်း ထွက်ပေါ်ခဲ့သည်။ တော်လှန်ရေးအမည်ခံကာ ပုံပျက်ပန်းပျက်ဖြစ်နေသည့် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများနှင့် စပ်လျဉ်း၍ အကြမ်းဖက်အုပ်စုများ၏ အဖွဲ့ဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများက လုပ်ကြံသတင်းများ၊ သတင်းတု သတင်းမှားများစွာကို ဖေ့စ်ဘုတ်လူမှုကွန်ရက်တွင်တင်ခြင်း၊ ထပ်ဆင့်ဖြန့်ဝေခြင်းများ ပြုလုပ်ကြပြီး ၎င်းတို့နှင့် ချိတ်ဆက်ထားသည့် မီဒီယာများကလည်း ၎င်းသတင်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ထုတ်ပြန်ခဲ့ကြသည်။ ၎င်းတို့၏ သတင်းများတွင် အကြမ်းဖက်သမားတို့က လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်မှုများသည် မှန်ကန်သယောင်၊ တရားသယောင် ရေးသားဖော်ပြကြသည်။ အသတ်ခံရသူများသည် ဒလန်များဖြစ်ကြောင်း အရပ်စကားဖြင့် သက်သေထူကာ အကြမ်းဖက်လူသတ်မှုကို ဖုံးဖိပေးကြသည်။ PDF အမည်ခံ အကြမ်းဖက်အုပ်စုတို့၏ ထုတ်ပြန်စာများကို ထပ်ဆင့်ထုတ်ပြန်ပေးကာ ပြည်သူလူထုအတွင်း အကြောက်တရားသွတ်သွင်းရာတွင် အကြမ်းဖက်အားပေး မီဒီယာများက တစ်တပ်တစ်အား ပါဝင်ကြသည်။

လူမှုကွန်ရက်တွင်လည်းကောင်း၊ မီဒီယာများတွင်လည်းကောင်း မမြင်နိုင်၊ မကြားနိုင်သည့်အရာမှာ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူတို့၏ ပုံရိပ်များနှင့် ၎င်းတို့၏ အသံများပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဖိစီးနှိပ်စက်မှုကို လပေါင်းများစွာ ခံစားခဲ့ရခြင်းကြောင့် စီးပွားရေးတုံ့ဆိုင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမှုတို့နှင့် ရင်ဆိုင်နေကြရသည့် ပြည်သူများတွင် လက်ရှိမြန်မာ့နိုင်ငံရေးအပြောင်းအလဲအပေါ် အမြင်မတူညီသူများ၊ လက်နက်ကိုင်တိုက်ခိုက်မှုနှင့် အကြမ်းဖက်မှုတို့ကို မလိုလားသူများ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းသာယာရေးကို လိုလားသူများ များစွာရှိနေပြီး ၎င်းတို့အားလုံးမှာ အကြမ်းဖက်လှုံ့ဆော်မှုများ ပြုလုပ်နေကြသည့် လက်နက်ကိုင်ဆောင်ထားသူများ၊ တော်လှန်လိုစိတ်ငယ်ထိပ်တက်နေသူများ၏ အသံများအောက်တွင် ငြိမ်သက်ပျောက်ကွယ်နေကြရသည်။ မခံမရပ်နိုင်၍ ထုတ်ပြောသူများမှာမူ လူသာမက ရဟန်းသံဃာများကိုပင် ချမ်းသာမပေးဘဲ သတ်ဖြတ်နေကြရာ ဆိတ်ဆိတ်နေခြင်း၊ လိုက်လျောညီထွေနေခြင်းတို့ဖြင့် ဖုံးကွယ်နေကြရသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ စွပ်စွဲမှုများပြုလုပ်ရာတွင် အကြမ်းဖက်အုပ်စုခွဲများနှင့် ၎င်းတို့ကို ထောက်ခံနေသည့် မီဒီယာတို့မှ အချက်အလက်များကို အခြေခံပြီး လူ့အခွင့်အရေးကို ယိုးမယ်ဖွဲ့၍ နိုင်ငံရေးသွတ်သွင်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်ရာ ဖြစ်ရပ်မှန်များနှင့်ဝေး၍ အကြမ်းဖက်ဝါဒကို အားပေးနေပြီလောဟု မေးခွန်းထုတ်ဖွယ်ပင်ဖြစ်ပါကြောင်း။ ။

# ချောင်းဆုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်တစ်ခါမျှ မထိုးနှံရသေးသူ ၂၀၇၇၆ ဦးအား ထိုးနှံပေးပြီးဖြစ်



**ချောင်းဆုံ စက်တင်ဘာ ၂၆**

မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်တွင် စက်တင်ဘာ ၁၄ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (တတိယအသုတ်) ပထမအကြိမ် ထိုးနှံပေးလျက်ရှိရာ ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်တစ်ခါမျှ မထိုးနှံရသေးသူအား ဦးစားပေးအုပ်စုအလိုက် ယနေ့တွင်လည်း ဆေးထိုးစုရပ်အသီးသီး၌ ထိုးနှံပေးလျက်ရှိရာ ဆေးထိုးကာလ ၁၂ ရက်အတွင်း ၂၀၇၇၆ ဦးအား ထိုးနှံပေးပြီးဖြစ်သည်။

ချောင်းဆုံမြို့နယ်အတွင်းရှိ ဆေးထိုး စုရပ် ၁၅ နေရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် တစ်ခါမျှ မထိုးနှံရသေးသည့် သာသနာ့နွယ်ဝင်များ၊ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများ၊ မသန်စွမ်းသူများ၊ အသက် (၁၈) နှစ်ပြည့်ပြီးသူများ အပါအဝင် ဦးစားပေးအလိုက် သတ်မှတ်ပြီး ပြည်သူများအား နေ့စဉ် ဆက်လက်ထိုးနှံပေးလျက်ရှိပြီး စုရပ်တစ်ခုတွင် လူဦးရေ ၁၅၀ စီဖြင့် တစ်မြို့နယ်အနေနှင့် လူဦးရေ ၂၀၀၀ ကျော်ကို ပုံမှန်ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်လျှော့နည်းကျဆင်းရေးအတွက် မြို့နယ်အတွင်းရှိ တာဝန်ရှိသူများက ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့်ပူးပေါင်းပြီး ကာကွယ်ဆေးထိုး လုပ်ငန်းကိုလည်းကောင်း၊ ကျေးရွာများရှိ ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ RDT Tesk Kit ဖြင့် စစ်ဆေးခြင်းလုပ်ငန်းကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှသိရသည်။

ချောင်းဆုံ(ပြန်/ဆက်)

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၆-၉-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ဥပဒေအရာရှိနှင့် တရားရေးအရာရှိများအတွက် အရည်အချင်းစစ်စာမေးပွဲကို နေပြည်တော် စာဖြေဌာနတစ်ခုအဖြစ် ထားရှိပေးရန် မျှော်လင့်

**နေပြည်တော် စက်တင်ဘာ ၂၆**

သက်ဆိုင်ရာဌာနများမှ ဥပဒေအရာရှိ အဆင့် (၄) နှင့် ဒုတိယမြို့နယ်တရားသူကြီးရာထူးများကို ဥပဒေဘွဲ့ရရှိထားသူများထဲမှ လျှောက်လွှာများခေါ်ယူလျက်ရှိရာ ရာထူးဝင် အရည်အချင်းစစ် စာမေးပွဲများဖြေဆိုရာ၌ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် စာဖြေဌာနတစ်ခုအဖြစ် သတ်မှတ်ထားရှိပေးရန် ဥပဒေဘွဲ့ရ လူငယ်မောင်မယ်များက မျှော်လင့်လျက်ရှိနေသည်။

အဆိုပါ ရာထူးဝင်အရည်အချင်းစစ် စာမေးပွဲများဖြေဆိုရာတွင် သက်ဆိုင်ရာဌာနများက မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး နှစ်ခု၌သာ စာဖြေဌာနအဖြစ် သတ်မှတ်ထားရှိနေသောကြောင့် နေပြည်တော်အတွင်းရှိ ဥပဒေဘွဲ့ရသူများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အထက်ပါတိုင်းဒေသကြီးများသို့ သွားရောက်ဖြေဆိုရန် များစွာသော အခက်အခဲများရှိကြောင်း ဥပဒေဘွဲ့ရများက ပြောသည်။

“ဥပဒေဘွဲ့ရရှိပြီး သတ်မှတ်ထားတဲ့ အသက်အကန့်အသတ်နဲ့လည်း ညီတယ်၊ ပြီးခဲ့တဲ့ ၂၀၂၁ခုနှစ် ဇန်နဝါရီလ ကိုဗစ်-၁၉ ကူးစက်မှုများနေတဲ့ကာလမှာ အရည်အချင်းစစ်စာမေးပွဲကို မဖြေလိုက်ရဘူး၊ ရန်ကုန်ဇာတိဖြစ်ပေမယ့် မိဘတွေကနေပြည်တော်မှာ တာဝန်ကျပြီး နေထိုင်တဲ့ဝန်ထမ်းတွေဖြစ်နေတော့ ဒီကာလမှာသွားပြီး ဖြေဖို့မလွယ်လှဘူး။ ဒီကပ်ရောဂါကြီးက လွန်မြောက်သွားရင်လည်း နေပြည်တော်အတွင်းမှာ ဥပဒေဘွဲ့ရထားတဲ့ လူငယ်မောင်မယ်တွေရှိတဲ့အတွက် နေပြည်တော် စာဖြေဌာနတစ်ခု ထားပေးရင် အားလုံးအဆင်ပြေပါလိမ့်မယ်” ဟု ဥပဒေဘွဲ့ရသူ တစ်ဦးကပြောသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနရုံးများနှင့် အဖွဲ့အစည်းများ ရုံးစိုက်ရာနေရာ အုပ်ချုပ်ရေးမြို့တော်တစ်ခုဖြစ်ပြီး ရာထူးဝင် အရည်အချင်းစစ်စာမေးပွဲများကို အဓိကထား၍ ကျင်းပပြုလုပ်သော နေရာလည်းဖြစ်သည်။

ကိုပေါက် (ဥတ္တရမြေ)

# နွားထိုးကြီး၌ ဝါဈေးကောင်း၍ ဝါစိုက်ကေများလာ

**နွားထိုးကြီး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် ဝါမျိုးစုံဧက ၈၇၀၀ လျာထားစိုက်ပျိုးနေရာ ဧက ၃၆၄၁ ဧက စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်ခင်ထားနွယ်ထံမှ သိရသည်။ ဝါမျိုးစုံတွင် ချည်မျှင်ရှည်ဝါ ဧက ၄၇၀၀ လျာထားရာ၊ ဧက ၂၆၁၄ အထိစိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဝါတောင်သူများကလည်း ဈေးနှုန်းအမြတ်သေချာသော ဝါကိုစိုက်ပျိုးကြရာ ဝါတစ်ပိဿာ ငွေကျပ် ၁၂၀၀ အထက်ဈေးကောင်းရနေ၍ ဝါစိုက်တောင်သူများ အရှုံးမရှိကြောင်း ဝါဈေးကောင်းရရှိမှုကို မြို့နယ်မန်နေဂျာက ပြောကြားသည်။

ငွေးမြင့်မောင်

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ မကျန်စေလို

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နေထိုင်သည့်ဒေသများတွင်လည်း ထိုးနှံပေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြကာ NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိသော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ မကျန်စေလိုကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်ဒေသများအပြင် ရခိုင်ပြည်နယ်ရှိ အကျုံးဝင်သူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိအနေဖြင့် နိုင်ငံရေးအရ ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ အမျိုးသားအရေးနှင့် နိုင်ငံ့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပါတီစွဲ၊ လူပုဂ္ဂိုလ် အစွဲမထားဘဲ လူသားတစ်ယောက်အနေဖြင့် တာဝန်သိသိ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တောင်ငူမြို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များအတွက် ဆွမ်းဆန်နှင့် စားသုံးကုန်များ ဆက်ကပ်လှူဒါန်း

**တောင်ငူ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက တောင်ငူမြို့ ကြာနီကန် ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ တောင်ငူမြို့ရှိ ပရိယတ္တိစာသင်တိုက် လေးတိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့အတွက် ဆွမ်းဆန် ၆၃ အိတ်၊ ဆီ ၁၅၇ ပိဿာ၊ ပဲ ၁၅၇ ပိဿာ၊ ဆား ၁၅၇ ပိဿာ၊ ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများနှင့် နဝကမ္မအလှူငွေကျပ် ငါးသိန်းတို့ကို ဆက်ကပ်လှူဒါန်းပြီး (ဝဲပုံ) ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ မိုင်ဒါကွင်း၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တည်ဆောက်ပေးထားသည့် Oxygen Plant အား ကြည့်ရှုစစ်ဆေးပြီး စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးအသိပညာပေး တီရှပ် အထည် ၂၀ နှင့် ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့တွင်း လမ်းများပြင်ဆင်နေမှုနှင့် တောင်ငူကျုံးဟောင်း ပြန်လည်ပြုပြင်မွမ်းမံနေမှုကို လည်းကောင်း၊ တောင်ငူမြို့ရှောင်လမ်း ဖောက်လုပ်ရန် မြေနေရာလျာထားမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ ရွာသစ်လမ်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

ယခုရောက်ရှိလာသော ကာကွယ်ဆေးများကို မူလဦးတည်အုပ်စုများနှင့် ထပ်မံတိုးချဲ့ထားသော ဦးတည်အုပ်စုများအား ဦးစားပေးအစီအစဉ်များအလိုက် ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်သည်။

ယနေ့အထိ ကာကွယ်ဆေးများ ရောက်ရှိလာမှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူထားသော COVISHIELD နှစ်သန်း၊ Sinopharm ၁၀ သန်း၊ Sinovac နှစ်သန်း စုစုပေါင်း ၁၄ သန်း doses ရောက်ရှိပြီးဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် သို့မဟုတ် အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

**သတင်းစဉ်**



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ရေ လေးသန်းကို ရန်ကုန်တိုင်းဒေသကြီး ကုသရေး/ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်သည့်အဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်ခံရယူစဉ်။

# ရွှေဘိုမြို့နယ်အတွင်း ရွှေဘိုပေါ်ဆန်း မိုးစပါး တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိရေး ဆောင်ရွက်

**ရွှေဘို စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရွှေဘိုပေါ်ဆန်း မိုးစပါး တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိရေးအတွက် ရွက်ဖျန်းမြေဩဇာသုံးစွဲမှု သရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက် စက်မှုဇုန်ရပ်ရှိ Oxygen Plant Foundation (shwebo) စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ရွှေဘိုမြို့မဈေးကြီးသို့ သွားရောက်၍ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့် ဈေးဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ရွှေဘိုမြို့နယ် စည်ပင်သာယာရေး ကော်မတီ အမှုဆောင်အရာရှိ ဦးသန်းဦးက အသစ်ဆောက်လုပ်မည့် ဈေးအဆောက်အအုံပုံစံနှင့် ဆောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရွှေဘိုပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ငါးသိန်း ထောက်ပံ့သည်။

ယင်းနောက် ရွှေဘိုမြို့နယ် ဘုန်းဘွဲ့ကျေးရွာရှိ တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဆောင်ရွက်သည့် အောင်ချမ်းသာကွင်း ကွင်းအမှတ် (၃၃၁၄) ရှိ တောင်သူ ဦးဝင်းဘို စိုက်ပျိုးထားရှိသည့် ရွှေဘိုပေါ်ဆန်း မိုးစပါး တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိရေး ရွက်ဖျန်းမြေဩဇာ သုံးစွဲမှု သရုပ်ပြပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက သရုပ်ပြပွဲ ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ဓာတ်မြေဩဇာ ဈေးနှုန်းများ ကြီးမြင့်မှုကြောင့် ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်စေရန် လည်းကောင်း၊ ကုန်ကျစရိတ်နည်းနည်းဖြင့် သီးနှံအထွက်တိုးစေရန် လည်းကောင်း၊ စပါးမှ နိုက်ထရိုဂျင်ဓာတ် တိုက်ရိုက်စားသုံးနိုင်စေရေးအတွက် လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်ဇာဇာမင်းက ရွက်ဖျန်းမြေဩဇာ အသုံးပြုပုံများနှင့် အဆိုပါ ရွက်ဖျန်းမြေဩဇာ သုံးစွဲခြင်းကြောင့် မြေဆီလွှာသို့ တိုက်ရိုက် ကြဲပက်ထည့်သွင်းမှု မပြုလုပ်ရသည့်အတွက် လေလွင့်ဆုံးရှုံးမှု လျော့နည်းခြင်း၊ စပါးပင်အရွက်များမှ နိုက်ထရိုဂျင်ဓာတ် တိုက်ရိုက် အသုံးပြုနိုင်ခြင်း၊ ကုန်ကျစရိတ် နည်းနည်းဖြင့် တစ်ဧက အကျိုးအမြတ် ပိုမိုရရှိနိုင်ကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝက်လက်မြို့နယ် စိုင်နိုင်ကြီးကျေးရွာရှိ မျိုးစပါးသန့်စင်စက်ရုံသို့ သွားရောက်ကြည့်ရှုရာ ဝက်လက်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမိုးကျော်က မျိုးစပါးများ သန့်စင်ပုံအဆင့်ဆင့်နှင့် မျိုးစပါးများ သန့်စင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာ့ငါးလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိနေမှုအပေါ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သက်ဆိုင်သူအားလုံးတို့က မိမိတို့ကျရာအခန်းကဏ္ဍများက အားကြိုးမာန်တက် ပူးပေါင်းပါဝင်ကြိုးပမ်းကြစေလိုကြောင်း ယနေ့ နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည့် မြန်မာ့ငါးလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။





အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် သုတေသနဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ရေထွက်ပစ္စည်းများ တင်ပို့ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းများတွင် နိုင်ငံတကာက ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ သက်ဆိုင်ရာနိုင်ငံများ၏ လိုအပ်ချက်များနှင့် အညီဖြစ်စေရန် လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ EU ဈေးကွက် လိုအပ်ချက်များနှင့်အညီ အမျိုးသားဓာတ်ကြွင်းထိန်းချုပ်မှုအစီအမံ (National Residue Monitoring Plan – NRMP) ကို နှစ်စဉ်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ဒေသတွင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာဈေးကွက်သို့ မွေးမြူ ရေး ရေထွက်ကုန်များ တင်ပို့ရောင်းချလျက်ရှိသည်။

လတ်တလောတွင် ပုဂ္ဂလိကငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းကြီးသုံးခု၏ မွေးမြူရေး ရေထွက်ကုန်များ တင်ပို့နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်ရန် လိုအပ်သည့်အချက်အလက်များ ပေးပို့ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ အလားတူ မွေးမြူရေး ရေငန်ပုစွန်တင်ပို့လိုသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း တရုတ်နိုင်ငံ၏ မွေးမြူရေး ရေသတ္တဝါ ထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်သည်။

အေးခဲရေထွက်ကုန်များ တင်ပို့ရာတွင် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ထိန်းချုပ်နိုင်ရေးအတွက် မြန်မာ–တရုတ် နှစ်နိုင်ငံ တာဝန်ရှိသူများ၏ ညှိနှိုင်းဆွေးနွေးချက်အရ ပင်လယ်ငါးဖမ်းလုပ်ငန်း အလုပ်သမားများအား ပင်လယ်မထွက်မီ ၁၄ ရက် Quarantine ထားရှိ၍ ကိုဗစ်စစ်ဆေးပြီးမှ ပင်လယ်ပြင်ထွက်ခွာရန် လိုအပ်မည်ဖြစ်ပြီး ငါးချဆိပ်ကမ်း၊ စက်ရုံများရှိ အလုပ်သမားများနှင့် ပစ္စည်းထုပ်ပိုးသည့် ဝန်ထမ်းများကို နှစ်ပတ်လျှင် တစ်ကြိမ် ကိုဗစ်စစ်ဆေးပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအတွက် ဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအကြား ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်-ပေါက်ခေါင်း မီးရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် တောင်သူ ၁၃ ဦးအား မြေယာလျော်ကြေးပေးအပ်

**ပြည် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်–ပေါက်ခေါင်း မီးရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအနက်မှ ပြည်မြို့နယ် ဖြူးကုန်းကျေးရွာအုပ်စုတွင် ကျန်ရှိနေသောတောင်သူ ၁၃ ဦးအား မြေယာလျော်ကြေးပေးအပ်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က လျော်ကြေးငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ပြည်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြန်မာ့မီးရထားလုပ်ငန်း(တိုင်း/၆)ရန်ကုန်မှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကျော်ညွန့်နှင့် ပြည်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးနိုင်လင်းဦးတို့က ဖြူးကုန်းကျေးရွာအုပ်စုမှ တောင်သူ ၁၃ ဦးထံ လက်ဝယ်အရောက် မြေယာလျော်ကြေးငွေများ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဖြူးကုန်းကျေးရွာအုပ်စုမှ ကျန်ရှိသောတောင်သူ ၁၃ ဦးအား မြေယာလျော်ကြေးငွေများ ပေးအပ်ရာတွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် စုစုပေါင်းမြေဧရိယာ ၉ ဒသမ ၈၃ ဧကအတွက် စုစုပေါင်း ငွေကျပ် ၁၉၆ သိန်းကျော် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းစိုး(ပြန်/ဆက်)**



# ဆားလင်းကြီးမြို့နယ် ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ဆားလင်းကြီး စက်တင်ဘာ ၂၆**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သဘာဝရေပြင်၊ မြစ်ချောင်း၊ အင်းအိုင်များနှင့် ဆည်ရေလှောင်တမံကန်များအတွင်း ငါးသယံဇာတများ ပေါများစေရန်နှင့် ကျေးလက်နေ ပြည်သူများငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဆားလင်းကြီးမြို့နယ် ချင်းတွင်းမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်၊ ဒုတိယဗိုလ်မှူးကြီး ဝင်းခိုင်ထွန်း၊ ခရိုင်ရဲမှူးကြီး ဝင်းအောင်၊ ခရိုင်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးငွေသောင်း၊ ခရိုင်ပြန်ဆက်ဦးစီးမှူး ဦးသန်းဌေး၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဒေါက်တာ ဥမ္မာသက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ယင်းမာပင်ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ပြီး ယင်းမာပင်ငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးကောင်ရေ ၅၀၀၀၀ ကို ချင်းတွင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွက် မြစ်ချောင်း၊ အင်းအိုင် ဆည်ရေတမံများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း လျာထားချက်အနေဖြင့် ငါးသားပေါက်ကောင်ရေ ၃၇ သိန်း မျိုးစိုက်ထည့်မှုအပေါ် ရာနှုန်းပြည့် မျိုးစိုက်ထည့်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ နေပြည်တော်ကောင်စီ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများမှ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားများကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ လည်းကောင်း၊ နံနက် ၉ နာရီတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သာသနပါလ ဓမ္မရိပ်သာ (မြိတ်)ကျောင်း၌ လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ သတ္တသတ္တာဟ "ပွင့်" စေတီဓမ္မာရုံ၌ လည်းကောင်း အသီးသီးကျင်းပသည်။

### အမှျပေးဝေ

နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲအခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက် ပဓာနနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမှျပေးဝေကြသည်။

### ကြွရောက်ချီးမြှင့်

အလားတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သာသနပါလဓမ္မရိပ်သာ (မြိတ်)ကျောင်းတွင် ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားများကို လည်းကောင်း၊ သတ္တသတ္တာဟ "ပွင့်" စေတီဓမ္မာရုံ၌ နေပြည်တော် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာကျောင်းတိုက် ပဓာနနာယက၊ နေပြည်တော် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ပညာသာမိ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမှျပေးဝေကြသည်။

ယနေ့ လှူဒါန်းရာတွင် နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၆၉ ကျောင်း၊ သီလရှင်ကျောင်း ၁၁ ကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော သာမဏေ ၁၁၀၃ ပါး၊ သီလရှင် ၂၆၆ ပါးတို့အတွက် ဆွမ်းဆန်တော် ၄၈၄ အိတ်၊ ဆီပိဿာ ၁၃၉၀၊ ပဲ၇၂၅ ပိဿာ၊ ဆား ၇၂၅ ပိဿာတို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကချင်ပြည်နယ်ရှိ တောင်သူများအတွက် ဓာတ်မြေဩဇာလိုအပ်ချက် ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်း

**မြစ်ကြီးနား စက်တင်ဘာ ၂၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်အတွင်းရှိ တောင်သူများအတွက် ဓာတ်မြေဩဇာလိုအပ်ချက် ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုရှိ ရွှေမိုးတောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ပရိဝုဏ် အတက်/ အဆင်းလမ်းများရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ အမှိုက်များ ကောက်ယူခြင်းလုပ်ငန်းများကို ဝိုင်းမော်မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိ ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တောင်သူများ စိုက်ပျိုးရေးကဏ္ဍ ပြည့်မီစွာဆောင်ရွက်နိုင်ရေးနှင့် ဓာတ်မြေဩဇာဈေးနှုန်းကြီးမြင့်လာမှုအပေါ် တောင်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး၊ လိုအပ်သည့် ဓာတ်မြေဩဇာကို ပြည့်မီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ **(အောက်ပုံ)**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးတို့က ပြည်နယ်အတွင်း စိုက်ပျိုးလျက်ရှိသည့် မိုးစပါး၊ နွေစပါး စိုက်ဧက ငါးသိန်းကျော်အတွက် ဓာတ်မြေဩဇာလိုအပ်ချက်ရှိသည့် အခြေအနေများ၊ တောင်သူများ ပြင်ပမှ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရမှုအခြေအနေများ၊ နိုင်ငံတော်ကထုတ်လုပ်သည့် ဓာတ်မြေဩဇာများကို ဖြန့်ဖြူးပေးမည့် အစီအစဉ်များ၊ နိုင်ငံတော်က သတ်မှတ်သင့်သည့် နှုန်းထားနှင့် ပြည်နယ်၏ ဓာတ်မြေဩဇာလိုအပ်ချက်အပေါ် အခြေခံ၍ ဝယ်ယူဖြန့်ဖြူးပေးနိုင်သည့် ပမာဏသတ်မှတ်ရန် ကိစ္စရပ်များ၊ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် စိုက်ပျိုးမြေဧကများအတွက် နိုင်ငံတော်က ဓာတ်မြေဩဇာအခမဲ့ ထောက်ပံ့ပေးနိုင်ရေးအတွက် စာရင်းကောက်ယူထားရှိမှုနှင့် ဓာတ်မြေဩဇာလိုအပ်ချက် ပြည့်မီစွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာယူတင်သွင်းရန် ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ ဓာတ်မြေဩဇာလိုအပ်သည့် ပမာဏအပေါ် အခြေခံ၍နိုင်ငံတော်ကထုတ်လုပ်သည့် ပုလဲဓာတ်မြေဩဇာများ မှာယူပြီး အနိမ့်ဆုံးဈေးဖြင့် တောင်သူများထံ ဖြန့်ဖြူးနိုင်ရေး၊ လိုအပ်သည့် ပမာဏအပေါ် တောင်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် စနစ်တကျ မှာယူဖြန့်ဖြူးပေးနိုင်ရေး ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


**ပြည်နယ်(ပြန်/ဆက်)**




## ဆိုင်ကလုန်းမုန်တိုင်း ဂူးလက်ပ် အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၆**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်" သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၆၀ ခန့်၊ ဂွမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၅၅၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၅၅၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၅၅ မိုင်ခန့်နှင့် ကာလင်ဂါပတ္တနမ်မြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။



အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်" သည် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၈ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၅ မိုင်နှုန်းခန့်ဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်" သည် အနောက်ဘက်သို့ ရွေ့လျားပြီး နောက်ကိုးနာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေနှင့် ဩရိဿတောင်ပိုင်းကမ်းခြေ(ကာလင်ဂါပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့အကြား) တို့မှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်" ၏ အရှိန်ကြောင့် ယနေ့ ညနေမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်" ၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ

တက္ကသိုလ် မောင်ရှုပ

**ဂျပန်နိုင်ငံမှာ အာဏာရ အယ်လ်ဒီပီပါတီ (Liberal Democratic Party–LDP) ရဲ့ ဥက္ကဋ္ဌသစ်ရွေးချယ်မှုကို စက်တင်ဘာလ ၂၉ ရက်နေ့မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ မနှစ်က ကျန်းမာရေးအခြေအနေကြောင့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌဝန်ကြီးချုပ် ရှင်ဇိုအာဘေး ရာထူးကနုတ်ထွက်သွားပြီးနောက် အယ်လ်ဒီပီပါတီဥက္ကဋ္ဌဖြစ်လာတဲ့ လက်ရှိဝန်ကြီးချုပ် ယိုရှီဟီဒေး ဆူဂဟာ မစ္စတာရှင်ဇိုအာဘေးရဲ့ ကျန်ရှိနေသေးတဲ့ သက်တမ်းကာလအတွက်သာ ထမ်းဆောင်နေရတာဖြစ်လို့ စက်တင်ဘာလ ၃၀ ရက်နေ့မှာ သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ်ရွေးချယ်မှုကို စက်တင်ဘာလ ၂၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခြင်းဖြစ်ပါတယ်။ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ်ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်းတွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။**

အစောပိုင်းမှာ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ်ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်း စုစုပေါင်း ခုနစ်ဦးပေါ်ထွက်လာခဲ့ပါတယ်။ ပထမတစ်ဦးကတော့ လက်ရှိဝန်ကြီးချုပ် ယိုရှီဟီဒေးဆူဂ ကိုယ်တိုင်ဖြစ်ပါတယ်။ သို့သော်လည်း ဝန်ကြီးချုပ် ယိုရှီဟီဒေး ဆူဂအနေနဲ့ နောက်ပိုင်းမှာ အဆိုပါ ရာထူးအတွက် ပါဝင်ယှဉ်ပြိုင်သွားတော့မှာ မဟုတ်ကြောင်း စက်တင်ဘာလ ၃ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒုတိယတစ်ဦးကတော့ အယ်လ်ဒီပီပါတီရဲ့ မူဝါဒရေးရာအကြီးအကဲ (Chairman of the Policy Research Council) ဖြစ်တဲ့ Mr. Hakubun Shimo–mura ဖြစ်ပါတယ်။ သို့သော်လည်း ၎င်းအနေနဲ့ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌ ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်တော့မှာမဟုတ်ကြောင်း ဩဂုတ်လ ၃၀ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ တတိယတစ်ဦးကတော့ ကာကွယ်ရေးဝန်ကြီးဟောင်း Mr. Shigeru Ishiba ဖြစ်ပါတယ်။ Mr. Shigeru Ishiba ဟာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလမှာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ရာထူးကနုတ်ထွက်သွားတော့ လစ်လပ်သွားတဲ့ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပေမယ့် လက်ရှိဝန်ကြီးချုပ် ယိုရှီဟီဒေးဆူဂက အနိုင်ရရှိသွားခဲ့ပါတယ်။ Mr. Shigeru Ishiba ကလည်း နောက်ပိုင်းမှာ ဝင်ရောက်ယှဉ်ပြိုင်တော့မှာ မဟုတ်ကြောင်း ပြောကြားခဲ့တဲ့အတွက် အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲအတွက် ကိုယ်စားလှယ်လောင်းလေးဦးသာ ကျန်ရှိခဲ့ပါတယ်။



အယ်လ်ဒီပီပါတီ ထိပ်သီးခေါင်းဆောင်များ၏ အစည်းအဝေးကျင်းပနေစဉ်။

### ကိုယ်စားလှယ်လောင်းလေးဦး

ပထမ ကိုယ်စားလှယ်လောင်းကတော့ နိုင်ငံခြားရေးဝန်ကြီးဟောင်းနဲ့ အယ်လ်ဒီပီပါတီ မူဝါဒရေးရာအကြီးအကဲဟောင်း Mr. Fumio Kishida ၊ ဒုတိယ ကိုယ်စားလှယ်လောင်းက လက်ရှိ အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲရေးဝန်ကြီးနဲ့ ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံရေးဆိုင်ရာ တာဝန်ခံဝန်ကြီး Mr. Taro Kono၊ တတိယကိုယ်စားလှယ်လောင်းက ပြည်ထဲရေးနဲ့ ဆက်သွယ်ရေး ဝန်ကြီးဟောင်း Ms. Sanae Takaichi နဲ့ နောက်ဆုံးနဲ့ စတုတ္ထမြောက် ထွက်ပေါ်လာတဲ့ ကိုယ်စားလှယ်လောင်းက အယ်လ်ဒီပီပါတီရဲ့ ခေတ္တအထွေထွေ အတွင်းရေးမှူး Ms. Seiko Noda တို့ ဖြစ်ကြပါတယ်။ အယ်လ်ဒီပီဥက္ကဋ္ဌရာထူး အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမယ့်သူတွေအနေနဲ့ မဲဆွယ်စည်းရုံးမှုတွေကို စက်တင်ဘာလ ၁၇ ရက်နေ့က စတင်ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ် ရွေးချယ်ဖို့ အယ်လ်ဒီပီပါတီ လွှတ်တော်အမတ် ၃၈၂ ဦးရဲ့ ၃၈၂ မဲ၊ အယ်လ်ဒီပီ ပါတီဝင်တွေရဲ့ မဲတွေကို ရာခိုင်နှုန်းနဲ့ တွက်ချက်မယ့် ၃၈၂ မဲ၊ စုစုပေါင်း ၇၆၄ မဲနဲ့ မဲပေး ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်လောင်းတွေ အနေနဲ့ အယ်လ်ဒီပီပါတီတွင်း ဩဇာလွှမ်းမိုးမှုရှိတဲ့ ဝါရင့်လွှတ်တော်အမတ်တွေ၊ ပါတီအတွင်း အစုအဖွဲ့ (faction) တွေရဲ့ ထောက်ခံမှုရရှိဖို့ စည်းရုံးမှုတွေ ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။

### အစုအဖွဲ့ (faction) ခုနစ်ခု

အယ်လ်ဒီပီပါတီအတွင်းမှာ အဓိကကျတဲ့ အစုအဖွဲ့ကြီး ခုနစ်ခုရှိပါတယ်။ ပထမဆုံးနဲ့ အင်အားအကြီးဆုံးအစုအဖွဲ့က ဝန်ကြီးချုပ် Junichiro Koizumi လက်ထက်မှာ အစိုးရအဖွဲ့အတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့တဲ့ Hiroyuki Hosoda ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ Hosoda faction ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ Hosoda faction ကို ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးက ဦးဆောင်နေပြီး အဖွဲ့ဝင်စုစုပေါင်း ၉၆ ဦးရှိပါတယ်။ ဒုတိယ အင်အားအကြီးဆုံးကတော့ လက်ရှိဒုတိယဝန်ကြီးချုပ်နဲ့ ဘဏ္ဍာရေးဝန်ကြီး Taro Aso ဦးဆောင်လျက်ရှိတဲ့ Aso faction ဖြစ်ပါတယ်။ Aso faction မှာ အဖွဲ့ဝင် ၅၃ ဦးရှိပါတယ်။ တတိယ အင်အားအကြီးဆုံးကတော့ ၂၀၁၁ ခုနှစ်၊ အင်အားပြင်း တိုဟိုကုမြေငလျင်ကြီး လှုပ်ခတ်ပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ဖွဲ့စည်းခဲ့တဲ့ ပြန်လည်တည်ဆောက်ရေးဝန်ကြီးဌာနရဲ့ ဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့တဲ့ Wataru Takeshita ဦးဆောင်တဲ့ Takeshita faction ဖြစ်ပါတယ်။ Takeshita factionမှာ အဖွဲ့ဝင် ၅၂ ဦးရှိပါတယ်။ စတုတ္ထအင်အားအကြီးဆုံးကတော့ လက်ရှိအယ်လ်ဒီပီပါတီရဲ့ အထွေထွေအတွင်းရေးမှူး Toshihiro Nikai ဦးဆောင်တဲ့ Nikai faction ဖြစ်ပါတယ်။ Nikai faction မှာ အဖွဲ့ဝင် ၄၇ ဦး ရှိပါတယ်။ ပဉ္စမအင်အားအကြီးဆုံးကတော့ နိုင်ငံခြားရေးဝန်ကြီးဟောင်း Fumio Kishida ဦးဆောင်လျက်ရှိတဲ့ Kishida faction ဖြစ်ပါတယ်။ Kishida faction မှာ အဖွဲ့ဝင် ၄၆ ဦး ရှိပါတယ်။ ဆဋ္ဌမ အင်အားအကြီးဆုံးကတော့ ကာကွယ်ရေးဝန်ကြီးဟောင်း Shigeru Ishiba ဦးဆောင်လျက်ရှိတဲ့ Ishiba faction ဖြစ်ပါတယ်။ Ishiba faction မှာ အဖွဲ့ဝင် ၁၇ ဦး ရှိပါတယ်။ သတ္တမ အင်အားအကြီးဆုံးကတော့ အယ်လ်ဒီပီပါတီရဲ့ အထွေထွေ အတွင်းရေးမှူးဟောင်း Nobuteru Ishihara ဦးဆောင်တဲ့ Ishihara faction ဖြစ်ပါတယ်။ Ishihara faction မှာ အဖွဲ့ဝင် ၁၀ ဦးရှိပါတယ်။ ဘယ်အစုအဖွဲ့မှာမှ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိဘဲ သီးခြားလွတ်လပ်စွာ ရပ်တည်နေတဲ့ အယ်လ်ဒီပီအောက်လွှတ်တော်အမတ် ၆၂ ဦး ရှိပါတယ်။

**❖ အယ်လ်ဒီပီပါတီဟာ အာဏာရပါတီဖြစ်တဲ့အတွက် အယ်လ်ဒီပီပါတီဥက္ကဋ္ဌဟာ ဝန်ကြီးချုပ်တာဝန်ကိုလည်း ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အခု အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ကိုယ်စားလှယ်လောင်းတွေဟာ လက်ရှိဂျပန်နိုင်ငံရဲ့ အခြေအနေတွေအရ ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေး၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းတွေ၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရတဲ့ နိုင်ငံရဲ့စီးပွားရေး ပြန်လည်နာလန်ထူလာရေး ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ စတဲ့ကိစ္စတွေအပေါ်မှာ ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာ ဦးစားပေးရှင်းလင်းချပြလျက်ရှိ**

အယ်လ်ဒီပီပါတီဟာ အာဏာရပါတီ ဖြစ်တဲ့အတွက် အယ်လ်ဒီပီပါတီဥက္ကဋ္ဌဟာ ဝန်ကြီးချုပ်တာဝန်ကိုလည်း ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အခု အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ကိုယ်စားလှယ်လောင်းတွေဟာ လက်ရှိဂျပန်နိုင်ငံရဲ့ အခြေအနေတွေအရ ကိုဗစ်–၁၉ ကူးစက်ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေး၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းတွေ၊ ကိုဗစ်–၁၉ ကြောင့် ထိခိုက်ခဲ့ရတဲ့ နိုင်ငံရဲ့စီးပွားရေး ပြန်လည်နာလန်ထူလာရေး ဆောင်ရွက်ရမယ့် လုပ်ငန်းတွေ စတဲ့ကိစ္စတွေအပေါ်မှာ ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာ ဦးစားပေးရှင်းလင်းချပြလျက်ရှိပါတယ်။ လက်ရှိမှာ ကိုဗစ်–၁၉ ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် တတိယအကြိမ်မြောက် အရေးပေါ်အခြေအနေ (State of Emergency) ကို တိုကျိုအပါအဝင် မြို့ကြီးများနဲ့ ဒေသအများအပြားမှာ ပြဋ္ဌာန်းထားရှိရာမှာ စက်တင်ဘာလ ၁၂ ရက်နေ့က သက်တမ်းကုန်ဆုံးခဲ့ပေမယ့် နောက်ထပ်ရက်သတ္တနှစ်ပတ် ထပ်မံသက်တမ်းတိုးမြှင့်ထားရှိပါတယ်။ ဂျပန်နိုင်ငံဟာ အခုအချိန်မှာ ပြင်းထန်တဲ့ ကိုဗစ်–၁၉ ပဉ္စမလှိုင်းရဲ့ ရိုက်ခတ်မှုဒဏ်ကို ခံစားနေရပြီး နိုင်ငံရဲ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ်အပေါ် အကြီးအကျယ် ရိုက်ခတ်မှုရှိခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်မှာ တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့အပါအဝင် အိမ်နီးချင်းနိုင်ငံများနဲ့ သံတမန်ဆက်ဆံရေး အခြေအနေ၊ မြောက်ကိုရီးယားနိုင်ငံက စက်တင်ဘာလ ဒုတိယပတ်အတွင်းက မဟာဗျူဟာမြောက် တိုက်ချင်းပစ်ဒုံးကျည် အမျိုးအစားသစ်တစ်ရပ်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့တာကြောင့် နိုင်ငံလုံခြုံရေးအခြေအနေတွေ၊ အမေရိကန်နိုင်ငံနဲ့ ကာကွယ်ရေးအရ မဟာမိတ်ဖွဲ့စည်းထားမှု အခြေအနေတွေ စတဲ့မြောက်မြားလှစွာသော အရေးကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းသွားမယ့် မူဝါဒသဘောထားတွေကို ရှင်းလင်းပြောကြားခဲ့ကြပါတယ်။ စက်တင်ဘာလ ၂၉ ရက်နေ့မှာ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးကောက်ပွဲပြီးတာနဲ့ နိုဝင်ဘာလအတွင်း အောက်လွှတ်တော် ရွေးကောက်ပွဲတွေ ပြုလုပ်ဖို့ရှိတဲ့အတွက် အယ်လ်ဒီပီလွှတ်တော် ကိုယ်စားလှယ်လောင်းတွေ အနေနဲ့ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်သွားကြမယ့် ကိုယ်စားလှယ်တစ်ဦးချင်းစီရဲ့ မူဝါဒ

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

သဘောထားတွေကို လေ့လာလျက်ရှိကြတာကို တွေ့ရပါတယ်။

**မစ္စတာ ဖူမီယို ကီရှီဒါ**

**(Mr. Fumio Kishida)**

မစ္စတာ ဖူမီယို ကီရှီဒါဟာ အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ်ရာထူးအတွက် ဝင်ရောက် ယှဉ်ပြိုင်မယ်လို့ ပထမဆုံး ထုတ်ဖော်ပြောကြားခဲ့တဲ့ ကိုယ်စားလှယ်လောင်းဖြစ်ပါတယ်။ အသက် ၆၄နှစ်ရှိပြီဖြစ်တဲ့ မစ္စတာ ကီရှီဒါဟာ ဝါဆေဒတက္ကသိုလ်က ဥပဒေဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့ပြီး ၁၉၉၃ ခုနှစ်မှာ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကကို စတင်ဝင်ရောက်လာခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာ ဆောက်လုပ်ရေး ဒုတိယဝန်ကြီး၊ ၂၀၀၁ ခုနှစ်မှာ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနဲ့ နည်းပညာ ဒုတိယဝန်ကြီး၊ ၂၀၀၇ ခုနှစ်မှာ အိုကီနာဝါနဲ့ မြောက်ပိုင်းဒေသများရေးရာ ဒုတိယဝန်ကြီး၊ ၂၀၀၈ ခုနှစ်မှာ စားသုံးသူရေးရာဝန်ကြီးနဲ့ အာကာသမူဝါဒရေးရာဝန်ကြီးအဖြစ် တာဝန်တွေ အသီးသီးထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ အယ်လ်ဒီပီပါတီ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့ပြီး ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ဒုတိယအကြိမ် အစိုးရသက်တမ်းမှာ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ ဒါကြောင့် မစ္စတာ ကီရှီဒါဟာ ဂျပန်နိုင်ငံရဲ့သမိုင်းမှာ နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို သက်တမ်းအရှည်ကြာဆုံး ထမ်းဆောင်ခဲ့သူတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ မစ္စတာ ကီရှီဒါဟာ ယခင်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးလက်ထက်မှာ နိုင်ငံခြားရေး ဝန်ကြီးတာဝန်ထမ်းဆောင်စဉ်က ဝန်ကြီးချုပ် အာဘေးက မစ္စတာဖူကူဒါကို သူ့နေရာကို ဆက်ခံမယ့်သူတစ်ဦးအဖြစ် လက်ခံထားတာဖြစ်ပါတယ်။ သို့သော် ၂၀၂၀ စက်တင်ဘာလ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးအတွက် ရွေးချယ်ရာမှာ မစ္စတာအာဘေးဟာ အခြေအနေအရ မစ္စတာ ဖူကူဒါအစား မစ္စတာ ယိုရှီဟီဒေးဆူဂကိုပဲ ထောက်ခံမှုပြုခဲ့ပါတယ်။ မစ္စတာ ကီရှီဒါ က သူသာ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ်ဖြစ်လာခဲ့ရင် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ထိန်းချုပ်နိုင်ဖို့အတွက် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ် ထိန်းချုပ်စီမံခန့်ခွဲရေး အေဂျင်စီ (Health Crisis Management Agency) တစ်ရပ်ကို ဝန်ကြီးချုပ်ရုံး အောက်မှာ သီးခြားဖွဲ့စည်း ကိုင်တွယ်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ဒါ့အပြင် ဂျပန်နိုင်ငံမှာ လူသွားလူလာ များပြားမှုတွေကို ထိန်းချုပ်နိုင်ဖို့ ဥပဒေပိုင်းဆိုင်ရာပြင်ဆင်မှုတွေ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍမှာလည်း ဖွံ့ဖြိုးတိုးတက်ရေးအပြင် အလယ်အလတ် ဝင်ငွေရှိသူတွေအတွက် ဝင်ငွေပိုမိုတိုးတက်ရရှိရေး၊ ဝင်ငွေကို မျှတစွာဖြန့်ဖြူးနိုင်ရေး၊ ဂျပန်နိုင်ငံပုံစံ ဈေးကွက်စီးပွားရေးစနစ်တစ်ရပ် ဖော်ဆောင်ရေးအပြင် စီးပွားရေးလုံခြုံမှုရှိရေး ဝန်ကြီးတစ်ဦးကို သီးခြားခန့်အပ်သွားမှာဖြစ်ကြောင်း၊ အလားတူ အယ်လ်ဒီပီပါတီတွင်းမှာ ဗဟိုအလုပ်အမှုဆောင်ရာထူးကြီးတွေမှာ သုံးနှစ်ထက် ပိုမထမ်းဆောင်ရေးအပါအဝင် ပါတီပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ ဆောင်ရွက်သွားမယ်လို့ ပြောကြားထားပါတယ်။



နိုင်ငံခြားရေးဝန်ကြီးဟောင်း
ဖူမီယို ကီရှီဒါ



ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဟောင်း
မစ္စ တာကာချီ ဆာနာအဲ



နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း
မစ္စတာ တာရို ကိုနို

**✻ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ တရုတ်နိုင်ငံ၊ တောင်ကိုရီးယား နိုင်ငံတို့အပါအဝင် အိမ်နီးချင်းနိုင်ငံများနဲ့ သံတမန်ဆက်ဆံရေး အခြေအနေ၊ မြောက်ကိုရီးယားနိုင်ငံက စက်တင်ဘာလ ဒုတိယပတ်အတွင်းက မဟာဗျူဟာမြောက် တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ်တစ်ရပ်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့တာကြောင့် နိုင်ငံလုံခြုံရေးအခြေအနေတွေ၊ အမေရိကန်နိုင်ငံနဲ့ ကာကွယ်ရေးအရ မဟာမိတ်ဖွဲ့စည်းထားမှုအခြေအနေတွေ စတဲ့မြောက်မြားလှစွာသော အရေးကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းသွားမယ့် မူဝါဒသဘောထားတွေကို ရှင်းလင်းပြောကြားခဲ့ကြပါတယ်။**

နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ တိုင်ဝမ်ရေလက်ကြား ပြဿနာဟာ ဂျပန်နိုင်ငံအတွက် အကြီးမားဆုံး သံတမန်ရေးဆိုင်ရာ အခက်အခဲဖြစ်လာနိုင်ကြောင်း ပြောကြားထားပြီး နိုင်ငံကာကွယ်ရေးနဲ့ပတ်သက်လို့ ဂျပန်-အမေရိကန်မဟာမိတ်ဖွဲ့စည်းမှု မူဘောင်အောက်ကနေ ကိုင်တွယ်ဖြေရှင်းသွားမှာဖြစ်ကြောင်း၊ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးမှာလည်း နှစ်နိုင်ငံ ခေါင်းဆောင်တွေအကြား ပုံမှန်ထိတွေ့ဆွေးနွေးမှုတွေ ရှိသင့်ကြောင်း၊ ဂျပန်၊ အမေရိကန်၊ ဩစတြေးလျနဲ့ အိန္ဒိယ လေးနိုင်ငံအကြား Quad ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်ဟာလည်း အရေးပါကြောင်း၊ ဒါ့အပြင် ဂျပန်နိုင်ငံအနေနဲ့ ဩစတြေးလျ၊ ကနေဒါ၊ ဗြိတိန်၊ နယူးဇီလန်နဲ့ အမေရိကန် ငါးနိုင်ငံအကြား ဖွဲ့စည်းထားတဲ့ ထောက်လှမ်းရေး သတင်းမဟာမိတ်အဖွဲ့ (Five Eyes) နဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပါတယ်။ မစ္စတာ ကီရှီဒါဟာ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်း လေးဦးအနက် အယ်လ်ဒီပီပါတီတွင်း အဖွဲ့ဝင် ၄၆ ဦးရှိတဲ့ Kishida faction အစုအဖွဲ့ရဲ့ ခေါင်းဆောင် ဖြစ်ပါတယ်။

**မစ္စ တာကာချီ ဆာနာအဲ**

**(Ms. Takaichi Sanae)**

အသက် ၆၀ နှစ်ရှိပြီဖြစ်တဲ့ မစ္စ တာကာချီဆာနာအဲဟာကိုဘေးတက္ကသိုလ်က စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့ပြီး ၁၉၉၃ ခုနှစ်မှာ နာရာမဲဆန္ဒနယ်ကနေ တစ်သီးပုဂ္ဂလအောက် လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကကို စတင်ဝင်ရောက်လာခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ New Frontier Party အောက်ကနေ နာရာမဲဆန္ဒနယ်မှာပဲ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလမှာ အယ်လ်ဒီပီပါတီကို ဝင်ရောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာ အယ်လ်ဒီပီပါတီအောက်ကနေ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ၂၀၀၅ ခုနှစ်မှာ ကုန်သွယ်ရေးနဲ့ စက်မှုဒုတိယဝန်ကြီး၊ ၂၀၁၂ ခုနှစ်မှာ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့စက်မှု ဒုတိယဝန်ကြီးအဖြစ် တာဝန်တွေ အသီးသီးထမ်းဆောင်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ဒုတိယအကြိမ် အစိုးရသက်တမ်းမှာ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ ပြည်ထဲရေးဝန်ကြီး တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။

မစ္စ တာကာချီ ဆာနာအဲက သူသာ အယ်လ်ဒီပီပါတီဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ်ဖြစ်လာခဲ့ရင် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ဖို့အတွက် နိုင်ငံတွင်း ဒေသအလိုက် lockdown ချမှတ်နိုင်ဖို့ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ကြောင်း၊ ဒါ့အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဂျပန်နိုင်ငံတွင်းမှာ ထုတ်လုပ်သွားနိုင်ဖို့လည်း စက်ရုံတွေ တည်ဆောက်သွားမှာဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍမှာလည်း နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆက်လက်ရရှိရေးအတွက် ဆောင်ရွက်သင့်တာမှန်သမျှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယခင်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးလက်ထက်မှာ ချမှတ်ခဲ့တဲ့ Abenomics စီးပွားရေး မူဝါဒတွေအတိုင်း Sanaenomics ခေါင်းစဉ်အောက်ကနေ အကောင်အထည် ဖော်သွားမှာဖြစ်ကြောင်း၊ ကာကွယ်ရေးကဏ္ဍမှာ ဂျပန်နိုင်ငံဟာ နိုင်ငံရဲ့ လုံခြုံရေးနဲ့အချုပ်အခြာအာဏာကို ခြိမ်းခြောက်လာတဲ့ရန်သူကို စတင်တိုက်ခိုက်နိုင်ဖို့ ခွင့်ပြုရေးအတွက် ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ-၉ ကို ပြင်ဆင်ဖို့လိုအပ်မှာဖြစ်ကြောင်း ပြောကြားထားပါတယ်။

ဒါ့အပြင် ခြိမ်းခြောက်မှုတွေကို တုံ့ပြန်နိုင်မယ့် စွမ်းအားမြှင့်တင်သွားနိုင်ဖို့အတွက် အမေရိကန်နိုင်ငံရဲ့ တာလတ်ပစ်ဒုံးကျည်တွေ ဂျပန်နိုင်ငံမှာ ဖြန့်ချသွားဖို့ စဉ်းစားဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ၎င်းအနေနဲ့ ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးသွားတဲ့ ဂျပန်စစ်သည်တွေရဲ့ အရိုးပြာတွေ မြှုပ်နှံထားတဲ့ တိုကျိုမြို့ရှိ ယာဆုကုနိဘုရားကျောင်းကို မကြာခဏ သွားရောက် ဆုတောင်းလေ့ရှိသလို အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ဖြစ်လာပါကလည်း ယုံကြည်မှုအရ ဆက်လက်သွားရောက်မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပါတယ်။ ဒါ့အပြင် မစ္စတာကာချီ ဆာနာအဲဟာ စက်တင်ဘာလ ၂၀ ရက်နေ့က တရုတ်တိုင်ပေရဲ့ ခေါင်းဆောင် Tsai In-wen နဲ့ ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ ဆွေးနွေးခဲ့ရာမှာ တရုတ်တိုင်ပေအနေနဲ့ ဒေသတွင်းအရေးပါတဲ့ CPTPP ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်မှာ ပါဝင်နိုင်ဖို့အတွက် ဂျပန်နိုင်ငံမှ အထောက်အကူပြုသွားရေးအပါအဝင် စီးပွားရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်သွားနိုင်မယ့် အလားအလာတွေကို ဆွေးနွေးခဲ့ကြတယ်လို့ ဖော်ပြထားပါတယ်။ အယ်လ်ဒီပီပါတီဥက္ကဋ္ဌလောင်းတစ်ဦးအနေနဲ့ အခုလိုတွေ့ဆုံမှုဟာ တရုတ်တိုင်ပေကိစ္စနဲ့ ပတ်သက်ရင် အလေးထားတဲ့ တရုတ်နိုင်ငံအတွက် အမျက်ဒေါသဖြစ်စေနိုင်တဲ့ အချက်ဖြစ်ပါတယ်။

**မစ္စတာ တာရို ကိုနို (Mr. Taro Kono)**

အသက် ၅၈ နှစ်ရှိပြီဖြစ်တဲ့ မစ္စတာ တာရို ကိုနိုဟာ အမေရိကန်ပြည်ထောင်စု၊ ဂျော့ချ်တောင်းတက္ကသိုလ်က သိပ္ပံဘွဲ့ရရှိခဲ့ပြီး ၁၉၈၆ ခုနှစ်မှာ Fuji Xerox Co. မှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ ကာနာဂါဝါမဲဆန္ဒနယ်ကနေ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကကို စတင်ဝင်ရောက်လာခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ အုပ်ချုပ်မှုစနစ်ပြုပြင်ပြောင်းလဲရေးနဲ့ ပြည်သူ့ဝန်ဆောင်မှုပြုပြင်ပြောင်းလဲရေးဝန်ကြီး၊ ၂၀၀၈ ခုနှစ်မှာ စားသုံးသူရေးရာဝန်ကြီးနဲ့ အာကာသမူဝါဒရေးရာဝန်ကြီး အဖြစ် တာဝန်တွေ အသီးသီးထမ်းဆောင်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးရဲ့ ဒုတိယအကြိမ် အစိုးရသက်တမ်းမှာ ၂၀၁၇ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး၊ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ ကာကွယ်ရေးဝန်ကြီး၊ ၂၀၂၀ ပြည့်နှစ်ကနေ လက်ရှိအချိန်အထိ အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှာ ဝန်ကြီးချုပ် ယိုရှီဟီဒေး ဆူဂ က ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး တာဝန်ခံဝန်ကြီးအဖြစ်လည်း ထပ်မံတာဝန်ပေးအပ်ခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အဆောင်များတွင် ကိုဗစ်-၁၉ ရောဂါ ခာတ်ခွဲစစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ Fever surveillance ပြုလုပ်ခြင်းတို့ကိုယနေ့တွင် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အဆောင်များတွင် နေထိုင်ကြသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်း ၂၀၁၀ အား ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ကိုဗစ်-၁၉ ရောဂါပိုး ရှိ/ မရှိ လာရောက်စစ်ဆေးကြသည့် ဝန်ထမ်းများကို နှာခေါင်းစည်းများ ဖြန့်ဝေပေးကာ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**





# မန္တလေးမြို့မတူရိယာအသင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ချီးမြှင့်သည့် တူရိယာပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံစားသောက်ကုန်များ ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မန္တလေးမြို့မတူရိယာအသင်းအတွက် ပေးအပ်ချီးမြှင့်သည့် တူရိယာပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့မတူရိယာအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ချီးမြှင့်ထောက်ပံ့ခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် မန္တလေးမြို့မတူရိယာ အသင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် (ကိုယ်စား) တိုင်းမှူးက တူရိယာပစ္စည်းများဖြစ်သည့် Drum Set မျိုးစုံ၊ Percussion(LPUSA)မျိုးစုံ၊ Violin ငါးလက်၊ Flute တစ်လက်၊ Clarinet တစ်လက်၊ Trumpet တစ်လက်၊ Saxophone တစ်လက်နှင့် Cello & Stand တစ်စုံတို့ကို ပေးအပ်ရာ အသင်းနာယကမှ လက်ခံရယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆန်အိတ် ၄၀၊ ဆီပိဿာ ၂၀၊ ကုလားပဲပိဿာ ၄၀၊ ကြက်သွန်နီပိဿာ ၄၀ နှင့် ငွေကျပ်ဖြစ်ချီးမြှင့်ငွေများကို ပေးအပ်ရာ အသင်းတာဝန်ရှိသူများက လက်ခံရယူကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၆-** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ခေါင်လန်ဖူးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ်စတင်ထိုးနှံ

**ခေါင်လန်ဖူး စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် စတင်ထိုးနှံခြင်းကို စက်တင်ဘာ ၂၅ ရက်က ခေါင်လန်ဖူးမြို့ မြို့နယ်ခန်းမ၌ ဦးတည်အုပ်စုများအား စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆေးထိုးအဖွဲ့ နှစ်ဖွဲ့ဖြင့် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သတ်မှတ်နေရာများ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဦးတည်အုပ်စုများအား ထိုးနှံပေးခဲ့ရာ ကာကွယ်ဆေးထိုးနှံသူ စုစုပေါင်း ၁၂၅ ဦးအား ထိုးနှံပေးခဲ့ပြီး ကျန်ရှိသည့် ကာကွယ်ဆေးများကိုလည်း ဆက်လက် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးပစ္စည်းများကို လေကြောင်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ စက်တင်ဘာ ၂၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီတစ်ခုမှ Bherumn-S Powder For Injection (Cefoperazone) အခု ၅၀၀၀၀၊ နယ်စပ် (မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီကိုးခုတို့မှ Mask ၉၀၉၅၆ Kg၊ Oxygen Plant တစ်ခု၊ Liquid Oxygen ၁၅၂၃ $m^3$၊ Liquid Oxygen တန် ၂၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၂၆**

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ငါးမွေးတောင်သူများ တစ်ပိုင်တစ်နိုင်ငါးမွေးမြူခြင်းမှ စီးပွားဖြစ်ငါးမွေးမြူနိုင်ရေးအထိ ဆောင်ရွက်နိုင်စေရေး၊ မိမိတို့ကိုယ်တိုင် ငါးဆေးထိုးသားဖောက်ခြင်းနည်းပညာတတ်မြောက်ပြီး အနီးပတ်ဝန်းကျင်ရှိ ငါးမွေးမြူသူများအား ငါးသားပေါက်များ ထုတ်လုပ် ဖြန့်ဖြူးရောင်းချနိုင်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်စေရေးတို့ကို ရည်ရွယ်၍ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုး၊ သရက်ကုန်းစခန်းတာဝန်ခံ ဦးထွန်းနောင်ဝင်း၊ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာနမှ ဒေါက်တာဝါဝါဖူး၊ ရောဝတီလင်းပိုင်ထိန်းသိမ်းရေးမှ ဦးဟန်ဝင်းနှင့် သင်တန်းနည်းပြများ၊ ရေချိုငါးမွေးမြူရေးကို စိတ်ပါဝင်စားသူ ငါးမွေးတောင်သူ သင်တန်းသူ/သင်တန်းသား ၁၇ ဦးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်သည်။ သင်တန်းတွင် စီးပွားဖြစ်ငါးမွေးမြူနိုင်သည့် ငါးမျိုးများရွေးချယ်ခြင်း၊ ငါးသားဖောက်ခြင်း၊ ငါးမှုန်/ငါးသန်ပြုစု မွေးမြူခြင်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။

**သတင်းစဉ်**

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို စက်တင်ဘာ ၂၂ ရက်မှ စတင်၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် အရောင်းဆိုင်များစာရင်းနှင့် ဈေးနှုန်းများကို စက်တင်ဘာ ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ထပ်မံ၍ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီဈေးနှုန်းနှင့် အရောင်းဆိုင်လိပ်စာတို့ကို ပြည်သူများ သိရှိဝယ်ယူနိုင်ရန် ထပ်မံဖော်ပြထားသည်။

စားသုံးသူပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် ဖော်ပြပါဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း၀၉-၆၆၄၀၇၅၆၈၃၊ ၀၉- ၆၆၄၅၉၆-၃၂၇၊ ၀၉- ၆၈၇၆၃၅၉၄၃၊ ၀၉- ၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

### တနင်္သာရီတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | နံပါတ် (၇၅/၂,၇၈/၂)ဆန္ဒဝတ်ရွာ။ကော့ကူလမ်း၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | ကုန်းပေါက်ရွာ၊ မြိတ်တောင်ရွာအစု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |

### ရှမ်းပြည်နယ်တွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Kyaw San & Myae Gae | ၁၁၇၇ | ၁၁၆၇ | ၁၁၇၄ | KS ( 029 ) နောင်ချိုမြို့နယ် (လွန်းကျော်) |
| ၂ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS ( 010 ) ကျောက်မဲဆိုင် |
| ၃ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS ( 011 ) သီပေါဆိုင် |
| ၄ | Kyaw San & Myae Gae | ၁၁၉၇ | ၁၁၈၇ | ၁၁၉၄ | KS ( 003 ) လားရှိုးဆိုင် |
| ၅ | Kyaw San & Myae Gae | ၁၂၀၇ | ၁၁၉၇ | ၁၂၀၄ | KS ( 005 ) မူဆယ်ဆိုင် |
| ၆ | Kyaw San & Myae Gae | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | KS ( 007 ) အောင်ပန်းဆိုင် |
| ၇ | Kyaw San & Myae Gae | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | KS ( 018 ) ပင်းတယဆိုင် |
| ၈ | Kyaw San & Myae Gae | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | KS ( 004 ) တောင်ကြီးဆိုင် |
| ၉ | Regency | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | မန္တလေး-လားရှိုးလမ်းနှင့် ပင်လုံလမ်းထောင့်၊ ကျောက်မဲမြို့။ |
| ၁၀ | Regency | ၁၁၉၇ | ၁၁၈၇ | ၁၁၉၄ | ရပ်ကွက်(၁၂) ၊ သိန္နီလမ်း၊ လားရှိုးမြို့။ |
| ၁၁ | OK Petroleum | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | တောင်ကြီး-ကလော ပြည်ထောင်စုလမ်းမကြီးဘေး |

### စစ်ကိုင်းတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Best Oil | ၁၁၇၂ | ၁၁၅၂ | ၁၁၅၉ | စစ်ကိုင်း-မုံရွာကားလမ်းမကြီးဘေး၊ ကံတလူတိုးဂိတ်အနီး |
| ၂ | Shwe Byain Phyu | ၁၁၇၂ | ၁၁၅၂ | ၁၁၅၉ | ဦးပိုင် နံပါတ်(၇)-၇၂ F ၁၂၂/၅၁၃, စစ်ကိုင်း-မုံရွာမိန်းလမ်းမကြီး၊ ကျောက်စစ်ကွင်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းမြို့ |

### ရခိုင်ပြည်နယ်တွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Kyaw San & Myae Gae | ၁၁၈၂ | ၁၁၇၂ | ၁၁၇၉ | KS ( 012 ) ဂွဆိုင် |
| ၂ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS ( 002 ) သံတွဲဆိုင် |
| ၃ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS ( 022 ) လင်းမူတောင်ဆိုင် |
| ၄ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS ( 021 ) တောင်ကုတ်ဆိုင် |
| ၅ | Kyaw San & Myae Gae | ၁၁၉၇ | ၁၁၈၇ | ၁၁၉၄ | KS ( 017 ) အမ်းဆိုင် |
| ၆ | Kyaw San & Myae Gae | ၁၂၁၂ | ၁၂၀၂ | ၁၂၀၉ | KS ( 006 ) စစ်တွေဆိုင် |

### မွန်ပြည်နယ်တွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Khine Khine Phyo | ၁၁၇၂ | ၁၁၆၂ | ၁၁၆၉ | တူးမြောင်းရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၂ | Kyaw San & Myae Gae | ၁၁၅၇ | ၁၁၄၇ | ၁၁၅၄ | KS ( 015 ) သထုံဆိုင် |
| ၃ | Kyaw San & Myae Gae | ၁၁၅၇ | ၁၁၄၇ | ၁၁၅၄ | KS ( 014 ) ပေါင် (ကျဲခတ်ငူဆိုင်) |
| ၄ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 013 ) မုဒုံ (တာပသွန်ဆိုင်) |
| ၅ | Kyaw San & Myae Gae | ၁၁၇၂ | ၁၁၆၂ | ၁၁၆၉ | KS ( 028 ) ရေးဆိုင် |

### မကွေးတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Khine Khine Phyo | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | ကံပြားရွာ၊ မကွေး-နတ်မောက်လမ်း၊ မကွေးတိုင်းဒေသကြီး |
| ၂ | Khine Khine Phyo | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | ကြာကန်ရွာ၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၃ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 024 ) မင်းဘူးဆိုင် |
| ၄ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 009 ) ကိုးပင်ဆိုင် |
| ၅ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 025 ) အောင်လံဆိုင် (ကသစ်ကန်) |
| ၆ | Regency | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | မကွေး-နတ်မောက်လမ်း၊ဖန်းခါးမြေဂေါက်ကွင်းရှေ့၊ မကွေးမြို့။ |

### ပဲခူးတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Khine Khine Phyo | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ရန်ကုန်-ပဲခူးလမ်းမကြီး၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၂ | Shwe Byain Phyu | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | ပြည်-ပေါက်ခေါင်းလမ်းမကြီး၊ ပေါင်းတလည်မြို့နယ်၊ ပေါင်းတလည် |
| ၃ | Shwe Byain Phyu | ၁၁၄၇ | ၁၁၄၂ | ၁၁၄၉ | သရက်ပင်တာဆုံ၊ မင်းလှမြို့နယ်၊ မင်းလှ |
| ၄ | Shwe Byain Phyu | ၁၁၄၇ | ၁၁၄၂ | ၁၁၄၉ | နံပါတ်-(၁၀)၊ ပန်တင်းရွာ၊ အုပ်စု၊ အုပ်ဖိုမြို့နယ်၊ အုပ်ဖိုမြို့ |
| ၅ | Shwe Byain Phyu | ၁၁၄၇ | ၁၁၄၂ | ၁၁၄၉ | မဟော်အင်းမိန်းလမ်းမကြီး၊ ကျွန်းကလေးအုပ်စု၊ လက်ပံတန်းမြို့နယ်၊လက်ပံတန်းမြို့ |
| ၆ | Shwe Byain Phyu | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | နော်ဝတီအုပ်စု၊ ပြည်မြို့နယ်၊ ပြည်မြို့ |
| ၇ | Kyaw San & Myae Gae | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | KS ( 008 ) ရေတာရှည်မြို့နယ် |

### ဧရာဝတီတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Petro King | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | ရန်ကုန်-ပုသိမ် လမ်းမဘေး |
| ၂ | OK Petroleum | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး |
| ၃ | Kyaw San & Myae Gae | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS (020) ရန်ကုန်တိုင်းမိုင်တိုင် (၂၃) မိုင် |
| ၄ | Kyaw San & Myae Gae | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS ( 023 ) ရန်ကုန်တိုင်းမိုင်တိုင် (၃၉) မိုင် |
| ၅ | Kyaw San & Myae Gae | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS ( 016 ) ရန်ကုန်တိုင်းမိုင်တိုင် (၄၂) မိုင် |
| ၆ | Kyaw San & Myae Gae | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS ( 032 ) ပဲခူးမြို့ရှောင်လမ်း |
| ၇ | OK Petroleum | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ပုသိမ်-မုံရွာလမ်းမကြီးဘေး |

# အမှန်တရားကိုပုံဖျက် ကမ်းကုန်အောင်ရက်စက်

ကိုရေချမ်း

**မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်းများစွာ စုစည်းနေထိုင်ကြပါတယ်။ မတူညီတဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေ၊ မတူညီတဲ့ ဘာသာတရားနဲ့ ကွဲပြားတဲ့ ယုံကြည်မှုတွေလည်း ရှိပါတယ်။ ဘာသာတရားမှာ အများစုကိုးကွယ်တဲ့ ဗုဒ္ဓဘာသာ အပါအဝင် ဘာသာအားလုံးကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်လျက်ရှိပါတယ်။ ယုံကြည်ရာ ဘာသာတရားရဲ့ အဆုံးအမလမ်းညွှန်မှုအောက်မှာ တိုင်းရင်းသားလူမျိုးအချင်းချင်း နားလည်မှုရှိစွာနဲ့ အတူလက်တွဲ နေထိုင်လျက်ရှိတာကို နယ်မြေဒေသအသီးသီးမှာ တွေ့နိုင်ပါတယ်။**

> ❖ **ချင်းပြည်နယ် အချို့ဒေသတွေမှာ ဖြစ်ခဲ့တဲ့ကိစ္စတွေသာမက မြန်မာနိုင်ငံအတွင်း မငြိမ်မသက်ဖြစ်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ တပ်မတော်အပေါ် အထင်အမြင်လွဲမှားအောင် CRPH နဲ့ NUG အကြမ်းဖက်အဖွဲ့တွေနဲ့ ပြည်တွင်းက အကြမ်းဖက်အဖျက်သမားတွေ လက်ချက်ကြောင့်အပြင် ပြည်တွင်းက ဝရမ်းပြေး ခေတ်သစ်မီဒီယာနဲ့ ပြည်ပအခြေစိုက်မြန်မာမီဒီယာကြီးတွေရဲ့ သွေးထိုးမြှောက်ပင့် ပုံဖျက်ပေးမှုတွေကြောင့် မဟုတ်မမှန် သတင်းတွေ ပျံ့နှံ့လာ**

ဒီလိုအေးအေးချမ်းချမ်း နေနေပေမယ့်လည်း ဘာသာရေးကို ခုတုံးလုပ်သူတွေ၊ ဘာသာတရားကို နှောင့်ယှက်သူတွေ၊ ဖျက်ဆီးသူတွေလည်း ရှိတတ်ပါတယ်။ ဘာသာရေး၊ လူမျိုးရေးဟာ မတူကွဲပြားခြားနားပြီး သိမ်မွေ့နူးညံ့လွန်းပါတယ်။ ထိလွယ်၊ ရှလွယ်ဖြစ်တတ်သလို ကောင်းကျိုး၊ ဆိုးပြစ်တွေလည်းရှိပါတယ်။ ဒါကြောင့် ဘာသာတရားနဲ့ ပတ်သက်ရင်အထူးသတိထား လုပ်ကိုင်ဆောင်ရွက်ကြရပါတယ်။ မြန်မာနိုင်ငံမှာ ရှေးကာလကတည်းက ဘာသာရေး၊ လူမျိုးရေးမှာ မေတ္တာတရားအပေါ် အခြေခံပြီး တစ်ဦးပေါ်တစ်ဦး နားလည်မှုရှိစွာ ဆက်ဆံနေထိုင်လာခဲ့တာကြောင့် နှစ်ပေါင်းကြာရှည်စိတ်အေးချမ်းသာ ရပ်တည်နေထိုင်ခဲ့ကြပါတယ်။

## စိတ်မချမ်းမြေ့ဖွယ်

ယနေ့ကာလမှ ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြု၍ ပဋိပက္ခတွေ၊ အမုန်းတရားတွေ တိုးပွားလာအောင် ဖန်တီးမှုတွေ၊ လုပ်ကြံမှုတွေ၊ မမှန်မကန် ပြုလုပ်မှုတွေ ရှိလာတာကို တွေ့ရပါတယ်။ အထူးသဖြင့် အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းမှုတွေ ဖြစ်ပွားခဲ့တဲ့ အချို့ပြည်နယ်အတွင်းက ဒေသတချို့မှာ ဘာသာရေး၊ လူမျိုးရေးကို အခြေခံတဲ့ အမုန်းတရားတွေ၊ ပဋိပက္ခတွေ ပြုလုပ်လာတာကို တွေ့ရပါတယ်။ အေးချမ်းသာယာစွာ အစဉ်အဆက် နေထိုင်လာခဲ့ကြတဲ့ ချင်းပြည်နယ်မှာ အကြမ်းဖက်မှုတွေ ထကြွလာတာကြောင့် ပဋိပက္ခတွေ၊ အနိဋ္ဌာရုံ အဖြစ်အပျက်တွေကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိနေရပါတယ်။ ချင်းပြည်နယ်အတွင်းက တချို့မြို့ရွာတွေမှာ တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို ချုံခိုတိုက်ခိုက်တာတွေ၊ အပြစ်မဲ့သူတွေကို အကြမ်းဖက်သတ်ဖြတ်မှုတွေ၊ အဆောက်အအုံတွေကို မီးရှို့ဖျက်ဆီးမှုတွေ ပြုလုပ်ခဲ့တာရှိပါတယ်။

ထန်တလန်မြို့မှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက တချို့မြို့တွေ၊ ရွာတွေက လူနေအိမ်တွေကို အကာအကွယ်ယူပြီး လုံခြုံရေးတပ်ဖွဲ့တွေကို ပစ်ခတ်တိုက်ခိုက်ကြတာ ရှိပါတယ်။ တကယ်တော့ ဒီလုပ်ရပ်တွေဟာ အဆင်ခြင်အသိဉာဏ်မဲ့တဲ့ မိုက်ရူးရဲလုပ်ရပ်တွေသာ ဖြစ်ပါတယ်။ ကိုယ့်ပြည်သူတွေ၊ ကိုယ့်တိုင်းရင်းသားတွေကို ခုတုံးလုပ်တဲ့သဘော၊ ကိုယ့်မြို့၊ ကိုယ့်ရွာတွေကို ဖျက်ဆီးတဲ့သဘော ဖြစ်ပါတယ်။ တိုက်ပွဲဖြစ်ရင် နှစ်ဖက်ထိခိုက်တာ၊ တစ်ဖက်ဖက် ထိခိုက်တာ၊ ပတ်ဝန်းကျင်ကို ထိခိုက်တာတွေ ရှိပါတယ်။ မြို့တွင်းတိုက်ပွဲဖော်တယ်ဆိုတာ အကြမ်းဖက်သမားတွေရဲ့ မိုက်မဲတဲ့လုပ်ရပ်ဖြစ်ပါတယ်။ သတ္တိကောင်းတယ်ဆိုရင် လူသူအလှမ်းဝေးတဲ့ တပ်ရင်းတပ်ဖွဲ့တွေကို သွားရောက်တိုက်ခိုက်နိုင်ပါတယ်။ ထန်တလန်မှာ အကြမ်းဖက်သမားတွေဟာ အင်အားအလုံးအရင်းနဲ့ တပ်မတော်နဲ့ ရဲတပ်ဖွဲ့စခန်းတစ်ခုကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြပြီး မြို့ထဲမှာလည်း တိုက်ကွက်ဖော်ခဲ့ကြပါတယ်။

## မုန်းတီးမှုတွေဖန်တီး

ချင်းပြည်နယ်သာမက မြန်မာနိုင်ငံတစ်ဝန်းမှာ မတည်ငြိမ်မှုတွေ ဖြစ်နေတာ၊ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်နေတာဟာ ပြည်ပြေး CRPH နဲ့ NUG အကြမ်းဖက်အဖွဲ့တွေရဲ့ သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးမှုတွေကြောင့် ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ပေါ်ပေါက်လာတဲ့ ပဋိပက္ခတွေ၊ ပြဿနာတွေကို ပိုမိုကြီးထွားလာအောင် မီးလောင်ရာလေပင့်ပေးတဲ့သူတွေကတော့ ပြည်ပအထောက်အပံ့တွေကို ယူထားတဲ့ ပြည်ပအခြေစိုက် ပြည်တွင်းသတင်းတွေ ထုတ်လွှင့်နေတဲ့မီဒီယာတွေ ဖြစ်ပါတယ်။ မီဒီယာ အဖွဲ့အစည်းတွေဟာ ပြဋ္ဌာန်းထားတဲ့ ကျင့်ဝတ်တွေ၊ ဥပဒေစည်းမျဉ်းတွေကို လေးစားလိုက်နာစောင့်ထိန်းကြရပါတယ်။ ယခုအခါမှာ ပြည်ပအထောက်အပံ့ယူထားတဲ့ မီဒီယာတွေမှာ ကျင့်ဝတ်တွေ၊ ဥပဒေစည်းမျဉ်းတွေဆိုတာ မရှိတော့ပါဘူး။ အထောက်အပံ့ပေးတဲ့ နိုင်ငံရဲ့ နိုင်ငံရေးမူဝါဒဟာ သူတို့ရဲ့လုပ်ထုံးလုပ်နည်း ဖြစ်လာပါတယ်။ ဒါဟာ အထူးအဆန်းတော့ မဟုတ်ပါဘူး။ ရှေးအစဉ်အဆက်ကတည်းက ၎င်းတို့မူဝါဒနဲ့ မကိုက်တဲ့ အစိုးရဆိုရင် အဲဒီအစိုးရ ပြုတ်ကျအောင် မီဒီယာလက်နက်နဲ့ တိုက်ခိုက်ကြပါတယ်။ မသူတော်တွေ သတင်းလွှင့်တာကို ပေါင်းဖက်လုပ်ကိုင်ကြတဲ့ ကြံဖော်ကြံဖက်တွေ ဖြစ်ပါတယ်။ နိုင်ငံရေးအရ ထိုးနှက်မှုတွေ၊ ဘက်လိုက်ရေးသားမှုတွေ၊ မမှန် မကန်ဖော်ပြမှုတွေကို တစိုက်မတ်မတ် ပြုလုပ်ပြီး တိုင်းရင်းသားပြည်သူအချင်းချင်း စိတ်ဝမ်းကွဲအောင်၊ အစိုးရအပေါ်မှာ မုန်းတီးမှုများလာအောင်ပြုလုပ်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။

ယခုတလောမှာ တိုင်းရင်းသားလူမျိုးအချင်းချင်း၊ ဘာသာတရားအချင်းချင်း စိတ်ဝမ်းကွဲအောင် ပြုလုပ်လာကြတာကို တွေ့ရပါတယ်။ ချင်းပြည်နယ် ထန်တလန်မြို့မှာ စက်တင်ဘာ ၁၈ ရက်နေ့က တိုက်ပွဲဖြစ်ပြီး ခရစ်ယာန်အသင်းတော်က သင်းအုပ်ဆရာ ပါစတာကျုံးဗျက်ဟုမ်းနဲ့ပတ်သက်ပြီး တပ်မတော်ကပစ်တဲ့ကျည် ထိမှန်သေဆုံးသွားတယ်လို့ သတင်းတွေထုတ်လွှင့်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒီသတင်းက လွန်ခဲ့တဲ့လက မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမရွာမှာ လုံခြုံရေးတပ်ဖွဲ့က မီးရှို့တယ်ဆိုပြီး မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်ခဲ့တဲ့၊ မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်နေကျဖြစ်တဲ့ ပြည်ဖျက်ဝရမ်းပြေး ခေတ်သစ်မီဒီယာက ပထမဆုံး စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

ကင်းမရွာဖြစ်စဉ်တုန်းကလည်း အဖြစ်မှန်ကို လိုလားတဲ့ပြည်သူတွေက ကင်းမရွာကို PDF တွေ မီးရှို့တာ၊ လုံခြုံရေးတပ်ဖွဲ့တွေ ရွာကသက်ကြီးရွယ်အိုတွေကို ကယ်ဆယ်တာစတဲ့ အထောက်အထားတွေနဲ့ တုံ့ပြန်ခဲ့ကြပါတယ်။ ယခုလည်း ထန်တလန်မြို့မှာ ခရစ်ယာန်သင်းအုပ်ဆရာကို တပ်မတော်က ပစ်ခတ်တယ်ဆိုပြီး သတင်းထုတ်လွှင့်ပြီးတဲ့နောက် ပြည်ပအခြေစိုက် မြန်မာမီဒီယာတွေက မဟုတ်မမှန်သတင်း ထုတ်လွှင့်ခဲ့ကြတာ ယနေ့ထက်တိုင်ဖြစ်ပါတယ်။

## ကျည်ထိမှန်သေဆုံး

ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်နဲ့သက်ဆိုင်တဲ့ကိစ္စကို နိုင်ငံတကာ အထင်အမြင်လွဲမှားအောင်၊ လူမျိုးရေး စိတ်ဝမ်းကွဲပြားအောင်၊ ဘာသာရေးအရ ဖိနှိပ်ရက်စက်သလိုဖြစ်အောင် မဟုတ်မမှန်လုပ်ကြံ ပုံကြီးချဲ့ ပုံဖျက်ပြီး သွေးထိုးလှုံ့ဆော်နေတာကို တွေ့ရပါတယ်။ ဖြစ်စဉ်အမှန်ကို အများပြည်သူသိရှိအောင် နိုင်ငံတော်က တရားဝင်သတင်းထုတ်ပြန်ပေးခဲ့ပြီး မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ကြသူတွေကလည်း မှန်တဲ့အတိုင်း ထုတ်ဖော်ပြောကြားလာကြပါတယ်။

ဖြစ်စဉ်အမှန်က စက်တင်ဘာ ၁၈ ရက်နေ့ ညနေ ၄ နာရီနဲ့ ၄ နာရီခွဲအချိန်လောက်မှာ နယ်မြေလုံခြုံရေးကို တာဝန်ယူနေတဲ့ လုံခြုံရေးတပ်ဖွဲ့တွေက ထန်တလန်မြို့မှာ လှည့်ကင်းဆောင်ရွက်ခဲ့ပါတယ်။ လုံခြုံရေးဆောင်ရွက်ရင်း ထန်တလန်မြို့ အမှတ် (၁) ရပ်ကွက်ကို ရောက်ရှိတဲ့အချိန်မှာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အင်အား ၁၀၀ ခန့်က မြို့ထဲ၊ ရပ်ကွက်ထဲက နေအိမ်တွေထဲကနေပြီး စောင့်ကြိုတိုက်ခိုက်ကြတာတွေ ပြုလုပ်ခဲ့ပါတယ်။ အပြန်အလှန် တိုက်ခိုက်မှုတွေ ဖြစ်ခဲ့ပါတယ်။ တိုက်ပွဲတွေဖြစ်ပွားနေစဉ်မှာ နေအိမ်တွေ မီးလောင်တာတွေ တွေ့ရပါတယ်။ နေအိမ်အလုံး ၂၀ လောက်နဲ့ ဆောက်လုပ်ရေးဦးစီးဌာနပိုင် လမ်းဦးစီးရိပ်သာ သုံးထပ်အဆောက်အအုံ မီးလောင်ကျွမ်းမှု ဖြစ်ခဲ့ပါတယ်။ မီးလောင်မှုဖြစ်တဲ့နေရာကို ထန်တလန်မြို့ အမှတ်(၂) ရပ်ကွက်မှာနေထိုင်တဲ့ ထန်တလန်ရာပြည့် နှစ်ခြင်းအသင်းတော်က သင်းအုပ်ဆရာ ပါစတာကျုံးဗျက်ဟုမ်းက သူ့အိမ်ကနေ ဆိုင်ကယ်နဲ့ထွက်ခွာလာပြီး အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်း ထားထားဆေးဆိုင်အနီး ရောက်ရှိစဉ် ကျည်ထိမှန်သေဆုံးခဲ့ခြင်းဖြစ်ပါတယ်။

## မဟုတ်မမှန်သတင်းဖြန့်

စတင်တိုက်ပွဲဖြစ်တဲ့အချိန်က ညနေ ၄ နာရီကနေ ၄ နာရီ ၂၅ မိနစ်အထိ ဖြစ်ပါတယ်။ သင်းအုပ်ဆရာ ကျည်ထိမှန်သေဆုံးခဲ့တဲ့အချိန်က ညနေ ၆ နာရီဖြစ်ပါတယ်။ သေဆုံးခဲ့တဲ့ သင်းအုပ်ဆရာကို နောက်တစ်နေ့ ၁၂ နာရီမှာ အမှတ်(၂)ရပ်ကွက် ထန်တလန်သင်္ချိုင်းမှာ ခရစ်ယာန်ဘာသာရေးဆရာများ ဦးစီးပြီး ဂူသွင်းသင်္ဂြိုဟ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ မဟုတ်မမှန်သတင်းတွေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်နဲ့ ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်တို့က သတ်ဖြတ်ခံရတာတွေ၊ ဘာသာရေးအဆောက်အအုံကို ဖျက်ဆီးတာတွေကို စွပ်စွဲပြစ်တင် သတင်းထုတ်ပြန်တာ တွေ့ရပါတယ်။ ချင်းပြည်နယ် အချို့ဒေသတွေမှာ ဖြစ်ခဲ့တဲ့ကိစ္စတွေသာမက မြန်မာနိုင်ငံအတွင်း မငြိမ်မသက်ဖြစ်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ တပ်မတော်အပေါ် အထင်အမြင်လွဲမှားအောင် CRPH နဲ့ NUG အကြမ်းဖက်အဖွဲ့တွေနဲ့ ပြည်တွင်းက အကြမ်းဖက်အဖျက်သမားတွေ လက်ချက်ကြောင့်အပြင် ပြည်တွင်းက ဝရမ်းပြေး ခေတ်သစ်မီဒီယာနဲ့ ပြည်ပအခြေစိုက် မြန်မာမီဒီယာကြီးတွေရဲ့ သွေးထိုးမြှောက်ပင့် ပုံဖျက်ပေးမှုတွေကြောင့် မဟုတ်မမှန်သတင်းတွေ ပျံ့နှံ့လာပါတယ်။

ထန်တလန်မှာ ခရစ်ယာန်သင်းအုပ်ဆရာ သေဆုံးခဲ့တဲ့ ကိစ္စနဲ့ပတ်သက်လို့ ချင်းခရစ်ယာန်ဘာသာဝင်တစ်ယောက်က လူမှုကွန်ရက်ပေါ်မှာ အဖြစ်မှန်တွေကို ထုတ်ဖော်ပြောကြားထားတာ တွေ့ရပါတယ်။ **"ထန်တလန် ပစ်ခတ်မှုမှာ စစ်တပ်ကနေ ပစ်သတ်လို့ သင်းအုပ်ဆရာတော် Postor Chung Biak Hmun သေဆုံးခဲ့ပြီး သူ့ရဲ့နာရီ၊ ဖုန်းနဲ့ မင်္ဂလာရွှေလက်စွပ်ကို လက်ချောင်းဖြတ်ပြီး လုယူခဲ့တယ်ဆိုပြီး Khit Thit Media တွေနဲ့ တခြားမီဒီယာတွေက ရေးနေကြလို့ အဖြစ်မှန်ကိုသိခဲ့ရတဲ့ ပြည်သူတစ်ယောက်အနေနဲ့ အဖြစ်မှန်နဲ့ လွဲနေတာလေးကို ပြောချင်ပါတယ်။ တကယ်တော့ကျွန်တော်တို့ရဲ့ သင်းအုပ်ဆရာတော် Postor Chung Biak Hmun ဟာ စစ်တပ်ကပစ်သတ်လို့ သေတာမဟုတ်ပါဘူး။ အဲဒီနေ့က CDF အဖွဲ့တွေက အိမ်တွေကို မီးရှို့နေလို့ ဆရာက သူ့ဆိုင်ကယ်နဲ့ တစ်ယောက်တည်း သွားကြည့်တာပါ။ အဲဒါ ရပ်ကွက်(၂) ဗိုလ်ချုပ်လမ်းက ထားထားဆေးဆိုင်နားအရောက် မှာ CDF တွေက ဒလန်ဆိုပြီး ပစ်သတ်လို့ သေသွားခဲ့ရတာပါ။ ပြီးတော့ လက်ချောင်းတွေဖြတ်ပြီး နာရီ၊ လက်စွပ်တွေ ယူသွားခဲ့တာလည်း CDF တွေပါပဲ။**

## အမှန်တရားကိုထုတ်ဖော်

**အဲဒီလို ဖြစ်ပျက်နေတဲ့အချိန် အဲဒီအနားမှာ စစ်သားတွေ တစ်ယောက်မှ ရှိမနေကြပါဘူး။ CDF တွေချည်းပဲ ရှိနေခဲ့တာပါ။ စစ်သားတွေက တော်တော်ဝေးတဲ့နေရာမှာပဲ ရှိနေခဲ့တာပါ။ ဒါတွေကို ကျွန်တော်တို့ ဒေသခံတွေအားလုံး သိပါတယ်။ ဒလန်လို့စွပ်စွဲပြီးအသတ်ခံရမှာ စိုးတာရယ်၊ မိသားစုပါ ရန်ရှာခံရမှာ စိုးရိမ်တာကြောင့် ဘယ်သူကမှ အဖြစ်မှန်ကို မပြောရဲကြပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ခရစ်ယာန်ဘာသာဝင်တွေအနေနဲ့ ကျွန်တော်တို့ရဲ့ သင်းအုပ်ဆရာတော်ကို သတ်သွားတဲ့ တရားခံအမှန်ဟာဘယ်သူတွေလဲဆိုတာ သိသင့်မယ်ထင်လို့နဲ့ အဖြစ်မှန်ကို ဖုံးကွယ်လိမ်ညာပြောဆိုခြင်းဟာ ဘုရားသခင်ကလည်း မကြိုက်တာမို့လို့ ကျွန်တော့်အနေနဲ့ အခုလိုဖွင့်ပြောရခြင်းပဲ ဖြစ်ပါတယ်"**လို့ ထုတ်ဖော်ပြောကြားလာ တာကို ဓမ္မဓိဋ္ဌာန်ကျကျ သေချာဆန်းစစ်လေ့လာ ကြည့်ရင် မည်သူက အမှန်/ မည်သူကအမှားဆိုတာကို သိရှိနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အကြမ်းဖက်လုပ်ရပ်တွေကို ကမ်းကုန်အောင် လုပ်ပြနေကြတာတွေကို မည်သူ့ဘက်မှမလိုက်ဘဲ အဖြစ်မှန်ကို သေသေချာချာ လေ့လာဆန်းစစ်ကြည့်ရင် သိမြင်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဖက်ဖက်ကိုလိုက်ပြီးတော့ ဘက်လိုက်ပြောဆိုရင်တော့ အမှန်တရားနဲ့ဝေးနေဦးမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ အကြမ်းဖက်သမားတွေ သတ်ဖြတ်လို့သေဆုံးရတဲ့ အပြစ်မဲ့ပြည်သူတွေ မနည်းတော့ပါဘူး။ အကြမ်းဖက်သမားတွေ တိုက်ခိုက်၊ သတ်ဖြတ်၊ လုယက်၊ ဖျက်ဆီးမှုတွေကိုလည်းနေ့စဉ်လိုလိုမြင်တွေ့ကြားသိနေရပါတယ်။ တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေဟာ ပြည်သူတွေကို အန္တရာယ်ပေးနေတဲ့ အကြမ်းဖက်သမားတွေကို ရှင်းလင်းနှိမ်နင်းနေပြီး ကောင်းမွန်စွာနေထိုင်ကြတဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ပေးနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါဟာစာရေးသူအနေနဲ့ ဘက်လိုက်ပြောကြားနေခြင်းမဟုတ်ဘဲ လက်တွေ့အခြေအနေတွေကို အဖြစ်မှန်အတိုင်း တင်ပြရခြင်းဖြစ်ပါတယ်။ သတိတရားနဲ့ အမှန်တရားကို ဝိုင်းဝန်းဖော်ထုတ်ကြမယ်ဆိုရင် အမှန်တရားကိုပုံဖျက်ပြီး ကမ်းကုန်အောင်ရက်စက်ကြတဲ့ အဖျက်သမားနဲ့ အပေါင်းပါတွေ အမြန်ချုပ်ငြိမ်းပြီး ကျွန်တော်တို့ရဲ့ လူမှုဘဝနဲ့ရပ်ရွာတွေ အေးချမ်းသာယာလာမှာဖြစ်ပါတယ်။ ။

◆ကျောဖုံးမှ


ဆက်သွယ်၍ မင်းကင်းမြို့နယ် ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့နှင့် အကြမ်းဖက် NUG ၏ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ဖြစ်မြောက်ရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် တရားမဝင်ဖွဲ့စည်းထားသည့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြု ကော်မတီ (CRSH)အဖွဲ့ဝင် တရားခံပြေး သန့်ဝေကျော် (ကလေးမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဟောင်း)၏ ခိုင်းစေချက်အရ အကြမ်းဖက် PDF အဖွဲ့များနှင့် ဆက်သွယ်၍ အကြမ်းဖက် လုပ်ငန်းများ လုပ်ဆောင်ရန် မင်းကင်းမြို့နယ် ကိုယ်စားလှယ် အဖြစ် လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

**အကြမ်းဖက်စာရင်း ကောက်ယူ**

၎င်းအပြင် တရားခံကျော်မင်းထွဋ်သည် တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG အဖွဲ့ဝင် တရားခံပြေး ရည်မွန်နှင့် ချိတ်ဆက်ကာ Zoom Meeting များတက်ရောက်ခြင်း၊ မင်းကင်းမြို့နယ်အတွင်း လက်လုပ်သေနတ်စက်ရုံ ဆောက်လုပ်ရေးအတွက် အစီအစဉ်များချမှတ်ကာ ငွေကြေးတောင်းခံခြင်း၊ မင်းကင်းမြို့နယ်အကြမ်းဖက် PDF အဖွဲ့ဝင်များ၏ စာရင်းများကောက်ယူကာ တရားခံပြေး ရည်မွန်ထံ ပေးပို့ခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

## စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များနှင့် ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူ NLD ပါတီဝင် ကျော်မင်းထွဋ်၏ ချိတ်ဆက်ဆောင်ရွက်မှုပြ Diagram




ထို့အပြင် တရားခံပြေး ညွှန့်အောင် (NLD ပါတီဝင်၊ မုံရွာမြို့နယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက် အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့ဝင် ဝင်းမြတ်အေး၊ အမေရိကန်နိုင်ငံနေ Moe Cho Thinn၊ စင်ကာပူရောက်မြန်မာများ စုပေါင်းဖွဲ့စည်းထားသည့် Spring Revolution Support တို့နှင့် ဆက်သွယ်၍ တရားမဝင် ငွေကြေးကောက်ခံမှုများ လုပ်ဆောင်ခဲ့ပြီး မင်းကင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများကို ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်းများ လုပ်ဆောင်နေသည့် မုဿာကျေးရွာ၊ တုံကျေးရွာနှင့် သံပေါက်ကျေးရွာများရှိ PDF အဖွဲ့များနှင့် နယ်စည်းမခြား မိုးကြိုးမုန်တိုင်းအဖွဲ့ထံသို့ ဖြန့်ခွဲပေးပို့ခဲ့ကြောင်း သိရှိရသည်။

**ဆူပူအုံကြွစေရန် လှုံ့ဆော်**

တရားခံ ကျော်မင်းအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် မင်းကင်းမြို့နယ်အတွင်း ဆန္ဒပြပွဲများ၌ ပါဝင်ခဲ့ကာ ဓာတ်ပုံများ ရိုက်ယူခဲ့ပြီး အင်တာနက် လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေခြင်း၊ ပြည်သူလူထုအတွင်း ဆူပူအုံကြွစွာ ဆန္ဒပြမှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ တရားမဝင် ငွေကြေးကောက်ခံ၍ မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာ PDF ခေါင်းဆောင် ဝင်းမင်းစိုးထံသို့ ပေးပို့ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**


ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၅ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်၊ နမ့်ဖာဟော် တံတားမှ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ခုနစ်ဦးကို လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ- ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ အမျိုးသား ၂၄၂ ဦး၊ အမျိုးသမီး ၁၈၂ ဦး စုစုပေါင်း ၄၃၄ ဦးတို့ကိုလည်းကောင်း အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ အရင်အပတ်က မပြီးပြတ်သေးတဲ့ Case of Nouns (ဝါကျတွင်နာမ်များကို အသုံးပြုပုံ) များကိုအဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ဆက်လက်ဖော်ပြပေးလိုက်ရုံသာမက ပိုမိုကျွမ်းကျင်သဘောပေါက်စေရန် လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk about opinion -1" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း အသုံးများတဲ့ အဓိပ္ပာယ်ဆင်တူဝေါဟာရများကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ကိုဗစ်-၁၉ ကာလမှာ ဘေးဘယာတွေ ဝေးကွာကြပါစေ။


## GRAMMAR

### Basic to Intermediate

*(ယခင်အပတ်မှအဆက်)*

**(၄) Possessive Case (ပိုင်ဆိုင်မှုကိစ္စကိုဆောင်ရွက်ခြင်း)**

- "s" နဲ့မဆုံးတဲ့ အနည်းကိန်းနဲ့ အများကိန်းနာမ်ကို ပိုင်ဆိုင်မှုကိစ္စ ဆောင်ရွက်စေလိုပါက " 's " ပေါင်းပါ။ ဥပမာ။
- People's desire
- The children's books
- Men's coats
- My friend's house
- Boy's shirt
- Child's socks
- "s" နဲ့ဆုံးတဲ့ အများကိန်းနာမ်ကို ပိုင်ဆိုင်မှုကိစ္စဆောင်ရွက်စေလိုပါက " s' " သာထည့်ရမည်။ ဥပမာ။
- The birds' nest
- The girls' clothes
- ပိုင်ဆိုင်သူသည် လူသို့မဟုတ် တိရစ္ဆာန်ဖြစ်လျှင် ပိုင်ဆိုင်သူ၏ နောက်တွင် " 's " ထည့်ရမည်။ ဥပမာ။
- Daw Khin's necklace
- Phyu Phyu Kyaw Thein's songs
- My cat's name
- ပိုင်ဆိုင်သူသည် သက်မဲ့ပစ္စည်းဖြစ်လျှင် " of " ကိုသုံးသည်။ ဥပမာ။
- The history of Myanmar
- The colour of bag
- ခြွင်းချက်အနေနဲ့ သက်မဲ့အရာကို လူပုဂ္ဂိုလ်ကဲ့သို့ တင်စားပြောဆိုသည့်အခါ " 's " ကိုသုံးနိုင်သည်။ ဥပမာ။




- Nature's Law
- Freedom's battle
- အရေအတွက်နှစ်ခု သို့မဟုတ်နှစ်ခုထက်ပိုတဲ့ နာမ်များ၏ ပူးတွဲပိုင်ဆိုင်မှုကို ဖော်ပြလျှင် နောက်ဆုံးနာမ်နောက်မှာ " 's " ထည့်ပေးပါ။ ဥပမာ။
- Ko Ko and Mg Mg's shirts are blue.
- Chit Su is U Zaw Zaw and Daw Hla's daughter.
- John and Mary's bicycle
- အချိန်ပြအသုံးအနှုန်းများတွင်လည်း ပိုင်ဆိုင်မှု " ' "ကို သုံးသည်။ ဥပမာ။
- A day's leave
- An hour's thought
- A two-hours' journey
- အောက်ဖော်ပြပါစကားစုများတွင်လည်း ပိုင်ဆိုင်မှု " ' " ကို သုံးသည်။ ဥပမာ။
- A stone's throw
- A hair's breadth
- In my mind's eye
- To my heart's content
- For mercy's sake
- Two hundred Kyats' worth of ice lolly

**Exercise (1) Rewrite the following sentences in the plural form.**

(1) A father enjoys his child's talk.
(2) A man's duty is to earn a living for his family.
(3) A student should not leave the room without the teacher's permission.
(4) My neighbour's dog barks at a stranger.
(5) Her daughter's conduct shocks her.
(6) The boy's bicycle is broken.
(7) My cousin's books are expensive.
(8) The man's car is at the repair shop.
(9) The woman's hairdresser is here.
(10) The baby's pacifier is lost.

**Exercise (2) Correct the following sentences.**

(1) I borrow the correction pen of my friend.
(2) The right leg of the soccer player was injured.
(3) Have you read the life-story of General Aung San?
(4) Have you seen the latest film of Nay Toe?
(5) We study Aspect of Myanmar at university.

*(ဆက်လက်ဖော်ပြပါမည်)*

## VOCABULARY (SYNONYMS)

| | | | | |
|---|---|---|---|---|
| 1. | calm | = | quiet | (ငြိမ်သက်တိတ်ဆိတ်သော) |
| 2. | catch | = | capture | (ဖမ်းဆီးရမိသည်) |
| 3. | cause | = | reason | (အကျိုးအကြောင်း) |
| 4. | cautious | = | careful | (သတိရှိသော၊ ဂရုစိုက်သော) |
| 5. | cease | = | stop | (ရပ်ဆိုင်းသည်၊ ရပ်စဲသည်) |
| 6. | celebrated | = | famous | (ထင်ရှားကျော်ကြားသော) |
| 7. | centre | = | middle | (အလယ်ဗဟို) |

## CONVERSATION



### Shortest way to talk about opinion – 1

တစ်စုံတစ်ခုနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့အမြင်ကို ပေးမယ်၊ ပြောမယ်ဆိုရင် ဘယ်လို ပေးရမလဲ၊ ဘယ်လိုပြောရ မလဲဆိုတဲ့ အသုံးအနှုန်းတွေကို ဒီတစ်ပတ်မှာ တင်ပြပေးသွားမှာဖြစ်ပါတယ်။




*I think (that) …*
*Personally I think …*
*I feel that …*
*My feeling is that …*
*It seems to me that …*
*In my opinion …*

၁။ ကိုယ့်ရဲ့ကိုယ်ပိုင်အမြင်ကို ဖော်ပြပြောဆိုချင်တဲ့ အခါမှာ **I think (that) …** ဆိုတဲ့ စကားစုကို သုံးနိုင်ပါတယ်။ ဆိုလိုတာကတော့ "… ကျွန်တော်ထင်တာကတော့" ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဥပမာ။

- **I think that** the new school Principal is doing an excellent job.
- **I think that** is the most desirable part of the city to live.
- **I think** it does students a lot of good to take a gap year between school and university.

**ဘာသာစကားရှုထောင့်**

တစ်ခါတစ်ရံမှာ **I think** ရဲ့ရှေ့မှာ **Personally** ဆိုတဲ့ စကားလုံးကို ထည့်ပြီးပြောနိုင်ပါတယ်။ ကိုယ့်ရဲ့ ကိုယ်ပိုင်အမြင်ကို လေးလေးနက်နက် ဖော်ပြချင်တဲ့ အခါမှာ ဒီလိုမျိုးလေးထည့်ပြီး သုံးနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ "ကျွန်တော့်ရဲ့ ကိုယ်ပိုင်အမြင်ကတော့" ဆိုပြီး ဖြစ်ပါတယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာတော့ ဒါက ဖန်တရာတေနေတဲ့ လက်သုံး စကားလဲဖြစ်ပါတယ်။ ဥပမာ။

- Quite a few people seem to think that George may be innocent. **Personally I think** he is guilty.
- **Personally I think** that these floods are the result of global warming.

၂။ နောက်တစ်ခါ ကိုယ့်ရဲ့ ထင်မြင်ချက်ကို ဖော်ပြပြောဆိုချင်တဲ့အခါ **I feel that** ဆိုတဲ့ စကားစုကို သုံးပါတယ်။ ဒီ **I feel that** ဆိုတဲ့စကားစုဟာ **I think that** ဆိုတဲ့စကားစုနဲ့ အဓိပ္ပာယ်အတူတူပဲ ဖြစ်ပါတယ်။ ဥပမာ။

- **I feel that** young people are giving too much freedom these days.
- **I feel that** it's time I had a change of career.
- **I feel that** it's time we looked for a larger flat.

**ဘာသာစကားရှုထောင့်**

ကိုယ့်ရဲ့ ထင်မြင်ချက်ကို ဖော်ပြပြောဆိုတဲ့အခါမှာ **my feeling is that …** ကိုလည်း သုံးနိုင်ပါတယ်။ ဥပမာ။

- **My feeling is that** the children need more sleep.

၃။ ကိုယ့်ရဲ့အမြင်ကို ဖော်ပြပြောဆိုတဲ့နေရာမှာ သုံးနိုင်သေးတဲ့ နောက်ပုံစံတစ်မျိုးကတော့ **it seems to me that …** ပဲဖြစ်ပါတယ်။ "ကျွန်တော်ထင်တာကတော့…" ဆိုတဲ့သဘောပဲ ဖြစ်ပါတယ်။ ဥပမာ။

- **It seems to me that** food in this restaurant has deteriorated.
- **It seems to me that** Amy has changed a lot since I last met her.
- **It seems to me that** Tom should never have married Amy.

၄။ တစ်ခုခုနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့ ထင်မြင်ယူဆချက်ကို ဖော်ပြပြောဆိုတဲ့နေရာမှာ အသုံးများတဲ့ နောက်ပုံစံတစ်မျိုးကတော့ **in my opinion …** ဆိုတာပဲဖြစ်ပါတယ်။ အဲဒါက **I think …** ဆိုတဲ့ အသုံးထက် ပိုပြီး ခမ်းနားပါတယ်။ ဥပမာ။

- **In my opinion** he was one of the most talented actors of his generation.
- **In my opinion** the changes to the town have been for the better.
- **In my opinion** very young children should be looked after by their parents rather than by maids.

### Traffic Congestion

**Mr Brown:** ***I think*** the council should do something about the appalling traffic situation in this town.

**Mr Grant:** I agree. In fact, ***in my opinion*** they have to do something drastic right away.

**Mr Hill:** ***Personally I think*** they should ban cars from the city centre. The congestion there keeps getting worse and worse.

**Mr Grant:** ***It seems to me that*** that would be an excellent idea, but ***I feel that*** the council will never do that.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ပြင်သစ်နိုင်ငံက ကိုဗစ် -၁၉ ကာကွယ်ဆေးများကို ဆင်းရဲသည့်နိုင်ငံများသို့ နှစ်ဆပေးပို့သွားမည်



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

**ပါရီ စက်တင်ဘာ ၂၆**

ပြင်သစ်နိုင်ငံသည် ဆင်းရဲသည့်နိုင်ငံများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးပေးပို့မည့်ပမာဏကို နှစ်ဆတိုးသွားမည်ဟု ပြောကြားခဲ့သည်။

ဆင်းရဲသည့်နိုင်ငံများသို့ ကိုဗစ် -၁၉ ကာကွယ်ဆေးသန်း ၁၂၀ ပေးပို့သွားမည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။ အခြားသော တိုက်ကြီးများတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးရရှိမှု မညီမျှမှုကြောင့် ကာကွယ်ဆေးထိုးပေးရာတွင် နောက်ကျနေကြောင်း၊ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထိုးပေးနိုင်ရေးအတွက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် ကာကွယ်ဆေးပေးပို့မည့် ပမာဏကို နှစ်ဆတိုးမည်ဟုလည်း ၎င်းက ကတိပြုပြောကြားခဲ့သည်။ ကာကွယ်ဆေးအလုံးရေ သန်း ၆၀ မှ သန်း ၁၂၀ အထိ ပေးသွားမည်ဟုလည်း ပြောသည်။ စက်တင်ဘာ ၂၂ ရက်ကလည်း အမေရိကန်ပြည်ထောင်စုသည် ကာကွယ်ဆေးလှူဒါန်းမည့် ပမာဏကို နှစ်ဆတိုးသွားမည်ဟု ကြေညာခဲ့သည်။

ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၁ ဘီလီယံ လှူဒါန်းသွားမည်ဟု ပြောကြားခဲ့သည်။ ဥရောပသမဂ္ဂသည်လည်း ကာကွယ်ဆေးအလုံးရေ သန်း ၅၀၀ ကို ဖြန့်ဝေသွားမည်ဟု ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတမက်ခရွန်က ပြင်သစ်နိုင်ငံသည် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နှင့်အတူ လက်တွဲလုပ်ဆောင်လျက်ရှိပြီး အာဖရိကနိုင်ငံများတွင် ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် အကူအညီပေးလျက်ရှိကြောင်းကိုလည်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

## ပင်လယ်ကွေ့နိုင်ငံများမှ ဝန်ကြီးများနှင့် အမေရိကန်တွင် တွေ့ဆုံရန်ရှိသည်ဟု အစ္စရေးဝန်ကြီးချုပ်ပြော

**ဂျေရုဆလင် စက်တင်ဘာ ၂၆**

ပင်လယ်ကွေ့နိုင်ငံများမှ ဝန်ကြီးများနှင့် အမေရိကန်နိုင်ငံတွင် ပထမဆုံးအကြိမ် တွေ့ဆုံသွားရန်ရှိသည်ဟု အစ္စရေးဝန်ကြီးချုပ် နဖ်တလီဘန်းနက်က စက်တင်ဘာ ၂၅ ရက်၌ ပြောကြားခဲ့သည်။



အစ္စရေးဝန်ကြီးချုပ် နဖ်တလီ ဘန်းနက်။

အစ္စရေး ဝန်ကြီးချုပ်ဘန်းနက်သည် စက်တင်ဘာ ၂၅ ရက်က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားရန် အမေရိကန် ပြည်ထောင်စုသို့ ထွက်ခွာခဲ့သည်ဟု ၎င်း၏ ရုံးမှ ထုတ်ပြန်ကြေညာသည်။

စက်တင်ဘာ ၂၆ ရက်တွင် ဘာရိန်းနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာတစ်ဖ် ဘင်ရက်ရှ် ဟစ် အယ်ဇာယာနီ၊ ယူအေအီးဝန်ကြီး ခါလစ်ဖာရှာဟင် အယ်မာရာတို့နှင့် တွေ့ဆုံသွားမည်ဟုလည်း ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်နှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။

အာရပ်နိုင်ငံများနှင့် ဆက်ဆံရေးထူထောင်သွားရန် အစ္စရေးနိုင်ငံက ကြိုးပမ်းလျက်ရှိပြီး ယင်းကြားထဲတွင် ယခုလိုတွေ့ဆုံမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဘာရိန်းနိုင်ငံနှင့် ယူအေအီးနိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ်အတွင်း အစ္စရေးနိုင်ငံနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်ခဲ့သည်။ **ဆင်ဟွာ**

## တူရကီနိုင်ငံမှာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနိုင်မှုတွင် ကမ္ဘာ့အဆင့် ၇ ရှိ

**အစ္စတန်ဘူလ် စက်တင်ဘာ ၂၆**

တူရကီနိုင်ငံသည် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရာ၌ ကမ္ဘာ့အဆင့် ၇ တွင်ရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရန်တန်ကိုကာက စက်တင်ဘာ ၂၅ ရက်တွင် ပြောသည်။

တူရကီနိုင်ငံသည် ယခုအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၁၀၇ ဒသမ ၃၈ သန်းထိုးပေးပြီးဖြစ်ပြီး ဇန်နဝါရီလမှစတင်ကာ ကာကွယ်ဆေးထိုးပေးခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံထုတ် ဆီနိုဗက်ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုပေးခဲ့ပြီးနောက် ကာကွယ်ဆေးထိုးနှံမှုကို စတင်ခဲ့ခြင်းဖြစ်သည်။



တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

တူရကီနိုင်ငံသည် နောက်ပိုင်းတွင် ဖိုက်ဇာကာကွယ်ဆေးကိုပါ ခွင့်ပြုပေးခဲ့သည်။

ကာကွယ်ဆေးထိုးပေးမှုတွင် တူရကီနိုင်ငံ၏ အထက်၌ရှိသော နိုင်ငံပေါင်း ခြောက်နိုင်ငံမှာ လူဦးရေများပြားသည့် နိုင်ငံများဖြစ်ပြီး အချို့မှာ အမေရိကန်နှင့် တရုတ်နိုင်ငံကဲ့သို့ ကာကွယ်ဆေးထုတ်လုပ်သည့်နိုင်ငံများဖြစ်သည်ဟု တူရကီကျန်းမာရေးဝန်ကြီးက ပြောသည်။

စက်တင်ဘာ ၂၅ ရက်တွင် ကျန်းမာရေး ဝန်ကြီးဌာန၏ အချက်အလက်များအရ တူရကီပြည်သူ ၈၃ သန်း ရာခိုင်နှုန်းအားဖြင့် ၅၂ ရာခိုင်နှုန်းကို နှစ်ကြိမ် ကာကွယ်ဆေးအပြည့်ထိုးပေးပြီး ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကူဝိတ်နိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးပေးရန်ထောက်ခံချက်ပေး

**ကူဝိတ်စီးတီး စက်တင်ဘာ ၂၆**

ကူဝိတ်နိုင်ငံသည် ကိုဗစ် -၁၉ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန်ထောက်ခံချက်ပေးခဲ့ပြီးနောက် နိုင်ငံအတွင်း ကာကွယ်ဆေးထိုးမှုများကို စတင်တော့မည်ဟု ကူဝိတ်ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။ သင့်လျော်သည့်လေ့လာမှုများအပေါ် အခြေခံပြီး ကိုဗစ် -၁၉ ဗီဇပြောင်း၏ ကူးစက်မှုအန္တရာယ်ကြောင့် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အဗ္ဗဒူလာ အယ်ဆာနက်ဒ်ကပြောသည်။

လက်ရှိတွင် တတိယအကြိမ် ကာကွယ်ဆေးကို အုပ်စုသုံးစုအား ထိုးပေးမည်ဖြစ်ပြီး အသက် ၆၀ နှစ်နှင့်အထက် ရောဂါအခံ ရှိသူများ၊ ကူးစက်မှုအန္တရာယ်များသူများနှင့် အဓိကလုပ်သားများကို ဦးစွာထိုးပေးမည်ဖြစ်သည်။

နိုင်ငံသားများနှင့်နေထိုင်သူများသည် ယခုသီတင်းပတ်အတွင်း ချိန်းဆိုမှုရရှိမည်ဖြစ်သည်။ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီး ခြောက်လရှိသူများကို တတိယအကြိမ်ထိုးပေးမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ကူဝိတ်နိုင်ငံတွင် စက်တင်ဘာ ၂၅ ရက်က နောက်ထပ် ကူးစက်ခံရသူ ၄၁ ဦးတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ ၄၁၁၄၄၇ ဦး ရှိလာသည်။ ပြန်လည်ကျန်းမာလာသူအရေအတွက်မှာလည်း ၅၅ ဦး တိုးလာသည့်အတွက် ၄၀၈၃၃၈ ဦး ရှိလာခဲ့သည်။ **ဆင်ဟွာ**

## စင်ကာပူနိုင်ငံ၌ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၄၄၃ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ စက်တင်ဘာ ၂၆**

စင်ကာပူနိုင်ငံတွင် စက်တင်ဘာ ၂၆ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၄၄၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၈၅၉၅၃ ဦး ရှိလာသည်ဟု သိရသည်။

နောက်ထပ် ကူးစက်ခံရသူများအနက် ၁၀၅၃ ဦးမှာ ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမား ၃၇၁ ဦးနှင့် ပြည်ပမှကူးစက်ခံလာရသူ ၁၉ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကိုဗစ်- ၁၉ လူနာ ၁၁၄၂ ဦးမှာ လက်ရှိတွင် ဆေးရုံတက်ကာ ကုသမှုခံယူနေပြီး ၁၆၅ ဦးမှာ ရောဂါလက္ခဏာပြင်းထန်ပြီး အောက်ဆီဂျင်ပေးထားရသည်။


စိုးရိမ်ရသောအခြေအနေရှိသည့် လူနာ ၂၇ ဦးရှိသည်ဟု သိရသည်။ စက်တင်ဘာ ၂၄ ရက်အထိ ၈၂ ရာခိုင်နှုန်းကို ကာကွယ်ဆေးအပြည့်ထိုးပေးပြီး အနည်းဆုံးတစ်ကြိမ်ထိုးပြီးသူ ၈၄ ရာခိုင်နှုန်းရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

# ၂၀၂၂ မှာ ကမ္ဘာ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးမယ့် အမေရိကန်ရဲ့ အိပ်မက်နဲ့အတူ အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်ရှီး ထုတ်လုပ်မှု

လင်းဟန်သစ်

**အမေရိကန်၊ အိန္ဒိယ၊ ဂျပန်နဲ့ ဩစတြေးလျနိုင်ငံတွေပါဝင်တဲ့ လေးပွင့်ဆိုင်လုံခြုံရေးမိတ်ဖက်နိုင်ငံ (QUAD) အနေနဲ့ ၂၀၂၂ ခုနှစ်ကုန်မှာ ကမ္ဘာ့အဆင့်ကာကွယ်ဆေးထောက်ပံ့မှုတွေ တိုးမြှင့်လုပ်ဆောင်နိုင်ဖို့အတွက် အိန္ဒိယမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ အနည်းဆုံး တစ်ဘီလီယံထုတ်လုပ်နိုင်ဖို့ လမ်းကြောင်းပေါ်ရောက်ရှိနေပြီဖြစ်ပါတယ်။**



အမေရိကန်၊ ဂျပန်၊ အိန္ဒိယနှင့် ဩစတြေးလျမိတ်ဖက်လေးနိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များကို တွေ့ရစဉ်။

### တစ်ဘီလီယံထုတ်လုပ်ဖို့ လမ်းကြောင်းပေါ် ရောက်ရှိနေ

ကမ္ဘာ့ကိုဗစ်-၁၉ တိုက်ဖျက်ရေး အွန်လိုင်းအစည်းအဝေးပွဲမှာ ပြောကြားတဲ့ မိန့်ခွန်းမှာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကိုယ့်နိုင်ငံအလျောက် ကာကွယ်ဆေး ထုတ်လုပ်နိုင်စွမ်းတွေ တိုးမြှင့်ဖို့၊ ထုတ်လုပ်တဲ့ နေရာမှာလည်း ဘေးအန္တရာယ်ကင်းကင်းနဲ့ ထုတ်လုပ်နိုင်ဖို့၊ အစွမ်းထက်ထိရောက်တဲ့ ကာကွယ်ဆေးတွေကို ထုတ်လုပ်နိုင်ဖို့ မိမိတို့ဟာ မိတ်ဖက်နိုင်ငံတွေ၊ ဆေးဝါးကုမ္ပဏီတွေ၊ တခြားထုတ်လုပ်သူတွေနဲ့ အတူတကွလုပ်ဆောင်လျက်ရှိတယ်လို့ ပြောပါတယ်။

ဥပမာအနေနဲ့ မိမိတို့ရဲ့ လေးပွင့်ဆိုင် မိတ်ဖက်နိုင်ငံတွေဟာ ၂၀၂၂ ကုန်မှာ ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေး ထောက်ပံ့မှုကို တိုးမြှင့်နိုင်ဖို့ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ဘီလီယံ ကူညီထုတ်လုပ်ဖို့ လမ်းကြောင်းပေါ် ရောက်ရှိနေပြီလို့ ကုလသမဂ္ဂအထွေထွေ ညီလာခံရဲ့ သီးသန့်ဆွေးနွေးပွဲမှာ ပြောကြားခဲ့ပါတယ်။

### ကမ္ဘာ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးဖို့ မျှော်မှန်း

နောက်ထပ် ကာကွယ်ဆေးတွေကို ဘယ်လိုထိုးမလဲဆိုတာက ကိုဗစ်-၁၉ အတွက် နောက်ဆုံးအဖြေဖြစ်လိမ့်မယ်လို့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောပါတယ်။ အမေရိကန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်နေသလို နေရာတိုင်းမှာလည်း မိမိတို့တိုက်ဖျက်ဖို့ လိုအပ်နေပြီလို့ ဘိုင်ဒင်က ပြောပါတယ်။

သူ့ရဲ့ ကတိကဝတ်တွေနဲ့ ပတ်သက်ပြီး ပြောကြားရာမှာတော့ အမေရိကန်မှာ အခုချိန်အထိ လူတိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးပြီ။ တခြား ကျန်ရှိနေတဲ့ ကမ္ဘာ့နေရာတွေကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးကြိမ်ထိုးနှံနိုင်ဖို့ မိမိတို့ ကတိပေးခဲ့တယ်လို့ ဘိုင်ဒင်က ပြောခဲ့ပါတယ်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ဟာ လာမယ့်နှစ်မှာ ကမ္ဘာ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ဖို့ မျှော်မှန်းချက်ကို ရင်ဝယ်ပိုက်ထားပါတယ်။

### ဂါဗီကို အမေရိကန်ဒေါ်လာ သန်း ၃၈၀ ထောက်ပံ့

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကမ္ဘာကြီးနဲ့ မျှဝေတဲ့နေရာမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်ဘီလီယံ အထိရောက်ဖို့ အမေရိကန်အနေနဲ့ ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို နှစ်ဆတိုးမြှင့်ဝယ်ယူမယ်လို့ ကြေညာခဲ့ပါတယ်။

ထို့အတူ အမေရိကန်ဟာ ဒေသတွင်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အကောင်းဆုံး ဖြန့်ဝေပေးနိုင်ဖို့ ဂါဗီလို့ခေါ်တဲ့ ကမ္ဘာ့ကာကွယ်ဆေးမဟာမိတ်အဖွဲ့ကို အမေရိကန်ဒေါ်လာ သန်း ၃၈၀ ထောက်ပံ့ပေးခဲ့ပါတယ်။

### နှောင်ကြိုးမပါတဲ့လှူဒါန်းမှုမျိုးဖြစ်

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ဟာ ကမ္ဘာ့အဆင့် ကာကွယ်ဆေးများကို ပိုမိုချဲ့ထွင်ထိုးပေးနိုင်ဖို့ ဥရောပ-အမေရိကန် မိတ်ဖက်အဖွဲ့ကို စတင်လိုက်ပါတယ်။

မိမိတို့တွေဟာ စည်းမျဉ်းနည်းနည်းကလေးပေါ်အခြေခံပြီး ကမ္ဘာတစ်ဝန်းလုံး စုစုစည်းစည်း ပေါင်းစည်းသင့်ကြောင်း၊ ဒီလိုမျိုး လုပ်ဆောင်တာကလည်း ကာကွယ်ဆေးတွေကိုရောင်းဖို့မဟုတ်ဘဲ လှူဖို့ဖြစ်ကြောင်း၊ ဝင်ငွေအတော်နည်းတဲ့ နိုင်ငံတွေကို လှူဖို့ဖြစ်ကြောင်း၊ အဲဒီလို လှူတဲ့နေရာမှာလည်း နိုင်ငံရေး နှောင်ကြိုးမပါတဲ့ လှူဒါန်းမှုမျိုးဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ပြောပါတယ်။

### ပွင့်လင်းမြင်သာအောင် လုပ်မယ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အတည်ပြုထားတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို မျှဝေရာမှာ အဓိကဖြန့်ဖြူးသူအဖြစ် ကိုဗက်အစီအစဉ်ကို မိမိတို့ ထောက်ခံအားပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးသတင်းမှားတွေ၊ လုပ်ကြံသတင်းတွေကို တိုက်ဖျက်သွားမှာဖြစ်ပြီး ပြည်သူ့ယုံကြည်ချက်ရရှိအောင်၊ ပွင့်လင်းမြင်သာမှုရှိအောင်လည်း လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ဂျိုးဘိုင်ဒင်က ပြောပါတယ်။

### ကိုဗစ်ရှီးဟာ ပြဿနာမဟုတ်

နောက်တစ်ခါ အိန္ဒိယကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်တဲ့ ကိုဗစ်ရှီးရဲ့ ကျန်းမာရေးအာမခံလက်မှတ်နဲ့ ပတ်သက်ပြီး ကိုဝင်းအပ်စ်တည်ထောင်သူတွေနဲ့ ဆွေးနွေးခဲ့တဲ့ကိစ္စကို ပြောရမယ်ဆိုရင် ကိုဗစ်ရှီးဟာ ပြဿနာမဟုတ်တဲ့အကြောင်း၊ ကိုဗစ်ရှီးနဲ့ ပတ်သက်ပြီး အင်္ဂလန်နိုင်ငံက ကင်းလွတ်ခွင့်ပြုထားတယ်လို့ အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိန်မဟာမင်းကြီး အဲလက်အီလစ်က ပြောကြားထားပါတယ်။

အင်္ဂလန်နိုင်ငံဟာ ခရီးသွားတွေကို ခွင့်ပြုထားပါတယ်။ မိမိတို့တွေအနေနဲ့ အိန္ဒိယက အင်္ဂလန်ကို သွားတဲ့သူတွေ အများကြီးကို တွေ့မြင်နေရပါတယ်။ တချို့ကလည်း အလည်အပတ်၊ တချို့ကလည်း စီးပွားရေးကိစ္စအဖြစ်၊ တချို့ကလည်း ကျောင်းသားတွေအဖြစ်သွားနေတာကို မိမိတို့တွေ့နေရတယ်လို့သူက ပြောပါတယ်။

### ခရီးသွားကိစ္စကို လွယ်ကူဆုံးဖြစ်အောင် လုပ်ဆောင်

ကိုဝင်းနဲ့ အင်န်အိတ်ချ်အက်စ် အက်ပလီကေးရှင်း တည်ထောင်သူတွေနဲ့ ကျန်းမာရေးအာမခံလက်မှတ်ထုတ်ပေးဖို့နဲ့ ပတ်သက်ပြီး နည်းပညာပိုင်းဆိုင်ရာ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာတွေကို အသေးစိတ်ဆွေးနွေးနေပါတယ်လို့ အဲလက်အီလစ်က ပြောပါတယ်။ သူတို့တွေ လျင်လျင်မြန်မြန် လုပ်ဆောင်နေကြပါတယ်။ နှစ်နိုင်ငံအနေနဲ့ ထုတ်ပေးလိုက်တဲ့ ကျန်းမာရေး အာမခံလက်မှတ်တွေကို အသိအမှတ်ပြုဖို့လည်း အရေးကြီးပါတယ်။

၂၀၂၁ ခုနှစ် ဇွန်လကုန်မှာ ကျောင်းသား ဗီဇာ ၆၂၅၀၀ ထုတ်ပေးခဲ့ပါတယ်။ ဒါဟာ အရင်နှစ်နဲ့နှိုင်းယှဉ်လိုက်ရင် ၃၀ ရာခိုင်နှုန်းပိုများပါတယ်။ ခရီးသွားကိစ္စကို လွယ်ကူနိုင်သမျှ လွယ်ကူဆုံးဖြစ်အောင် လုပ်ဆောင်နေပါတယ်လို့ အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိန်မဟာမင်းကြီးက ပြောပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကာကွယ်ဆေးထိုးလှုပ်ရှားဆောင်ရွက်မှုဟာ အရှိန်ရနေတဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး လုံးဝသံသယမရှိပါဘူးလို့လည်း သူကပြောပါတယ်။ အိန္ဒိယနိုင်ငံဟာ green list စာရင်းထဲမှာတော့မပါသေးပါဘူး။ သူ့မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ရှိနေပါသေးတယ်။ တချို့ ဥရောပနိုင်ငံတွေမှာတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ကျဆင်းလာတဲ့အတွက် green list စာရင်းထဲမှာတော့ပါဝင်လာပါတယ်။ အိန္ဒိယနိုင်ငံဟာ လက်ရှိမှာတော့ ပယင်းယောင်အဆင့် (amber list) ထဲမှာပါဝင်နေပါသေးတယ်။ ။ **အိန္ဒိယတူဒေး**

- **လေးပွင့်ဆိုင် မိတ်ဖက်နိုင်ငံတွေဟာ ၂၀၂၂ ကုန်မှာ ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးထောက်ပံ့မှုကို တိုးမြှင့်နိုင်ဖို့ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ဘီလီယံကူညီထုတ်လုပ်ဖို့ လမ်းကြောင်းပေါ် ရောက်ရှိနေပြီ**
- **အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကမ္ဘာကြီးနဲ့ မျှဝေတဲ့နေရာမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်ဘီလီယံအထိရောက်ဖို့ အမေရိကန်အနေနဲ့ ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို နှစ်ဆတိုးမြှင့်ဝယ်ယူမယ်လို့ ကြေညာခဲ့**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

❒ *ကျောဖုံးမှ*

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၅–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း **(၁၈,၄၃၆)** ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၃၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၃၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၄၃,၂၃၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၈,၁၅၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၉၂၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၁,၉၅၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၇,၅၂၇) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၅–၉–၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၇,၂၀၅,၉၁၃)ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃,၇၂၉,၇၅၈) ဦးနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ (၃,၄၇၆,၁၅၅) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၅–၉–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၁၀,၉၃၅,၆၇၁) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၆–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၂၇)ခု | (၁၀၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၇)ခု | (၉)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၄)ခု | (၁၉)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၅)ခု | (၂၆)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆၄)ခု | (၃၉)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၂၉)ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၇၅)ခု | (၁၄၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၈၆၅)ခု | (၁,၁၉၁)ဦး |
| **စုစုပေါင်း** | (၁၈,၄၃၆)ခု | (၁,၅၃၄)ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂၅–၉–၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၄၇၆,၁၅၅) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၃,၇၂၉,၇၅၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၇,၂၀၅,၉၁၃) ဦး |
| **စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)** | (၁၀,၉၃၅,၆၇၁) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၆- ၉ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၇၂၅၆၀၄ | ၃၃၁၆၂၀၄၄ | ၇၀၆၀၅၈ |
| ၂။ | အိန္ဒိယ | ၃၃၆၅၂၇၄၅ | ၃၂၉၀၂၃၅၁ | ၄၄၆၉၄၈ |
| ၃။ | ဘရာဇီး | ၂၁၃၄၃၃၀၄ | ၂၀၃၃၃၉၀၈ | ၅၉၄၂၄၆ |
| ၄။ | ဗြိတိန် | ၇၆၃၁၂၃၃ | ၆၁၅၉၁၃၅ | ၁၃၆၁၀၅ |
| ၅။ | ရုရှား | ၇၄၂၀၉၁၃ | ၆၆၀၄၆၀၄ | ၂၀၃၉၀၀ |
| ၆။ | တူရကီ | ၇၀၁၃၆၃၉ | ၆၄၇၂၄၀၀ | ၆၂၉၃၈ |
| ၇။ | ပြင်သစ် | ၆၉၈၉၆၁၃ | စိစစ်ဆဲ | ၁၁၆၄၄၉ |
| ၈။ | အီရန် | ၅၅၃၃၅၂၀ | ၄၉၄၄၀၈၇ | ၁၁၉၃၆၀ |
| ၉။ | အာဂျင်တီးနား | ၅၂၄၉၈၄၀ | ၅၁၀၉၈၅၃ | ၁၁၄၈၄၉ |
| ၁၀။ | ကိုလံဘီယာ | ၄၉၅၀၂၅၃ | ၄၇၉၀၁၂၈ | ၁၂၆၁၀၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၆– ၉ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၀၈၀၁၃ | ၄၀၂၃၇၇၇ | ၁၄၁၄၆၇ |
| ဖိလစ်ပိုင် | ၂၄၉၀၈၅၈ | ၂၂၉၂၀၀၆ | ၃၇၄၀၅ |
| မလေးရှား | ၂၁၈၅၁၃၁ | ၁၉၆၈၅၃၈ | ၂၅၁၅၉ |
| ထိုင်း | ၁၅၆၁၆၃၈ | ၁၄၂၂၉၀၇ | ၁၆၂၆၈ |
| ဗီယက်နမ် | ၇၅၆၆၈၉ | ၅၂၇၉၂၆ | ၁၈၅၈၄ |
| မြန်မာ | ၄၅၈၁၅၄ | ၄၁၁၉၅၅ | ၁၇၅၂၇ |
| ကမ္ဘောဒီးယား | ၁၀၉၀၈၇ | ၁၀၀၆၅၅ | ၂၂၄၃ |
| စင်ကာပူ | ၈၅၉၅၃ | ၇၄၁၃၅ | ၇၆ |
| လာအို | ၂၁၈၁၉ | ၁၇၃၁၁ | ၁၆ |
| ဘရူနိုင်း | ၆၅၄၀ | ၄၃၂၆ | ၃၇ |

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီး ရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့ဗိမာန်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့ဗိမာန်ဝင် သီလရှင်စာသင်တိုက်များနှင့် လယ်ဝေးမြို့ ဘိုးဘွားရိပ်သာသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၂၆၀၀၀၀၀၊



ဆန် ၄၇၉ အိတ် ရှစ်ပြည်၊ ဆီ ပိဿာ ၁၄၉ ဒသမ ၂၀၊ ပဲ ၁၄၉၂ ပိဿာ၊ ဆား ၁၄၉၂ ပိဿာ၊ လက်သန့်ဆေးရည် ၁၅၁၂ ဘူး၊ လက်ဆေးဆပ်ပြာ ၂၅၂ ဘူးနှင့် ဆေးမျိုးစုံ ၁၅၂၄ ဘူးတို့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် လယ်ဝေးတပ်နယ်မှ တာဝန်ရှိသူများက ပေါက်မြိုင်ကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တဇာနေယ အမှူးပြုသော သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။(ဓါတ်ပုံ) ထို့နောက် နယ်မြေခံတပ်မတော်သားများက သက်ဆိုင်ရာဘုန်းတော်ကြီး ကျောင်းများသို့ လိုက်လံပို့ဆောင်၍ ဆက်ကပ်လှူဒါန်းပေးသည်။

အလားတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တော်တိုက်ရပ်ကွက်ရှိ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့ဗိမာန်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ခါတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ်၊ ချင်းရွှေဟော်နှင့် မြဝတီ ကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီသုံးခုမှ ယာဉ်စီးရေ ၁၂ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း(Mask) ၈၈ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။




မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မော်တော်ယာဉ်ဖြင့် အောက်ဆီဂျင်(အရည်) တင်သွင်းလာစဉ်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းလာစဉ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြို့နယ်များ၌ ကာကွယ်ဆေးများ ထိုးနှံပေး



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်မျှ ထိုးနှံခြင်းမရှိသေးသည့် ပြည်သူများအား စက်တင်ဘာ ၂၆ ရက်က ပထမအကြိမ် ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

ဝင်းဝင်းသန်း(စဉ့်ကိုင်)



စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့တွင် အသက်(၁၈) နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသူများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့သစ်မြို့ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၆ ရက်က ထိုးနှံပေးစဉ်။

ထွန်းမင်းအောင်(ကဘော်မြေ)



ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို (တတိယအသုတ်) ပထမအကြိမ် အသက်(၁၈)နှစ်အထက် ပြည်သူများအား ကျေးလက်ကျန်းမာရေးဌာနများတွင် သတ်မှတ်ရက်အလိုက် ထိုးနှံပေးလျက်ရှိရာ ကန်းစွန်းကျေးလက်ကျန်းမာရေးဌာန၌ ထိုးနှံပေးစဉ်။

သိန်းဖေ(ပြန်/ဆက်)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက်(၅၅)နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ စသည့် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၌ ၂၇၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ၁၅၇၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့နယ်၌ ၉၁၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တို့၌ ၁၅၀၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ၁၁၂၄၁ ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီ ၂၈၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ၁၇၁၆၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ၈၃၅၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး(ဝဲပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ၅၆၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၅ ဦးနှင့် အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၈၁ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၁၆ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါစောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# ကန့်ဘလူမြို့နယ်တွင် ဆိတ်သွေးရည်ကြည်နမူနာပစ္စည်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

ကန့်ဘလူ စက်တင်ဘာ ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဆိတ်ပလိပ်ရောဂါ (Peste De Petits) ကင်းရှင်းမှု ရှိ၊ မရှိ ဆိတ်သွေးရည်ကြည်နမူနာပစ္စည်းများ ကောက်ယူပြီး ဆိတ်ပလိပ်ရောဂါကင်းရှင်းမှု အခြေအနေကို သိရှိနိုင်ရန်အတွက် ရောဂါစစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၆ ရက်တွင် ကောက်ယူပြီးစီးခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။**

ကန့်ဘလူမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနအနေဖြင့် ဆိတ်ပလိပ်ရောဂါဖြစ်ပွားမှု ရှိ၊မရှိ သိရှိနိုင်ရန် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ငါးခုမှ ဆိတ်မွေးမြူရေး တောင်သူများ၏ မွေးမြူရေး ခြံတို့မှ ဆိတ်များကို စက်တင်ဘာ ၁၅ ရက်မှ ယနေ့ ၂၆ ရက်ထိ ဆိတ်ကောင်ရေ ၄၅ ကောင်၏ သွေးရည်ကြည်နမူနာပစ္စည်းများ ကောက်ယူပြီးကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှူး ဒေါက်တာမြတ်လင်းက ပြောသည်။

အဆိုပါ ကောက်ယူထားရှိသော ဆိတ်သွေးရည်ကြည်နမူနာပစ္စည်းများကို တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်များ အတိုင်းကောက်ယူခဲ့ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မန္တလေးတိရစ္ဆာန်ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်းသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ဆိတ်ပလိပ်ရောဂါ ကင်းရှင်းသောနိုင်ငံဖြစ်ပြီး ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့မှ ဆိတ်ပလိပ်ရောဂါ ကင်းရှင်းသော နိုင်ငံဖြစ်ကြောင်း ၂၀၁၄ ခုနှစ် မေ ၁၉ ရက်တွင် အသိအမှတ်ပြုပြီး ဖြစ်ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# သီပေါ၌ အောက်ဆီဂျင်သယ်ယူရေးအတွက် မော်တော်ယာဉ်ဝယ်ယူရန် ငွေလှူဒါန်း

သီပေါ စက်တင်ဘာ ၂၆



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ လူနာများနှင့် အောက်ဆီဂျင် အသုံးပြုနေရသူများ အောက်ဆီဂျင်လိုအပ်မှုကို လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် စေတနာရှင်များနှင့် ပရဟိတအသင်းများက စဉ်ဆက်မပြတ် ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ အောက်ဆီဂျင်သယ်ယူရန် လိုအပ်နေသော မော်တော်ယာဉ် ဝယ်ယူရေးအတွက် အမေရိကန်နိုင်ငံနေ အလှူရှင် ဒေါ်နန်းအေးတင် မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးထွန်းသိုက်-ဒေါ်အိအိစံ မိသားစုက ငွေကျပ် တစ်သိန်း၊ မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်သီသီသိန်းက ငွေကျပ် တစ်သိန်း၊ ဦးလီတုံမြင့် မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးနန္ဒာ-ဒေါ်မွန်းဆာ မိသားစုက ငွေကျပ် ငါးသောင်းတို့ကို ယနေ့ နံနက်ပိုင်းက နယ်စည်းမခြား ပရဟိတ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်လွင်ထံ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

အဝေးရောက် သီပေါသားများ အလှူရှင်များအနေဖြင့် ငွေလှူဒါန်းလိုပါက နယ်စည်းမခြား ပရဟိတအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်လွင် ဖုန်း ၀၉-၂၅၉၁၃၆၁၆၄ နှင့် မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်သီသီသိန်း ဖုန်း ၀၉-၄၄၀၉၃၃၀၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်ပသို့ တိရစ္ဆာန်အရှင်တင်ပို့ခြင်းထက် တန်ဖိုးမြင့်နှင့်အရည်အသွေးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေ

ရန်ကုန် စက်တင်ဘာ ၂၆

**ကျွဲ၊ နွားအရှင်ကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရာ၌ မွေးမြူသောတောင်သူနှင့် ထုတ်လုပ်သူတို့ အကျိုးအမြတ်ရရှိကြပြီး ထိုသို့ အရှင်တင်ပို့ခြင်းထက် တန်ဖိုးမြင့်နှင့်အရေအသွေးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ပါက နိုင်ငံတော်နှင့် တောင်သူ၊ ထုတ်လုပ်သူတို့ ပိုမိုအကျိုးရရှိစေမည်ဖြစ်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်ပပို့ကုန် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။**



နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လမ်းညွှန်မှာကြားမှုနှင့်အတူ ဝန်ကြီးဌာနများအနေဖြင့် မွေးမြူရေးနှင့် သားငါးကဏ္ဍ ထုတ်လုပ်တင်ပို့မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍတွင်လည်း တောင်သူနှင့် ထုတ်လုပ်သူများ ဈေးငွေများရရှိရန် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းသို့ အေးခဲအသားများ တင်သွင်းခွင့်ကို ယခင်ကပိတ်ခဲ့ပြီး နိုင်ငံခြားခရီးသွား ဝင်ရောက်မှုနှင့် ပြည်တွင်း စားသုံးမှုပုံစံ ပြောင်းလဲလာမှုတို့ကြောင့် အရည်အသွေးမြင့် အေးခဲအသားများ တင်သွင်းခွင့်ကို စိစစ်ခွင့်ပြုခဲ့ရာ ၂၀၁၆-ခုနှစ်တွင် ကုမ္ပဏီ ၂၇ ခုမှ ဘဲသားနှင့် ကြက်ဆင်သား ၁၇၃ ဒသမ ၃၆ တန် တန် တင်သွင်းခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၂၃ ခုမှ အေးခဲသားတန်ချိန် ၂၂၆၃ ဒသမ ၀၅ တန် တင်သွင်းခဲ့သည်။ ပြည်တွင်းသို့ အမဲသားနှင့် ကြက်သားတင်သွင်းမှုနှင့်အတူ ကျွဲသားကို အများဆုံး တင်သွင်းခဲ့ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရန် ပြည်ပအေးခဲသား တင်သွင်းမှုမှ အသားခြောက်များ ပြုလုပ်၍ ပြည်ပသို့ အသားခြောက်များ ပြန်လည်တင်ပို့လျက်ရှိသည်။

သဘာဝနှင့်လိုက်ဖက်ညီသော ရေမြေရာသီဥတုကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံတွင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများစွာ စောင့်ကြိုလျက်ရှိပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း၊ မွေးမြူထုတ်လုပ်သည့် ပုဂ္ဂလိက ကဏ္ဍများ ဖွံ့ဖြိုးလာခြင်း၊ ပို့ကုန်တိုးမြှင့်ရေးအတွက် အကောင်အထည်ဖော်ရာ၌ ပူးပေါင်းဆောင်ရွက်ခြင်း၊ အစီအမံကောင်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီနည်းစနစ် အသုံးပြုနိုင်ရန် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မွေးမြူရေးတောင်သူနှင့် ထုတ်လုပ်သူတို့ လိုက်နာဆောင်ရွက်ရမည့် အခန်းကဏ္ဍအသီးသီးတို့ဖြင့် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနတို့က ဖော်ဆောင်လျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၉-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရ္ဘသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၄၀ | ကျန်းမာရေးမဂ္ဂဇင်း |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၈:၃၅ | မျှဝေအသိပေး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး | ၁၈:၃၀ | သံစဉ်ချိုမြ မြန်မာတေးအလှ |
| ၀၉:၃၅ | မွေးမြူရေးရာအဖြာဖြာ | ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၆) |
| ၀၉:၅၀ | ဖိတ်ခေါ်ပါသည် ကျိုက်သလဲ CBT | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၀:၃၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားခေါ်ဆောင်ရာ' (အပိုင်း-၇၃) |
| ၁၃:၃၀ | MRTV National News | ၂၂:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'လျှာ' |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်' | | |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ | | |
| ၁၇:၀၅ | This Week's Special Interest | | |

### mitv

07:01 News
07:27 Unique Art of Stucco Work
07:43 Natural Mineral Water
08:01 Myanmar Masterclass: Cubism
08:07 A Festival on Buddha's Life Story (Part-I)
08:34 Myanmar's Traditions and Culture: Novicehood in Myanmar
09:01 A Journey To Southern Shan State (Ep-2)
09:23 TKayah
09:40 Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
09:55 Hip-Hop and Design
10:00 Dances of Myanmar "Lisu Traditional Dance"
10:29 Myanmar's Bamboo Hat
11:42 Ngapali, Unique Spot To Relax

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဒေါဝယ်ရေရွာကလေးနှင့်လူနေမှုဘဝ
**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကြက်သားကာလသားချက်
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
စီးပွားဖြစ်တဲ့ပီလောပီနံ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပသော ကျုံထော်ရေတံခွန်သို့ သွားလည်ကြရအောင်
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ပိုင်လင်း(သီချင်းကြီး)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မိုးဘိုင်းပုန်းနှင့်ကျန်းမာရေး
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
Arakan Talented Star တေးသံရှင် ဒိုကလေး(အင်တာဗျူး)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၃)
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
လားရှိုးမြို့သို့အလည်တစ်ခေါက်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (အင်းတော်ကြီးဇီဝအဝန်းနယ်နှင့် ရာသီပေါ်ဂရိတ်ဖုသီးအကြောင်း)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ဘူးသီးတောင်မြို့နယ်၌ အသက် (၁၈) နှစ်အထက် ဒေသခံများအား ပထမအကြိမ် (ဒုတိယအသုတ်) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ဘူးသီးတောင် စက်တင်ဘာ ၂၆** ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများသည် စက်တင်ဘာ ၂၄ ရက်က ဘူးသီးတောင်မြို့ အလက(၃)စာသင်ကျောင်း၌ စုရပ်ထားရှိကာ အသက်(၁၈)နှစ်အထက် ဒေသခံ ၈၀၀ တို့အား ပထမအကြိမ် (ဒုတိယအသုတ်) ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးမည့်သူများအား စာရင်းပြုစုခြင်း၊ သွေးပေါင်ချိန် တိုင်းတာခြင်းတို့ ပြုလုပ်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံနေမှုများကို ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**



ဘူးသီးတောင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိရာ အသက် (၁၈)နှစ် အထက် ဒေသခံများအား ပထမအကြိမ် (ဒုတိယအသုတ်) အနေဖြင့် စက်တင်ဘာ ၂၃ရက်ထိ ပြည်သူ ၄၇၃၅ ဦးကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**လှကျော် (ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် စက်တင်ဘာ ၂၆–** မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကြာအင်းဆိပ်ကြီးမြို့တွင် ၄ ဒသမ ၄၂ လက်မ၊ ကျိုက်ဒုံမြို့တွင် ၄ ဒသမ ၁၂ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၃၉ လက်မ၊ နေပြည်တော်(ပုဗ္ဗသီရိမြို့နယ်)တွင် ၂ ဒသမ ၈၃ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ဘော်လခဲမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မန္တလေး(အောင်မြေသာစံမြို့နယ်)တွင် ၂ ဒသမ ၁၃ လက်မ၊ ရွှေစာရံမြို့တွင် ၂ ဒသမ ၁၀ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ လပွတ္တာမြို့တွင် ၁ ဒသမ ၉၇ လက်မနှင့် နေပြည်တော်(ဒက္ခိဏသီရိမြို့နယ်)နှင့် ဘားအံမြို့တွင် ၁ ဒသမ ၈၉ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၉ - ၂၀၂၂

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၁၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၅၀/၁၂၅၀ ကျပ် | ၁၂၅၅/၁၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၅၅/၁၂၆၀ ကျပ် | ၁၂၇၀/၁၂၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၅၅/၁၂၅၅ ကျပ် | ၁၂၈၀/၁၃၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၄၀ /၁၂၉၅ ကျပ် | ၁၃၆၀/၁၃၉၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၅၇၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၁၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၅၆ | ၂၂၅၂၈၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၁၄၃၈၀ | ၄၄၅၇၈၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၆ | ၄၇၄၀၀ |
| FPB | ၂၁၀၀၀ | ၂၁၀၀၀ | ၁၀၂၈ | ၂၁၅၈၈၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၇၀ | ၁၉၉၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅၁၁ | ၂၅၅၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ခွေးရူးရောဂါအန္တရာယ် သတိပြုဖွယ်

မေယု-မျိုးအောင် (MANA)

**ခွေးရူးရောဂါကို ဘီစီ ၂၀၀၀ ဝန်းကျင်ကတည်းက သိရှိခဲ့ကြသည်ဟု သိရသည်။ ခွေးရူးရောဂါအကြောင်း ရေးသားခဲ့သည့် ပထမဆုံးမှတ်တမ်းမှာ ဘီစီ ၁၉၃၀ က မီဆိုပိုတေးမီးယား Codex of Eshnunna အညွှန်းစာအုပ်ထဲတွင်ဖော်ပြပါရှိသည့် မှတ်တမ်းထဲ၌ ခွေးရူးရောဂါ လက္ခဏာများပြနေသည့် ခွေး၏ပိုင်ရှင်သည် အကိုက်မခံရအောင် အကာအကွယ် အတားအဆီးလုပ်ထားသင့်သည်ဟုပါရှိသည်။ မိမိမွေးမြူထားသော ခွေးက ခွေးရူးရောဂါဖြစ်ပွားပြီး အခြားလူတစ်ဦး တစ်ယောက်ကို ကိုက်မိသောကြောင့် ထိုလူသေဆုံးလျှင် ခွေးပိုင်ရှင်အား ကြီးလေးသောဒဏ်ငွေပေးဆောင်စေသည်ဟု မှတ်တမ်းတင်ခဲ့သည်။**

ရှေးခေတ်က ခွေးရူးရောဂါအကြောင်း ကောင်းစွာမသိခဲ့ကြသဖြင့် ရိုးရာဆေးဝါးများဖြင့်သာ ကုသခဲ့ကြသည်။ ရိုးရာဆေးဝါးများထဲ၌ ဟိုင်းအီးနားခေါ် တောရိုင်းတိရစ္ဆာန်၏ အရေပြားကို ပိတ်စနှင့် အုပ်၍ အနာပေါ်အုံပေးခြင်း၊ လူ၏ဦးခေါင်းရိုးပါဝင်သော ဆေးဖော်ပြီး အနာကို လိမ်းပေးခြင်းတို့ပါဝင်သည်ဟု သိရသည်။ ခွေးကိုက်ခံရပြီးနောက် ထိုးရသော ကာကွယ်ဆေးအစီအစဉ်များနှင့် Immunoglobulin ခွေးရူးရောဂါခုခံနိုင်သော စွမ်းအားအသင့်ပါဝင်ပြီး ဆေးဝါးများ ပေါ်ထွန်းလာသော်လည်း ခွေးရူးရောဂါအပေါ် လူတို့၏ ကြောက်ရွံ့ထိတ်လန့်မှုမှာ လျော့ကျသွားခြင်း မရှိကြကြောင်း သိရသည်။




## ဘော့စတွန်မြို့မှ စတင်

၁၇၆၈ ခုနှစ်တွင် ဘော့စတွန်မြို့မှ စတင်ဖြစ်ပွားခဲ့သော ခွေးရူးရောဂါသည် နှစ်အနည်းငယ်အတွင်း အခြားပြည်နယ်များသို့ ပျံ့နှံ့သွားပြီး ပြင်သစ်နှင့် မြောက်အမေရိကတိုက်အထိ ကူးစက်သွားခဲ့သည်။ ၁၉ ရာစုအတွင်းက ခွေးရူးရောဂါ၏ ကြောက်မက်ဖွယ်ကောင်းပုံကို ဘေးဆိုးကပ်ဆိုး တစ်ခုဟုပင် ယူဆခဲ့ကြသည်။ ထိုခေတ်တွင် ပြင်သစ်နှင့် ဘယ်လ်ဂျီယံပြည်တို့၌ သူတော်စင် Saint Hubert ကို ရိုသေကိုင်းရှိုင်းကြသောကြောင့် စိန့်ဟူးဘတ်၏သော့ (St Hubert's Key) ကို မီးပြင်းပြင်းနှင့် ဖုတ်ပြီး ခွေးကိုက်ခံရသော အနာကို ထိုသော့တံနှင့်ကပ်ကာ ကုသခဲ့ကြသည်။ ပဉ္စလက်ဆန်သော အတွေးအခေါ်ကို အသုံးပြုပြီး ခွေးရူးရောဂါ ကာကွယ်တားဆီးနိုင်အောင် ခွေးများအား သော့တံဆိပ် သံပူကပ်ပေးခြင်းကိုလည်း လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

ခွေးရူးဟု သံသယဖြစ်သော ခွေးကကိုက်လိုက်လျှင် ထိုလူသည် သူ့ကိုယ်သူ သတ်၍သေခြင်း သို့မဟုတ် အခြားသူများက ဝိုင်း၍သတ်ဖြတ်ခြင်းဖြင့် ကိစ္စတုံးအောင် စီရင်ကြသည်။ လူဝီပါစတာ (Louis Pasteur) ခေါ် သိပ္ပံပညာရှင်ကြီး၏ စမ်းသပ်မှုများလုပ်ရန် အခွင့်အရေးများရရှိခဲ့သောကြောင့် ၁၈၈၅ ခုနှစ်တွင် “ခွေးကိုက်ခံရပြီးနောက် ထိုးရသော ကာကွယ်ဆေး”ကုထုံးကို တီထွင်နိုင်ခဲ့သည်။ ရှေးခေတ်က ခွေးရူးရောဂါသည် လျှာမှ စတင်ဖြစ်ပွားသည်ဟု ယူဆပြီး ခွေးရူးပြန်နေသော လူ၊ တိရစ္ဆာန်တို့၏ လျှာကို အရင်းမှဖြတ်တောက်ဖယ်ရှားသည့် နည်းလမ်းကို အသုံးပြုခဲ့ကြသည်။

## ရောဂါကူးစက်ပုံ

လူကို ရောဂါကူးစက်ပုံမှာ ခွေးရူးပြန်နေသော တိရစ္ဆာန်ကကိုက်ခြင်း၊ သူ၏ သွားရည်ထဲမှ ဗိုင်းရပ်စ်များ အနာထဲသို့ ဝင်ရောက်ခြင်းမှ ကူးစက်သည်။ ခွေးရူးရောဂါဖြစ်ပွားပြီဆိုလျှင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ကုရာနတ္ထိ ဆေးမရှိဘဲ အသက်သေဆုံးကြရသည်သာဖြစ်သည်။ တစ်ကမ္ဘာလုံးကို ခြုံ၍ကြည့်လျှင် နှစ်စဉ်နှစ်တိုင်း ခွေးအကိုက်ခံရပြီးနောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးရသော လူဦးရေသည် ၁၀ သန်းခန့်ရှိပြီး ခွေးရူးပြန်ရောဂါကြောင့် အသက်ဆုံးရှုံးရသူများမှာ ၅၅၀၀၀ ခန့်ရှိနေကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပြီး အများစုသည် အာရှတိုက်နှင့် အာဖရိကတိုက်များမှ ဖြစ်ကြသည်။

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၅၀ ကျော်၌ ခွေးရူးရောဂါရှိနေသည်ဟု သိရသည်။ ခွေးရူးရောဂါကင်းစင်သော နိုင်ငံများတွင် ဗြိတိသျှကျွန်းစုများ ၊ အိုင်ယာလန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လူဇင်ဘတ်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ပေါ်တူဂီ၊ အီတလီ၊ ဂရိ၊ မော်လတာ၊ ဂျာမနီ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်၊ ဖင်လန် ၊ အိုက်စလန်စသော ဥရောပနိုင်ငံများပါဝင်ကြသည်။ ကမ္ဘာ့ခွေးရူးရောဂါနေ့၏ အဓိကရည်မှန်းချက်မှာ “၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး ခွေးရူးရောဂါလုံးဝကင်းစင်ရေး (The goal of Zero by 30)” ဖြစ်သည်။ အဓိကလုပ်ငန်းစဉ်များအနေဖြင့် “ကာကွယ်ဆေးထိုးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း” တို့ ပါဝင်သည်။ တစ်ဦးချင်းတစ်ယောက်ချင်း ဆောင်ရွက်နေသူများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအားလုံး စုပေါင်းပြီး လုပ်ဆောင်နိုင်ရန် လိုအပ်သည်။

**❇ မြန်မာတစ်နိုင်ငံလုံး၌ ခွေးကိုက်ခံရမှုဖြစ်စဉ်များ များပြားလာပြီး ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်းက ဖြစ်ပွားသူ ၁ ဒသမ ၉ သိန်းခန့်ရှိရာ ပြည်သူ့ဆေးရုံများတွင် ကျန်းမာရေးဝန်ကြီးဌာနက ပံ့ပိုးထောက်ပံ့ထားသော ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများ ပြတ်လပ်မှုပင် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်တွင်မူ တစ်ကမ္ဘာလုံးတွင် ခွေးရူးရောဂါကြောင့် သေဆုံးသူ ၁၇၄၀၀ သာ ဖြစ်အောင် လျှော့ချနိုင်ခဲ့သည်။ သေဆုံးသူတို့၏ ၉၅ ရာခိုင်နှုန်းမှာ အာရှနှင့် အာဖရိကမှဖြစ်ကြပြီး သေဆုံးလူဦးရေ၏ ၄၀ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်အောက် ကလေးများဖြစ်**

## ခွေးရူးရောဂါကင်းစင်သော နိုင်ငံများဖြစ်

ဗြိတိန်နိုင်ငံသည် ပထဝီအနေအထားအရ ကျွန်းစုနိုင်ငံဖြစ်နေသဖြင့် ခွေးရူးရောဂါကို အမြစ်ပြတ် သုတ်သင်ရှင်းလင်းခဲ့ခြင်း၊ ခွေးရူးရောဂါပိုးပါရှိသော တိရစ္ဆာန်များ မဝင်ရောက်နိုင်ရန် တင်းကျပ်စွာ ကာကွယ်တားဆီးထားခြင်းတို့ကြောင့် ခွေးရူးရောဂါကင်းစင်သောနိုင်ငံအဖြစ် ဘေးအန္တရာယ်ကင်းစွာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ဥရောပရှိနိုင်ငံအများစုတို့သည်လည်း ခွေးရူးရောဂါကင်းစင်သော နိုင်ငံများဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံသည် ခွေးရူးရောဂါကြောင့် သေဆုံးသူ လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးနိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်ကာ ထိုင်းနိုင်ငံက တတိယအများဆုံးနိုင်ငံဖြစ်နေသည်။

မြန်မာနိုင်ငံသည်လည်း ခွေးရူးရောဂါအန္တရာယ်အများဆုံးနိုင်ငံများထဲတွင် ပါဝင်နေကြောင်း သိရသည်။ ခွေးရူးရောဂါသည် Rhabdo ဟုခေါ်သော ကျည်ဆန်ပုံဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရသော ရောဂါဖြစ်ပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့ကို အဓိကတိုက်ခိုက်သည်။ ထိုဗိုင်းရပ်စ်သည် လူအပါအဝင် သွေးနွေးသတ္တဝါအားလုံးတို့အား ရောဂါကျရောက်စေသည်။ အာရှနှင့်အာဖရိကနိုင်ငံများတွင် ခွေးများနှင့်ကြောင်များသည် ခွေးရူးရောဂါ ကူးစက်ပျံ့နှံ့စေသော အဓိကဇာတ်ကောင်များဖြစ်ကြသည်။

တောင်အမေရိကနိုင်ငံများတွင်မူ သွေးစုပ်လင်းနို့များမှတစ်ဆင့် ကူးစက်ပျံ့နှံ့စေကြောင်း သိရှိရသည်။ အခြားမွေးမြူရေး တိရစ္ဆာန်များဖြစ်ကြသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း စသည့် သွေးနွေးသတ္တဝါတို့မှာ ခွေးရူးရောဂါဖြစ်ပွားလျှင်လည်း လူကို ကူးစက်တတ်သည်။

တိရစ္ဆာန်များတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားလျှင် တံတွေးထဲ၌ ခွေးရူးရောဂါဗိုင်းရပ်စ်များစွာပါနေမည်။ အခြားတိရစ္ဆာန်ကို ကိုက်လိုက်လျှင် ကိုက်လိုက်သောအနာထဲသို့ တံတွေးထဲမှ ခွေးရူးရောဂါဗိုင်းရပ်စ်များ ဝင်သွားပြီး ရောဂါကူးစက်စေသည်။ ခွေးရူးရောဂါဖြစ်ပွားနေသော လက္ခဏာများနှင့်အတူ အမူအရာ ပြောင်းလဲခြင်း၊ အစာမစားနိုင်ခြင်း၊ ရေမသောက်နိုင်ခြင်း၊ အနီးအနားရှိ လူ၊ တိရစ္ဆာန်တို့ကို တိုက်ခိုက်ခြင်း၊ ရန်လိုခြင်း၊ ကိုက်ခဲခြင်းတို့ ဖြစ်လာတတ်သည်။ ရောဂါလက္ခဏာပြပြီး ရက်များမကြာမီ တိရစ္ဆာန်သေဆုံးတတ်သည်။ အာရှနှင့် အာဖရိကတွင် ခွေးရူးရောဂါပျံ့နှံ့စေသော အဓိကတိရစ္ဆာန်မှာ ခွေးလေ ခွေးလွင့်များဖြစ်ကြသဖြင့် အိန္ဒိယနိုင်ငံသည် ခွေးလေခွေးလွင့်များကို နှိမ်နင်းပြီး လူတို့၏ ကျန်းမာရေးအတွက် ဆောင်ရွက်ခဲ့ရာ ခွေးရူးရောဂါကြောင့် သေဆုံးသူလူဦးရေ များစွာ လျှော့ချနိုင်ခဲ့သည်။

အိမ်မွေးတိရစ္ဆာန် ချစ်တတ်သူများက ခွေးလေခွေးလွင့် ရှင်းလင်းခြင်းကို ကန့်ကွက်လာကြသဖြင့် ခွေးလေခွေးလွင့်များကို ကာကွယ်ဆေးထိုးခြင်း၊ ခွေးလေခွေးလွင့်ကောင်ရေ မတိုးပွားအောင် သားဆက်ခြားပေးခြင်း သို့မဟုတ် သားကြောဖြတ်ခြင်းစသော နည်းလမ်းများကို အစားထိုးလာခဲ့သည်။ တစ်ကမ္ဘာလုံးကို ခြုံ၍ကြည့်လျှင် ၁၉၉၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူ ၅၅၀၀၀ ရှိခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပြီး အများစုသည် အာရှတိုက်နှင့် အာဖရိကတိုက်တို့မှဖြစ်နေသည်။ အာရှနှင့်အာဖရိကတိုက်တွင် ခွေးရူးရောဂါပျံ့နှံ့စေသော အဓိကတိရစ္ဆာန်မှာ ခွေးလေခွေးလွင့်များဖြစ်ကြသဖြင့် ခွေးလေခွေးလွင့်များကို နှိမ်နင်းပြီး လူတို့၏ ကျန်းမာရေးအတွက် ဆောင်ရွက်ခဲ့ရာ ခွေးရူးရောဂါကြောင့်သေဆုံးသူ လူဦးရေကို များစွာလျှော့ချနိုင်ခဲ့သည်။

## သာမန်လူများထက်ပို၍ သတိပြုသင့်သူများ

**ခွေးရူးရောဂါအပါအဝင် ခွေးနှင့်ကြောင်တို့မှ ကူးစက်သောရောဂါကို ကာကွယ်ရန်အတွက် သာမန်လူများထက်ပို၍ သတိပြုသင့်သူများမှာ -**

**(၁) တိရစ္ဆာန်များကို ကိုင်တွယ်၊ ထိန်းကျောင်း၊ ကုသပေးရသူများ၊ (၂) မွေးကင်းစ ကလေးငယ်များနှင့် နုနယ်ငယ်ရွယ်သော ကလေးများ၊ (၃) အိုမင်းမစွမ်းဖြစ်နေသော၊ နာမကျန်းဖြစ်နေသော သူများ၊ (၄) စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ လုပ်သားများ၊ (၅) အစားအသောက်ထုတ်လုပ်သော လုပ်ငန်းများမှ အလုပ်သမားများ၊ (၆) ခုခံအားနည်းသော ဝေဒနာရှင်များ၊ (၇) ကိုယ်တွင်းအင်္ဂါအစားထိုး လဲလှယ်ထားရသူများ၊ (၈) ကိုယ်ဝန်ဆောင်မိခင်များ ဖြစ်ကြသည်။**

ခွေးကိုက်ခံရသည့် လူနာများ ဆေးကုသမှုခံယူနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ အင်းစိန်ဆေးရုံကြီးနှင့် သဃၤန်းကျွန်းဆေးရုံကြီးတို့တွင် Dog-Bite Care Centre များ ဖွင့်လှစ်ထားရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ မြန်မာတစ်နိုင်ငံလုံး၌ ခွေးကိုက်ခံရမှုဖြစ်စဉ်များ များပြားလာပြီးပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်းက ဖြစ်ပွားသူ ၁ ဒသမ ၉ သိန်းခန့်ရှိရာ ပြည်သူ့ဆေးရုံများတွင် ကျန်းမာရေးဝန်ကြီးဌာနက ပံ့ပိုးထောက်ပံ့ထားသော ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများ ပြတ်လပ်မှုပင် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်တွင်မူ တစ်ကမ္ဘာလုံးတွင် ခွေးရူးရောဂါကြောင့် သေဆုံးသူ ၁၇၄၀၀ သာဖြစ်အောင် လျှော့ချနိုင်ခဲ့သည်။ သေဆုံးသူတို့၏ ၉၅ ရာခိုင်နှုန်းမှာ အာရှနှင့် အာဖရိကမှဖြစ်ကြပြီး သေဆုံးလူဦးရေ၏ ၄၀ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်အောက် ကလေးများ ဖြစ်နေကြသည်။

*စာမျက်နှာ ၂၁ သို့*

# ထီးချိုင့်မြို့နယ်အတွက် ကျန်းမာရေးသုံးပစ္စည်းများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ပေးအပ်

**ထီးချိုင့် စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၅ ရက်က ထီးချိုင့်မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ရွှေပြည်သာခန်းမတွင် တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံး ပစ္စည်းများနှင့် မြေဆီ၊ ရွက်ဖျန်း မြေသြဇာ၊ ဆေးဖျန်းပုံးများပေးအပ်သည်။

ယင်းတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထီးချိုင့်မြို့နယ်အတွင်းရှိ ပြည်သူများ၏ လုံခြုံရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများတွင် တွေ့ကြုံရသည့် အခက်အခဲများကို သိရှိနိုင်ရန်၊ လုပ်ငန်းလိုအပ်ချက်များကို လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ယခုလိုလာရောက် တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက ဌာန အလိုက်ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်း လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးပြေဦးမှ လုံခြုံရေးကိစ္စရပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထီးချိုင့်မြို့နယ်အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ အောက်ဆီဂျင်အိုးများနှင့် အောက်ဆီဂျင်ထုတ်စက်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံး ကျန်းမာရေးပစ္စည်းများ၊ အားကစားပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် မြေဆီ၊ ရွက်ဖျန်းမြေသြဇာ၊ ဆေးဖျန်းပုံးများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြံရွက်ခြောက် မြေသြဇာ ပြုလုပ်နည်းသရုပ်ပြ ဆောင်ရွက်မှုကို ကြည့်ရှု အားပေးကြောင်း သိရသည်။

**ရဲလင်းထွန်း (ထီးချိုင့်)**

# မဲခေါင်-လန်ချန်း ရန်ပုံငွေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး နှမ်းစိုက်တောင်သူများအား ကျပ်သိန်း ၃၀၀ ထောက်ပံ့

**မကွေး စက်တင်ဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် PC Myanmar တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော နှမ်းကုန်ချောထုတ်စက်ရုံ နှမ်းစိုက်တောင်သူများအား မဲခေါင်-လန်ချန်း ရန်ပုံငွေဖြင့် အသေးစားအလတ်စား လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး ကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးခဲ့ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးထံက သိရသည်။

မကွေးမြို့ နှမ်းကုန်ချောထုတ်စက်ရုံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် PC Myanmar တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစက်ရုံမှ အသင်းဝင်များ၏ နှမ်းများနှင့် ပုဂ္ဂလိကပိုင်နှမ်းများအား အဆင့်မီစက်များဖြင့် မျိုးခွဲသန့်စင်ပေးလျက်ရှိကြောင်း၊ လိုအပ်ပါက နှမ်းမျိုးများ ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း၊ နှမ်းထောပတ်၊ ပဲထောပတ်၊ နှမ်းဆီသန့်၊ ပဲဆီသန့်များအား ထုတ်လုပ်ကာ ပြည်တွင်း ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။



ယခုအခါ နှမ်းစိုက်တောင်သူများ အသေးစားစီးပွားရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဲခေါင်-လန်ချန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးခဲ့ကြောင်း၊ လက်ရှိတွင် နှမ်းပေါ်ရာသီဖြစ်သည့်အတွက် ထောက်ပံ့ငွေများဖြင့် နှမ်းများဝယ်ယူပြီး သန့်စင်လျက်ရှိရာ ၃၇၃ တင်းသန့်စင်ပြီး၍ ရောင်းချရန်အသင့်ရှိနေပြီ ဖြစ်ကြောင်း၊ လာမည့် အောက်တိုဘာလကုန်တွင် နှမ်းစိုက်တောင်သူများထံ အတိုးနှုန်း ပြား ၅၀ နှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူးက ပြောသည်။

နှမ်းကုန်ချောထုတ်စက်ရုံ အောင်မြင်စွာလည်ပတ်နိုင်ရေးအတွက် မကွေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာမှ တောင်သူ ၃၄၀ နှင့် မင်းဘူးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ တောင်သူ ၂၆၀ စုစုပေါင်း တောင်သူ ၆၀၀ ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



(၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က မိုးကောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်မင်းသော် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်သည်ရဲမေများသည် ဈေးကုန်းရပ်ကွက်ရှိ ရွှေသာလျောင်းဆုတောင်းပြည့်ဘုရားကြီးဝင်းတွင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်ခဲ့စဉ်။

ဝင်းနိုင်(ကချင်မြေ)


**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ**
**မြန်မာ့အလင်းတွင် ကြော်ငြာပါ**


*စာမျက်နှာ ၂၀ မှ*

## ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

၂၀၁၂ ခုနှစ် ဇူလိုင်လမှစ၍ ခွေးကိုက်ခံရသူလူနာများအား ခွေးရူးပြန်ရောဂါမဖြစ်ပွားစေရေးအတွက် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများ ထိုးနှံနိုင်ရန် အစိုးရဘဏ္ဍာငွေဖြင့် ဖြည့်တင်းပေးခဲ့ပြီး ဗဟိုအဆင့် ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆေးရုံကြီးများ၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်အဆင့် ဆေးရုံများအထိ ဖြန့်ဖြူး၍ ခွေးကိုက်ခံရသူလူနာများအား ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ခွေးကိုက်ခံရသူ လူနာများအား ခွေးရူးပြန်ရောဂါ မဖြစ်ပွားစေရေးအတွက် ထိုးနှံပေးသော Immunoglobulin များကိုလည်း အစိုးရဘဏ္ဍာငွေဖြင့် ဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးအတုများ တွေ့ရှိခဲ့ခြင်းကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပြုနိုင်ရန် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဆေးဝါးအတုများမှာ VER-ORAB, Power and Solvent for Suspension for Injection တို့ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က International alert အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းက ခွေးရူးပြန်ရောဂါကာကွယ်ဆေးအတုများကို ဖိလစ်ပိုင်နိုင်ငံတွင် တွေ့ရှိမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည့် ဆေးဝါးအတုနှစ်မျိုး၏ Batch No. များမှာ Batch No.35 နှင့် F1 833 တို့ဖြစ်ကြောင်းနှင့် Sanofi Pasteur အနေဖြင့် အဆိုပါ ကာကွယ်ဆေးအတုများကိုလည်း ထုတ်လုပ်ခြင်းမရှိဟု တင်ပြကြသည်ဟု သိရသည်။

အဆိုပါကြေညာချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ပြည်သူ့ကျန်းမာရေးအတွက် ဆောင်ရွက်ပေးနေသည့်ဆေးရုံ၊ဆေးခန်း၊ဖြန့်ဖြူးရောင်းချသည့်ဆေးဆိုင်များ၊ လုပ်ငန်းများတွင် အထူးအလေးထားရန်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ ပုဂ္ဂလိကဆေးရုံကြီးများအသင်းများသို့ အသိပေးကြေညာထားကြောင်း သိရသည်။

### ခေတ်မီကာကွယ်ဆေးများ

ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးနှင့် ပတ်သက်ပြီး လက်ရှိဈေးကွက်တွင် သုံးစွဲနေသည့်ဆေးများမှာ Human diploid cell vaccine (HDCV), purified vero cell rabies vaccine (PVRV), purified chick embryo cell vaccine (PCECV) and purified duck embryo vaccine (PDEV) တို့ဖြစ်ကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နိုင်ငံအသီးသီးတွင် ငွေကြေးကုန်ကျမှုသက်သာစေသည့်အရေပြားတွင်း ဆေးထိုးစနစ်အစီအစဉ် Intradermal (ID) rabies vaccination schedule ကိုတွန်းအားပေးလျက်ရှိပြီး ၎င်းဆေးထိုးနည်းသည် စိတ်ချရပြီး ထိရောက်မှုရှိသည့်အပြင် ခေတ်မီကာကွယ်ဆေးများကို လက်လှမ်းမီပြီး ဈေးသက်သက်သာသာဖြင့် သုံးစွဲနိုင်ကြောင်း သိရသည်။

ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဗဟိုအဆင့်ဆေးရုံများသို့ ဖြန့်ဖြူး၍ ခွေးကိုက်လူနာများကို အခမဲ့ထိုးနှံပေးလျက်ရှိသည့်အတွက် ၂၀၁၁ ခုနှစ်ပိုင်းတွင် ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူ လူနာဦးရေ ၂၄၅ ဦးခန့်ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၇၈ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၇၀ အထိ လျော့ကျလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ်၏ စာရင်းများအရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ချမှတ်ထားသော ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးပြန်ရောဂါပပျောက်ရေးဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်များတွင် ခွေးများအား ခွေးရူးပြန်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို One Health Strategy အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ပါဝင်လုပ်ဆောင်ကြသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများကို လိုအပ်သော ကြိုတင်ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


**(၁) ခွေး၊ ကြောင်တို့၏ ကိုက်ခြင်းခံရလျှင်၊ (၂) ရေ၊ ဆပ်ပြာ၊ ပိုးသန့်စင်ဆေးရည်တို့နှင့် ဒဏ်ရာကို သေချာစွာ ဆေးကြောပါ။ (၃) ဆရာဝန်ထံ ချက်ချင်းပြသပြီး ကုသမှုခံယူပါ။ (၄) ဆရာဝန်က ကာကွယ်ဆေးထိုးသင့်သည်ဟု ဆုံးဖြတ်လျှင် အမြန်ဆုံးထိုးပါ။ (၅) အိမ်မွေးတိရစ္ဆာန် ပိုင်ရှင်များအနေဖြင့် မိမိ၏ ခွေး၊ ကြောင်တို့ကို ခွေးရူးကာကွယ်ဆေး မှန်မှန်ထိုးကြပါရန်နှင့်** သက်ဆိုင်ရာ ကျန်းမာရေးဌာနများမှ ကြေညာချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# သဘာဝမြေသြဇာနှင့် အော်ဂဲနစ်စိုက်ပျိုးရေး

## ကိုကျော်စွာ(ကျိုက်ပိ)

**မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ရာသီအလိုက်စိုက်ပျိုးလေ့ရှိကြပါသည်။ စိုက်ပျိုးရေးသည် မိမိတို့နိုင်ငံ၏ အသက်သွေးကြောဟုပင်ဆိုသင့်ပါသည်။ တောင်ပေါ်မြေပြန့်မကျန် သူ့နည်းသူ့ဟန်ဖြင့် မိမိဒေသနှင့်ကိုက်ညီသည့် သီးပင်စားပင်၊ ဆန်စပါးနှင့်ဟင်းသီးဟင်းရွက်အပါအဝင် သစ်ပင်ပန်းမန်တို့ကို စိုက်ပျိုးလျက်ရှိပါသည်။**

မိမိတို့နိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံသည်ကား ဆန်စပါးပင် ဖြစ်ပါသည်။ အခြားသော ပဲအမျိုးမျိုးနှင့် ဂျုံ၊ ပြောင်းအစရှိသည့် သီးနှံများကိုလည်း စိုက်ပျိုးလေ့ရှိကြပါသည်။ ထိုသို့ စိုက်ပျိုးရာတွင် တချို့က စီးပွားဖြစ်စိုက်ပျိုးကြသည်။ တချို့က တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည်။ မည်သည့်အပင်မဆို စိုက်ပျိုးပြီဆိုပါက မြေသြဇာကျွေးရပါသည်။ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများအနေဖြင့် သဘာဝဓာတ်မြေသြဇာကို များသောအားဖြင့် ကျွေးလေ့ရှိကြသော်လည်း စီးပွားဖြစ်စိုက်ပျိုးသူအများစုမှာ ဓာတ်မြေသြဇာကို ကျွေးလေ့ရှိကြပါသည်။




### မြေသြဇာအမျိုးအစားများ

မြေသြဇာသည် သဘာဝမြေသြဇာ သို့မဟုတ် အော်ဂဲနစ်မြေသြဇာနှင့် ဓာတုဓာတ်မြေသြဇာဟူ၍ နှစ်မျိုးရှိပါသည်။ သဘာဝမြေသြဇာတွင် အပင်ဆွေးမြေသြဇာ (Compost-ကွန်ပို့စ်ထ်)၊ အပင်ဆွေးမြေသြဇာသည် အပင်နှင့် အပင်ထွက်ပစ္စည်းများဖြစ်ကြသော သစ်ကိုင်း၊ သစ်ရွက်များ၊ သစ်ဆွေးများနှင့် သစ်သီးနှင့်ကောက်ရိုးဆွေးများ၊ နွားချေးအဆွေးများအပြင် အခြားဆွေးမြည့်စေနိုင်သော သတင်းစာ၊ စက္ကူများနှင့်အခြားသော အလွယ်တကူ ဆွေးမြည့်စေနိုင်သော အိမ်သုံးပစ္စည်း စသည်တို့ဖြစ်သည်။ ထို့အပြင် ကျေးငှက်တိရစ္ဆာန်တို့ စွန့်ပစ်လိုက်သော အညစ်အကြေးများကိုလည်း မြေသြဇာအဖြစ် အသုံးပြုနိုင်ပါသည်။ ဥပမာ-ကြက်ချေး၊ ဘဲချေးနှင့် လင်းနို့ချေးတို့ဖြစ်သည်။ ဓာတုမြေသြဇာဆိုသည်မှာ ဓာတုနည်းဖြင့် ပြုလုပ်ထားသော အသီးကြီးထွားဆေး၊ အပင်သန်ဆေး၊ ပေါင်းသတ်ဆေး၊ အထွက်တိုးဆေး၊ ပိုးသတ်ဆေး၊ အရွက်ဖျန်းဆေးစသည်တို့ ဖြစ်ပါသည်။

ထို့အပြင် သဘာဝမြေသြဇာနောက်တစ်မျိုးမှာ တီကောင်စွန့်ပစ်မြေသြဇာ (Vermicompost) ဖြစ်သည်။ တီကောင်သည် မြေဆီမြေနှစ်များ၊ အပင်၏ အစိတ်အပိုင်းများနှင့် လူသားတို့စားသုံးပြီးသော စားကြွင်းစားကျန်များကို စားသုံးသည်ဟု သိရသည်။ ထိုသို့ စားသုံးပြီးပါက တီကောင်များသည် တီကျစ်စာများကို ပြန်လည်စွန့်ထုတ်လေ့ရှိပါသည်။ တီကျစ်စာခဲများကို မြေပြင်ပေါ်တွင် အလွယ်တကူ တွေ့မြင်နိုင်ပါသည်။ ထိုတီကျစ်စာခဲများတွင် သဘာဝအားဖြင့် အပင်အတွက် လိုအပ်သော ပိုတက်စီယမ်နှင့် ကယ်လ်ဆီယမ်ဓာတ်တို့အပြင် နိုက်ထရိုဂျင်နှင့် ဖော့စ်ဖရပ်တို့လည်း ပါဝင်သည့်အပြင် အစိုဓာတ်ကိုလည်း ထိန်းပေးနိုင်ကြောင်း သိရသည်။

### အော်ဂဲနစ်စိုက်ပျိုးခြင်း

သဘာဝဓာတ်မြေသြဇာကိုအသုံးပြု၍ ဓာတုပိုးသတ်ဆေးမသုံးဘဲ စိုက်ပျိုးခြင်းကို အော်ဂဲနစ်စိုက်ပျိုးခြင်းဟု ခေါ်ဆိုကြပါသည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို စီးပွားရေးတစ်ခုသဖွယ် ပြုလုပ်နေကြသဖြင့် ဓာတုဓာတ်မြေသြဇာကိုအသုံးပြုလျက်ရှိပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း ဓာတုဓာတ်မြေသြဇာကို လူတိုင်းလိုလို အသုံးပြုနေကြသည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာပင်ဖြစ်ပါသည်။ စပါးကို နွေသီး၊ မိုးသီးဟူ၍ နှစ်သီးစိုက်ပျိုးကြရာ နွေသီးစိုက်ပျိုးရာတွင် စပါးအထွက်နှုန်းကောင်းမွန်စေရန် ဓာတုဓာတ်မြေသြဇာနှင့်အခြားသော အထွက်တိုးမြေသြဇာများ၊ ပိုးသတ်ဆေးများကို အသုံးပြုလေ့ရှိကြပါသည်။ ပိုးသတ်ဆေးသည် အဆိပ်ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးများကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိပါသည်။

### အော်ဂဲနစ်ပိုးသတ်ဆေးများ

ပိုးသတ်ဆေးများကို အသုံးမပြုပါက မည်သည့်ပိုးသတ်ဆေးကို အသုံးပြုရမလဲဟု မေးစရာရှိပါသည်။ ထိုသို့ အမေးရှိသော် အဖြေလည်းရှိပါသည်။ ယင်းကား အော်ဂဲနစ်ပိုးသတ်ဆေးများပင် ဖြစ်ပါသည်။ အော်ဂဲနစ်ပိုးသတ်ဆေးများကို ဒေါက်တာခင်မောင်လွင်၏စာအုပ်မှ အနည်းငယ်ထုတ်နုတ်ဖော်ပြချင်ပါသည်။ အော်ဂဲနစ်ပိုးသတ်ဆေးများမှာ အပင်မှရသောပိုးသတ်ဆေး(Phyto-insecticides)၊ ကြက်သွန်ဖြူ ပိုးသတ်ဆေးရည် (Garlic insecticide)၊ ငရုတ်ပိုးသတ်ဆေးရည် (Chilli insecticide)၊ တမာပိုးသတ်ဆေးရည် (Neem insecticide)စသည်တို့ ဖြစ်ပါသည်။

အပင်မှရသော ပိုးသတ်ဆေးများသည် အပင်၏ ရောဂါပိုးများနှင့်သီးနှံဖျက်ပိုးများကို ကာကွယ်နိုင်ပါသည်။ ကြက်သွန်ဖြူပိုးသတ်ဆေးသည် ပုရွက်ဆိတ်၊ ပိုးတုံးလုံး၊ ပက်ကျိနှင့်အခြားသော သီးနှံဖျက်ပိုးများကို သေစေနိုင်ပါသည်။

ငရုတ်ပိုးသတ်ဆေးသည် ကြက်သွန်ဖြူပိုးသတ်ဆေးရည်နည်းတူ သီးနှံဖျက်ပိုးများကို သေစေနိုင်ကြောင်း သိရသည်။

ဓာတုပိုးသတ်ဆေးများသည် အပင်အသီးနှင့် အထွက်နှုန်းကောင်းစေသည်မှာ အမှန်ပင်ဖြစ်သော်လည်း ရေရှည်သုံးစွဲပါက ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ယနေ့ကမ္ဘာ့နိုင်ငံအချို့သည် သဘာဝမြေသြဇာကိုသာ အသုံးပြုလျက် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးလာခဲ့ကြပါသည်။ သြစတြေးလျနိုင်ငံတွင် ၃၈ ဒသမ ၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် ၉ ဒသမ ၀ ရာခိုင်နှုန်း၊ ဥရောပနိုင်ငံများတွင် ၂၃ ဒသမ ၀ ရာခိုင်နှုန်း၊ မြောက်အမေရိကနိုင်ငံများတွင် ၇ ဒသမ ၀ ရာခိုင်နှုန်း၊ အာဖရိကနိုင်ငံများတွင် ၃ ဒသမ ၀ ရာခိုင်နှုန်း၊ လက်တင်အမေရိကနိုင်ငံများတွင် ၂၀ ဒသမ ၀ ရာခိုင်နှုန်း ရှိပါသည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အော်ဂဲနစ်ဖြင့် စိုက်ပျိုးခဲ့ပြီး အော်ဂဲနစ်စိုက်ပျိုးမြေဧရိယာ ၄၃ ဒသမ ၇ သန်းရှိခဲ့ရာ ကမ္ဘာပေါ်ရှိ စုပေါင်းစိုက်ပျိုးမြေဧရိယာ၏ ၀ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း သိရသည်။

သဘာဝမြေသြဇာကိုသုံးစွဲ၍ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးခြင်းသည် လူသားနှင့်သက်ရှိတို့အတွက် လွန်စွာအကျိုးများပါသည်။ ယင်းအပြင် စိုက်ပျိုးမြေလည်း မြေဆီသြဇာကြွယ်ဝ၍ မြေဆီလွှာပျက်စီးခြင်း မရှိတော့ပေ။ ယနေ့ခေတ် လယ်ယာမြေများသည် ယခင်ကကဲ့သို့ မြေဆီသြဇာကြွယ်ဝမှု နည်းပါးလာပါသည်။ ထိုအခါ အပင်ကြီးထွားနှုန်းနှင့်အသီးအနှံအထွက်နှုန်းလည်း လျော့ကျလာပါသည်။ ထိုအခါ စိုက်ပျိုးစရိတ်နှင့်အထွက်နှုန်း မကာမိတော့ပေ။

### ဓာတုပိုးသတ်ဆေးများ၏ ဆိုးကျိုး

ထို့ကြောင့် အထွက်နှုန်းကောင်းစေရန်အတွက် ဓာတုဓာတ်မြေသြဇာများကို အသုံးပြု၍ စိုက်ပျိုးကြလေသည်။ အသီးအားဆေးကျွေးခြင်း၊ ဓာတုပိုးသတ်ဆေးရည်များကို အသုံးပြုလာခြင်း၊ ပေါင်းသတ်ဆေးနှင့် မြက်သတ်ဆေးများကို သုံးစွဲလာခြင်းကြောင့် မြေဆီလွှာပျက်စီးရုံသာမက ထိုဆေးရည်များသည် မြေကြီးအတွင်းစိမ့်ဝင်နေကာ မိုးရွာသွန်းပါက မိုးရေနှင့်အတူ မြစ်ချောင်းအတွင်းသို့ ရောက်ရှိသွားပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့်အပြင် ရေနေသတ္တဝါများကိုလည်း သေကျေပျက်စီးစေနိုင်ပါသည်။ ပိုးသတ်ဆေးသုံး၍ စိုက်ပျိုးထားသော အသီးအနှံများကို စားသုံးပါက ကျန်းမာရေးနှင့် မညီညွတ်ပေ။

သဘာဝမြေသြဇာကိုအသုံးပြု၍ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးပါက ကျန်းမာရေးကို အကျိုးပြုနိုင်ပါသည်။ သဘာဝမြေသြဇာကို အသုံးပြု၍ အော်ဂဲနစ်ပိုးသတ်ဆေးကို အသုံးပြုစိုက်ပျိုးပါက မိမိစားသုံးသော အစားအစာများတွင် ဓာတုပိုးသတ်ဆေးကင်းသည့်အတွက် ရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်ပါသည်။ သဘာဝမြေသြဇာကိုအသုံးပြု၍ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးသော အသီးအနှံများသည် အာဟာရဓာတ် ပိုမိုကြွယ်ဝစွာ ပါဝင်သည့်အပြင် ဗီတာမင်ဓာတ်များလည်း များစွာ ပါဝင်သည့်အတွက် ကျန်းမာရေးအတွက် ပိုမိုသင့်လျော်ပါသည်။

ယခု စားသုံးနေသော သီးနှံအများစုသည် ဓာတုဓာတ်မြေသြဇာနှင့် မကင်းကြပေ။ ထို့ပြင် ယခုအခါ အသီးအနှံများသည် ယခင်ကအသီးအနှံများကဲ့သို့ တာရှည်အထားမခံတော့ပေ။ ဤသဘောသည် သဘာဝမြေသြဇာနှင့် ဓာတုဓာတ်မြေသြဇာ၏ ကွာခြားချက်ပင်ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့နိုင်ငံရှိ တောင်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ကောက်ပဲသီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သွင်းအားစုကုန်ကျစရိတ်များကို လျှော့ချနိုင်ရေးကို ရှေးရှု၍ ဓာတုဆေးဝါးများကို အသုံးပြုခြင်းကို သဘာဝမြေသြဇာများကို အသုံးပြုပြီး အော်ဂဲနစ်စိုက်ပျိုးရေးကို ကူးပြောင်းသင့်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

- **ဓာတုပိုးသတ်ဆေးများသည် အပင်အသီးနှင့် အထွက်နှုန်းကောင်းစေသည်မှာ အမှန်ပင်ဖြစ်သော်လည်း ရေရှည်သုံးစွဲပါက ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ယနေ့ကမ္ဘာ့နိုင်ငံအချို့သည် သဘာဝမြေသြဇာကိုသာ အသုံးပြုလျက် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးလာခဲ့ကြ**
- **သဘာဝမြေသြဇာကိုအသုံးပြု၍ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးပါက ကျန်းမာရေးကို အကျိုးပြုနိုင်ပါသည်။ သဘာဝမြေသြဇာကို အသုံးပြု၍ အော်ဂဲနစ်ပိုးသတ်ဆေးကို အသုံးပြုစိုက်ပျိုးပါက မိမိစားသုံးသော အစားအစာများတွင် ဓာတုပိုးသတ်ဆေးကင်းသည့်အတွက် ရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်**

# အရည်အသွေးကောင်း ထောပတ်သီးများ စိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် ဆောင်ရွက်မည်

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် ရောင်းချသည့်ခြံများတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် စိုက်ပျိုးမှုများပြုလုပ်ပြီး အသိအမှတ်ပြုလက်မှတ်ရရှိစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

လက်ရှိတွင် မြန်မာထွက်ကုန် ထောပတ်သီးများကို ပြည်ပနိုင်ငံများမှ ကမ်းလှမ်းမှုများနှင့် တင်ပို့ရောင်းချမှုများရှိနေသည့်အတွက် ထောပတ်သီးစိုက်ပျိုးသူ တောင်သူများအနေဖြင့် GAP စနစ်ဖြင့် စိုက်ပျိုးခြင်းများပြုလုပ်မှသာ အဆင်ပြေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးပြီးဧကများကို GAP စနစ်ဖြင့် ဆောင်ရွက်နေပြီး လာမည့်နှစ်တွင် စိုက်ပျိုးမည့် ထောပတ်ခြံများကိုလည်း တောင်သူများမှ စိုက်ပျိုးရေး နည်းစနစ်ကောင်းဖြစ်သော GAP စနစ်ဖြင့် စိုက်ပျိုးကာ အသိအမှတ်ပြုလက်မှတ်ရရှိစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ရှမ်းပြည်နယ်တောင်ပိုင်းက ထောပတ်ခြံတွေမှာ GAP စနစ်နဲ့ စိုက်ပျိုးနေတာရှိပါတယ်။ စိုက်ပြီးသမျှ ဧကတွေကတော့ GAP စနစ်နဲ့ သွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ဧက ၅၀၀၀ နဲ့ ၁၀၀၀၀ ကြားကိုတော့ GAP စနစ်နဲ့ ဆက်လက်စိုက်ပျိုးသွားမှာပါ။ နောက်ထပ်စိုက်ပျိုးမယ့်သူတွေကလည်း GAP စနစ်နဲ့ စိုက်ပျိုးဖို့ ပြင်ဆင်လာကြပါပြီ။ နည်းစနစ်ကောင်းများနဲ့ စိုက်ပျိုးတဲ့အတွက် ဝယ်ယူစားသုံးသူပြည်သူများလည်း ဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည် စိတ်ချစွာစားသုံးနိုင်ပါတယ်။ ပြည်တွင်း၊ ပြည်ပရောင်းချတဲ့ အခါမှာလည်း ဈေးကောင်းရရှိမှာပါ"ဟု ၎င်းက ရှင်းပြသည်။



ထောပတ်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသည့် ခြံတောင်သူများကို GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် သင်တန်းတစ်ကြိမ်ပေးပြီးဖြစ်ကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက်မြေ၊ ရေများကိုစစ်ဆေးခြင်းများပြုလုပ်ထားကြောင်း၊ ထို့ပြင် အစာကျွေးနည်းစနစ်များ၊ ပိုးသတ်ဆေးသုံးစွဲနည်း စနစ်များကို GAP စနစ်ဖြင့် ကိုက်ညီစေရန် ဆောင်ရွက်ထားရှိပြီး အသိအမှတ်ပြုလက်မှတ်ရရှိစေရန် ဆောင်ရွက်နေကြောင်း၊ အဆိုပါ လုပ်ငန်းများကို ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက် ၍ သင်တန်းများဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းလည်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ပွင့်ဖြူမြို့နယ်ရှိ ငှက်ပျောစိုက်ပျိုးတောင်သူများ အောင်မြင်ဖြစ်ထွန်းသော်လည်း ဈေးကောင်းမရ

**ပွင့်ဖြူ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေကို စနစ်တကျအသုံးချပြီး ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို နှစ်စဉ်စီးပွားဖြစ် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ငှက်ပျောအထွက်နှုန်း ကောင်းမွန်သော်လည်း ဈေးကောင်းမရကြောင်း ပွင့်ဖြူမြို့နယ်ရှိ ငှက်ပျောစိုက်ပျိုးတောင်သူများထံက သိရသည်။

ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဒေသခံကျေးလက်နေ တောင်သူများမှာ ရာသီမပြတ် စိုက်ပျိုးရေးလုပ်ငန်းအား စီးပွားဖြစ်လုပ်ကိုင်ကြပြီး အဓိကစိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ နှမ်း၊ ကုလားပဲ၊ ပဲထောပတ်၊ ပဲတီစိမ်း၊ နေကြာ၊ မြေပဲသီးနှံနှင့် စားပင် သီးနှံမျိုးစုံတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။ အချို့တောင်သူများမှာ ဥယျာဉ်ခြံမြေများ ပြုလုပ်ကာ ဖီးကြမ်းငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေးငှက်ပျော၊ ရခိုင်ငှက်ပျောတို့ကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသမှာ အများဆုံး စိုက်ပျိုးတဲ့ ငှက်ပျောကတော့ ဖီးကြမ်းငှက်ပျော ဖြစ်ပါတယ်။ ဖီးကြမ်းငှက်ပျောက ဈေးပိုရတဲ့အတွက် တောင်သူတွေ အများစုက အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ငှက်ပျောအထွက်နှုန်း ကောင်းပေမယ့် ဈေးကောင်းမရလို့ တွက်ချေမကိုက်ကြဘူး။ ပြီးခဲ့တဲ့နွေတုန်းကတော့ ငှက်ပျောဈေးကွက်က ဖီးကြမ်းတစ်ဖီးကို ငွေကျပ် ၉၀၀၊ ၁၀၀၀ ရောင်းချရပါတယ်။ ယခုမိုးတွင်းပိုင်းမှာတော့ ဈေးကပြန်ကျသွားတယ်။ တစ်ဖီးကို ငွေကျပ် ၆၀၀၊ ၇၀၀ လောက်ပဲ ရောင်းနေရတယ်။ ငှက်ပျောဈေးကွက် မကောင်းတဲ့အတွက် စိုက်ပျိုးတောင်သူတွေရော၊ တစ်ဆင့်ပြန်လည်ရောင်းချတဲ့ ဈေးသည်တွေပါ လုပ်ငန်းအဆင်မပြေကြပါဘူး" ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ငှက်ပျောစိုက်ပျိုး တောင်သူတစ်ဦးက ပြောသည်။



**ရဲဝင်းနိုင်**
**(ညောင်ဦး)**

# ပင်းတယမြို့နယ် ကျေးရွာများမှထွက်ရှိသည့် ခရမ်းသီးများ ဈေးကောင်းရလျက်ရှိ

**ပင်းတယ စက်တင်ဘာ ၂၆**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကျေးရွာစိုက်ခင်းအချို့တွင် စိုက်ပျိုးထားသည့် ခရမ်းသီးများ ယခု ကိုဗစ်-၁၉ ရောဂါ တတိယအကျော့တွင် ဝယ်ယူသူများ များပြားလျက်ရှိသဖြင့် ယခင်နှစ်များထက် ဈေးနှုန်းမြင့်မားပြီး ခရမ်းသီးစိုက်ပျိုးသူတောင်သူများ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ခရမ်းသီးများ ဆွတ်ခူးရောင်းချမှုနှင့် ပတ်သက်၍ ခရမ်းသီးစိုက်ပျိုးသူ တောင်သူ ဦးမြမောင်က " ကျွန်တော်တို့ကျေးရွာမှာတော့ ခရမ်းသီးတွေကို နှစ်စဉ်စိုက်ပျိုးကြပြီး ကိုဗစ်-၁၉ ရောဂါ ပထမအကျော့နှင့် ဒုတိယအကျော့တွေမှာတော့ ဈေးနှုန်းလည်းမရှိ ဝယ်ယူတဲ့သူတွေလည်းမရှိတော့ ခရမ်းသီးနဲ့ အခြားသီးနှံတွေကို ပရဟိတအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ကျေးရွာမှာရှိတဲ့ အိမ်ထောင်စုတွေကို လှူဒါန်းလိုက်ပါတယ်။ ယခုနှစ်မှာ ပထမဆုံးခူးဆွတ်တဲ့အချိန်က တစ်ပိဿာကို ငွေကျပ် ၇၅၀ မှ ၈၀၀ အထိ ရရှိပြီး ဝယ်ယူသူတွေလည်းများပြားတော့ ယခုနှစ်မှာ ခရမ်းသီးစိုက်ပျိုးရတာ ဈေးကောင်းရလို့ အဆင်ပြေပါတယ်'' ဟု ခရမ်းစိုက်သူတောင်သူ ဦးမြမောင်ထံမှ သိရသည်။

ခရမ်းသီးပင်များကို စိုက်ပျိုးပြီး ခူးဆွတ်ရပါက လေးကြိမ်မှ ငါးကြိမ်အထိ ခူးဆွတ်ရကာ တစ်ဧက စိုက်ပျိုးထားပါက တစ်ကြိမ်ခူးဆွတ်လျှင် အချိန် ၁၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။ ယခုနှစ် ကိုဗစ်-၁၉ တတိယအကျော့တွင် ပင်းတယမြို့ ကျေးရွာများမှ ထွက်ရှိသည့် ရာသီပေါ်သီးနှံများကို အခြားမြို့များသို့ ကားဂိတ်အရောက် ပို့ဆောင်၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချကြသဖြင့် သီးနှံစိုက်ပျိုးသူတောင်သူများ အဆင်ပြေလျက်ရှိကြောင်းလည်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောဆီး(ဇီး)ပျားရည်များ ထုတ်ယူသည့် ရာသီသို့ ရောက်ရှိသဖြင့် ပျားအုံများ ရွှေ့ပြောင်းမွေးမြူ

**ရန်ကုန် စက်တင်ဘာ ၂၆**

ဆေးဖက်ဝင် တောဆီး(ဇီး)ပျားရည်များကို မွေးမြူထုတ်ယူသည့် ရာသီသို့ ရောက်ရှိနေသဖြင့် ဆီး(ဇီး)ပျားရည်ထုတ်ယူသည့် ဒေသများသို့ ပျားမွေးမြူရေးလုပ်ကိုင်သူများမှ ပျားအုံများ ရွှေ့ပြောင်း မွေးမြူနေကြကြောင်း သိရသည်။

"စက်တင်ဘာလကနေစပြီး တောဆီး(ဇီး)ပျားစာရရှိမယ့် နေရာတွေတိုင်းမှာ ပျားအုံတွေ ရောက်နေပါပြီ။ တချို့ပျားအုံတွေလည်း ပျားရည် စထုတ်နေပါပြီ။ ပျားမွေးမြူသူတွေအနေနဲ့ အခုလိုကာလမှာ ပျားအုံရွှေ့ပြောင်းတာ၊ ပျားရည်ထုတ်လုပ်တာစတဲ့ နည်းစနစ်တွေကို နီးစပ်ရာပျားလုပ်ငန်းဌာနတွေဆီကနေ သင်ယူထားပြီး ဖြစ်ပါတယ်။ ပျားရည်ထုတ်စက်တွေနဲ့ သူတို့ဘာသာ ပျားရည်ထုတ်ယူမှာပါ။ ထုတ်ယူပြီးတဲ့ ပျားရည်တွေကိုတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှာရှိတဲ့ ပျားရည် သန့်စင်စက်ရုံမှာ ပြန်သန့်စင်ပြီးမှ ပြည်တွင်းပြည်ပပို့ကုန်အဖြစ်နဲ့ ရောင်းချကြမှာဖြစ်ပါတယ်။ ပျားရည်ထွက်တာကတော့ ရာသီဥတုအပေါ်မှာလည်း အများကြီးမူတည်ပါတယ်"ဟု ပျားသုံးဖော်ပျားရည်ထုတ်လုပ်ရေးမှ စီမံအုပ်ချုပ်သူ ဦးမြင့်နိုင်က ပြောသည်။

ဆီး(ဇီး)ပျားရည် အများဆုံး ထုတ်ယူနိုင်သည့် ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တို့အပြင် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်နှင့် နေပြည်တော်ကောင်စီ တပ်ကုန်းမြို့နယ်တို့တွင် ဆီး(ဇီး)ပျားရည် ထုတ်ယူနိုင်ရန် ရွှေ့ပြောင်းပျားအုံများ ရောက်ရှိနေကြပြီဖြစ်သည်။

"ဆီးပျားရည်က တခြားပျားရည်တွေနဲ့မတူဘဲ အရသာမှာ အနည်းငယ်အချဉ်ခတ်ပါတယ်။ အရသာထူးခြားတယ်ပေါ့။ ခဲသွားတာမျိုးလည်း မရှိဘူး။ သကြားပါဝင်မှုလည်း တခြားပျားရည်တွေထက်နည်းတယ်။ ဆေးဖက်ဝင်တာကြောင့် လူအများကြိုက်နှစ်သက်မှုရှိပြီး ဈေးကွက်ဝင်တဲ့ ပျားရည်တစ်မျိုးဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာနိုင်ငံတွင် ဆီး(ဇီး)ပျားရည်ကို ဆီး(ဇီး)ပင်မှ ဆီး(ဇီး) ပန်းပွင့်ချိန်များဖြစ်သည့် စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလများတွင် ထုတ်လုပ်လေ့ရှိကြသည်။ **နန်းထက်ထက်ချစ်**

# မုဒုံမြို့နယ်၌ မိုးစပါး ဧက ၇၇၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မုဒုံ စက်တင်ဘာ ၂၆**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးစပါး ၇၆၇၇၅ ဧက စိုက်ပျိုးရန် လျာထားချက်ကို ကျော်လွန်၍ ၇၇၃၅၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လျာထားချက် စိုက်ဧကထက် ၅၇၉ ဧက ပိုမိုစိုက်ပျိုးပြီးစီးခဲ့ရာ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ရိတ်သိမ်းနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ မိုးစပါးစိုက်ခင်းများ အောင်မြင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ မြေ၊ မျိုး၊ ပိုး တာဝန်ခံများနှင့် ဝန်ထမ်းများက စိုက်ခင်းများအရောက် မြေပြင်ကွင်းဆင်း၍ တောင်သူများနှင့် ပူးပေါင်းကာ မြေမှန်၊ မျိုးမှန်၊ ရာသီမှန် စိုက်ပျိုးနိုင်ရေး၊ မိမိလယ်မြေနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးခြင်းနှင့် မိုးစပါးမျိုးသန့်စံပြကွင်း၌ မျိုးကွဲပယ်ခြင်း၊ သွင်းအားစုများပက်ကြဲခြင်းတို့ကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



## စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် စွမ်းရည်မြှင့်သင်တန်းပို့ချ

**ရသေ့တောင် စက်တင်ဘာ ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့မှ စေတနာ့ဝန်ထမ်းများအနေဖြင့် အရည်အချင်းပြည့်ဝပြီး စေတနာ့ဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းစနစ်ကျကျ ဆောင်ရွက်တတ်စေရန် ရည်ရွယ်လျက် စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က စေတနာ့ဝန်ထမ်းလူငယ်များအနေဖြင့် ယခုသင်ကြားပို့ချမည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် သင်ခန်းစာများကို စိတ်ဝင်တစားဖြင့် သင်ယူလေ့လာအကြံပြုဆွေးနွေးကြစေလိုကြောင်း၊ သင်တန်းမှရရှိသည့် အတွေ့အကြုံ အသိပညာများဖြင့် လက်တွေ့ဆောင်ရွက်နေသည့် ပရဟိတလုပ်ငန်းများမှာ အကျိုးရှိစွာဆောင်ရွက်ကြရန် လိုကြောင်းပြောကြားပြီး အဖွဲ့အတွင်းရေးမှူး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးမျိုးမင်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းတွင် ရသေ့တောင်မြို့နယ်အတွင်း စေတီပြင်တိုက်နယ်၊ ကူတောင်တိုက်နယ်နှင့် လောင်းချောင်းတိုက်နယ်များမှ စေတနာ့ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၆၀ ကို သင်တန်းနည်းပြဆရာများဖြစ်သည့် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် ကြက်ခြေနီတပ်ဖွဲ့တို့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အကြောင်းအရာ သင်ခန်းစာများကို နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

အောင်စံထွန်း (ပြန်/ဆက်)

## ကရင်ပြည်နယ်အစိုးရက သံတောင်ကြီးမြို့နယ်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**သံတောင်ကြီး စက်တင်ဘာ ၂၆**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်လျက်ရှိသော ဆေးရုံသုံးပစ္စည်းများဖြစ်သည့် Vacuum Machine စက်၊ Baby Warmer စက်နှင့် လိပ်သိုမြို့ တိုက်နယ်ဆေးရုံအတွက် ၅ ကေဗွီအေ မီးစက်တစ်လုံးကို ပြည်နယ်အစိုးရအဖွဲ့က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်ထံမှတစ်ဆင့် မြို့နယ်ဆရာဝန် ဒေါက်တာကျော်ကျော်လင်းထံ စက်တင်ဘာ ၂၅ ရက်က ပေးအပ်လှူဒါန်းသည်။



သံတောင်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် Vacuum Machine စက်ရှိလာသဖြင့် စက်နှင့် ကလေးများဆွဲထုတ်မွေးပေးနိုင်သည်သာမက ဓမ္မတာအတိုင်းမွေးဖွားပေးနိုင်ခြင်း၊ မိခင်နှင့်ကလေး အန္တရာယ်ကျရောက်နိုင်မှု နည်းပါးခြင်း၊ လူသက်သာခြင်း၊ ကလေးကိုဆွဲမထုတ်နိုင်၍ ခွဲစိတ်မွေးဖွားရမည်ဆိုပါက ငွေကုန်ကြေးကျ များခြင်း၊ လူပိုရှုပ်ပင်ပန်းခြင်း၊ အသက်အန္တရာယ်ထိခိုက်မှုများခြင်း စသည်တို့မှ ရှောင်လွှဲနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရှိမည်ဖြစ်သလို Baby Warmer စက်ကြောင့် မွေးကင်းစကလေးများ၏ ကိုယ်အပူချိန် လျော့ကျတတ်မှုကို ကာကွယ်နိုင်ခြင်း၊ သေဆုံးနိုင်ခြေကို လျော့ချနိုင်ခြင်း၊ မွေးကင်းစကလေးများ၏ ပုံမှန်ကိုယ်အပူချိန်ကို ထိန်းညှိပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေကြောင်း မြို့နယ်ဆရာဝန်က ပြောသည်။

မြို့နယ်
(ပြန်/ဆက်)



## သဲကုန်းမြို့နယ်တွင် အောက်ဆီဂျင်စက်ရုံတည်ဆောက်

**သဲကုန်း စက်တင်ဘာ ၂၆**

သဲကုန်းမြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော ကိုဗစ်-၁၉ အတည်ပြုလူနာများ အောက်ဆီဂျင် အခက်အခဲမရှိစေရေးအတွက် စေတနာရှင်အလှူရှင်များ၏လှူဒါန်းမှုဖြင့် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်းတွင် အောက်ဆီဂျင်စက်ရုံ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

သဲကုန်းမြို့နယ်အတွင်း တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အိုးကြီး ၈၀ မှ ၁၀၀ ခန့် ထွက်ရှိမည့် အောက်ဆီဂျင်စက်အား ရန်ကုန်မြို့ရှိ OMINI Trade ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုမှာ ယူထားရှိပြီး စက်ရုံအဆောက်အအုံ တည်ဆောက်မှုမှာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

ယခုလက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် အောက်ဆီဂျင်ရရှိရေးအတွက် နေ့စဉ်ပြည်မြို့သို့သွားရောက်၍ အောက်ဆီဂျင်ရရှိရေးကော်မတီမှ ကြိုးစားဆောင်ရွက်ပေးလျက်ရှိပြီး သဲကုန်းမြို့နယ်တွင် သုံးလတာကာလအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၂၃ ဦး ရှိခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်မရောမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေများ ထုတ်ချေးပြီးစီး

**ကျိုက်မရော စက်တင်ဘာ ၂၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေများကို ယခုနှစ် စက်တင်ဘာ ၆ ရက်က စတင်ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့က ကျေးရွာ ၁၃ ရွာ ထုတ်ချေးပေးပြီးဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ်မှာ ဒုတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ အသင်းသား အသင်းသူ ၄၄၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၉၀၇ ဒသမ ၅ သိန်းကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက ပြောသည်။

သန်းလွင်(မကွေး)

## မလှိုင်မြို့၌ လီတာ ၄၀ ဆံ့ အိုးအလုံး ၈၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရောက်ရှိ




**မလှိုင် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါလူနာများ အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရန် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့မိမြို့ဖများ ဦးဆောင်၍ အများပြည်သူသုံး အောက်ဆီဂျင်စက်ရုံကို ဩဂုတ် ၁ ရက်က စတင်တည်ဆောက်ခဲ့ကာ စက်ရုံအတွက် အောက်ဆီဂျင်စက်သစ်မှာ ယမန်နေ့နံနက်ပိုင်းက ရောက်ရှိပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်ထံမှ သိရသည် ။

ရောက်ရှိလာသော အောက်ဆီဂျင်စက်သစ်မှာ မလှိုင်မြို့ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်းမှ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မြို့မိမြို့ဖများ၏ စုပေါင်းလှူဒါန်းငွေဖြင့် စက်ရုံတည်ဆောက်ခြင်းနှင့် စက်ဝယ်ယူခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အောက်ဆီဂျင်စက်ရုံကို မိတ္ထီလာ-မြင်းခြံကားလမ်းမ အရှေ့ဘက်လယ်ကြီး ကျေးရွာအုပ်စုအတွင်း၌ တည်ဆောက်ထားပြီး စက်ရုံအဆောက် အအုံသည် အလျား ၄၅ ပေ၊ အနံ ၄၅ ပေ၊ အမြင့် ၁၃ ပေရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်သည်။

စက်ရုံဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကိုစန်းက "ကျွန်တော်တို့ဆီကို ဒီနေ့မနက်ပဲ အောက်ဆီဂျင်စက်အသစ်ရောက်ပါတယ်။ အားလုံး အဆင်သင့် ပြင်ဆင်ထားပြီးပါပြီ။ ရောက်ရှိလာတဲ့ အောက်ဆီဂျင်စက်ကို ၃/၄ ရက်အတွင်း အပြီးတပ်ဆင်ပြီး လည်ပတ်နိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံ လည်ပတ်နိုင်ပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုးအလုံး ၈၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မလှိုင်မြို့နယ်ရှိ ကိုဗစ်-၁၉ လူနာများအတွက်သာမက အခြားသော အောက်ဆီဂျင်လိုအပ်သည့် ဝေဒနာရှင်များနှင့် ဆက်စပ်နေသည့် မြို့နယ်များအတွက်လည်း ပံ့ပိုးကူညီနိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဌေး
(မလှိုင်)

# လှိုင်းဘွဲ့မြို့နယ်၌ အောက်ဆီဂျင်စက်သစ် စမ်းသပ်လည်ပတ်

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် လိုအပ်သော အောက်ဆီဂျင်များ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး မြို့နယ်အတွင်းရှိ အလှူရှင်များနှင့်ရပ်နီး ရပ်ဝေးမှ စုပေါင်းလှူဒါန်းသည့် အောက်ဆီဂျင်စက်သည် ယမန်နေ့ကစ၍ စတင်စမ်းသပ်လည်ပတ်၍ အောက်ဆီဂျင်အိုးများ ထုတ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်သည် တန်ဖိုးငွေကျပ်သိန်း ၇၅၀၀ ရှိပြီး လီတာ ၄၀ ဆံ့ အောက်ဆီဂျင် အိုးလေးလုံးကို စတင်စမ်းသပ်ထုတ်ယူနိုင်ခဲ့သည်။

အောက်ဆီဂျင်စက် စတင်လည်ပတ် ထုတ်ယူနိုင်ခြင်းကြောင့် လှိုင်းဘွဲ့မြို့နယ်အတွင်း အောက်ဆီဂျင် လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်း ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

မြို့နယ်
(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSON

" သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရွယ်မရွေး ပါဝင်ကြ "

" Digital Equity for All Ages "

၁.၁၀.၂၀၂၁ နေပြည်တော်

# မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ် နယ်ခြားကျောက်တိုင် စိုက်ထူထားရှိမှုနှင့် ခြံစည်းရိုးကာရံထားရှိမှုများ ကွင်းဆင်းစစ်ဆေး



မြန်မာ-တရုတ် နယ်နိမိတ်ကျောက်တိုင် စိုက်ထူထားမှုအား ပူးပေါင်းအဖွဲ့များ စစ်ဆေးစဉ်။

**ချင်းရွှေဟော် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း စိုက်ထူထားရှိသည့် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်နိမိတ်ကျောက်တိုင်အမှတ် BP 141၊ BP 142 နှင့် BP 142-1 တို့အား ချင်းရွှေဟော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်မြေခံတပ်ရင်းနှင့် နယ်မြေရဲစခန်းမှ တာဝန်ရှိသူများ၊ အခြားသော ဌာနဆိုင်ရာများ ပူးပေါင်းကာ ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် တရုတ်နိုင်ငံဘက်မှ စိုက်ထူကာရံထားသည့် ရှောက်ကန်းထန်ကျေးရွာအနီးရှိ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်နိမိတ်မှတ်တိုင်အမှတ် BP- 141၊ ရှီမင်ခန်ကျေးရွာအနီးရှိ နယ်နိမိတ်မှတ်တိုင် အမှတ် BP-142 နှင့် နယ်နိမိတ် မှတ်တိုင်အမှတ် BP-142-1 များသို့ စစ်ဆေးခဲ့ခြင်းဖြစ်သည်။

နယ်စပ် ကျောက်တိုင်များ စစ်ဆေးခဲ့ရာတွင် BP 142-1 ကျောက်တိုင်မှာ တောင်ကုန်းမြေပုံ အမှတ်- ၈၁၁၀၄၁ မှ ၈၀၄၀၃၂ ထိ အလူမီနီယံတိုင် ၄၂၀၊ အရှည် ၁၂၆၂မီတာခန့်အား ဘလိတ်ဓား သံဆူးကြိုးခွေရစ်တန်းဖြင့် နယ်နိမိတ် ကျောက်တိုင် BP -142-1 နှင့် တစ်တန်းတည်း ကာရံထားရှိပြီး တောင်ကုန်းမြေပုံအမှတ်- ၈၀၄၀၃၂ မှ ၈၀၂၀၃၁ ထိ အလူမီနီယံတိုင် ၆၃ တိုင်၊ အရှည် မီတာ ၁၉၀ ခန့် အား စိုက်ထူထားကာ တောင်ကုန်းမြေပုံ အမှတ်-၈၀၂၀၃၁ မှ ၈၀၁၀၃၀ ထိ သုံးပေပတ်လည် မြေကျင်း ၄၂ ကျင်း အရှည် မီတာ ၁၄၀ ခန့်အား နယ်နိမိတ်မျဉ်းပေါ်တွင် ဆောင်ရွက်ထားရာ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် ၁၀ မီတာအတွင်း ဝင်ရောက်ဆောင်ရွက်ထားရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။



နယ်နိမိတ်ခြံစည်းရိုး ကာရံထားမှုကို တွေ့ရစဉ်။

ယင်းနယ်နိမိတ် ကျောက်တိုင် BP-142-1 အနီး ခြံစည်းရိုးကာရံထားမှုကို စက်တင်ဘာ ၂၁ ရက်က နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများစစ်ဆေးစဉ်က တရုတ်-မြန်မာ နှစ်နိုင်ငံနယ်နိမိတ်မျဉ်း ၁၀ မီတာအတွင်း လွတ်ကင်းသော်လည်း ယခုအရပ်ဘက်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် ထပ်မံစစ်ဆေးစဉ် ယခင်ကာရံထားရှိသည့် ခြံစည်းရိုးများအား ပြန်လည်ဖြုတ်ယူပြီး နေရာရွှေ့၍ နယ်စပ်ကျောက်တိုင်နှင့်တစ်တန်းတည်း ကာရံထားကြောင်း စိစစ်တွေ့ရသဖြင့် ကန့်ကွက်မှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စည်သူမောင်မောင်
(ပြန်/ဆက်)

# မိုးများအဆက်မပြတ်ရွာသွန်းသောကြောင့် သရက်ခွချောင်းတံတား၏ ကမ်းကပ်ခုံမြေသားပြိုကျ

**မြို့သစ် စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ယမန်နေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် နေပြည်တော်-တောင်ညို- မြို့သစ်ကံပြား (မကွေး) လမ်းမိုင်တိုင် ၃၃/၁ နှင့်၃၃/၂အကြားရှိ သရက်ခွချောင်းတံတားကမ်းကပ်ခုံနှစ်ဖက်၏ အောက်မြေသားများ ရေတိုက်စားမှုကြောင့် ပြိုကျမှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါနေရာသို့ မြို့သစ်မြို့နယ်ရှိ လမ်းတံတားဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးကာ ယာဉ်အန္တရာယ်ကင်းဝေးစေရန်နှင့် သွားလာမှုအခက်အခဲမရှိစေရန်မြေဖို့ခြင်း၊ သဲအိတ်များ စီချခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသည်။ ကိုဇော် (ပြန်/ဆက်)

# ပခုက္ကူမြို့နယ်၌ ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့နေရသူများအား ထောက်ပံ့

**ပခုက္ကူ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ စက်တင်ဘာ ၂၂ ရက်က ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်ပြောင်းရွှေ့နေရသည့် ကျွန်းညိုရွာသစ်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းပြီး စက်တင်ဘာ ၂၅ ရက်က စားနပ်ရိက္ခာနှင့် ကျန်းမာရေးသုံး ပစ္စည်းများ ထောက်ပံ့လှူဒါန်းကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျေးရွာရှိ အိမ်ခြေ ၄၂ ခုနှင့် လူဦးရေ ၁၇၂ ဦးတို့အတွက် ပခုက္ကူမြို့ မျိုးသန့် ဖုန်းအရောင်းဆိုင်၊ MPT ဆင်းမ်ကတ် ဖြန့်ချိရေးနှင့် ကုန်ပစ္စည်းမျိုးစုံ ဖြန့်ချိရေးလုပ်ငန်းစုတို့၏ မတည်လှူဒါန်းမှုဖြင့် ဒေသခံအရပ်ဘက် အဖွဲ့အစည်းများ ပူးပေါင်းကာ အိမ်ထောင်စုတစ်စုလျှင် ဆန်သုံးပြည်၊ ကြက်ဥ ၁၀ လုံး၊ ဆီ ၂၅ကျပ်သား၊ ဆား ၂၅ ကျပ်သားနှင့် ဘီစကစ်မုန့် တစ်ထုပ်၊ ပါးစပ်နှင့် နှာခေါင်းစည်း ၅၀ ခုပါ တစ်ထုပ်၊ လက်သန့်ဆေးရည် တစ်ဘူး၊ ဆပ်ပြာတစ်ခဲ၊ အချိုရည်ဘူးကြီးတစ်ဘူးတို့ကို လှူဒါန်းကြသည်။

ထိုကဲ့သို့ မြစ်ရေတိုက်စားမှုကြောင့် ပြောင်းရွှေ့ရသူများမှာ နေအိမ်များ ကြိုတင်ဖျက်သိမ်းပြီး နီးစပ်ရာဆွေမျိုး နေအိမ်တွင်သာ မှီခိုနေထိုင်ကြရကြောင်း သိရသည်။ ထိုသို့ ပြောင်းရွှေ့ရသည့် လူနေအိမ်များတွက် ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တစ်အိမ်လျှင် ငွေကျပ်တစ်သိန်း၊ ရေဘေးသင့်ပြည်သူတစ်ဦးလျှင် ဆန်ရိက္ခာဖိုး တစ်ပတ်စာ ငွေကျပ် ၂၁၀၀ ကို စက်တင်ဘာ ၂၅ ရက်က လာရောက်ထောက်ပံ့ခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်သန်းက ပြောသည်

ဆလိုင်းကိုကီး(ပြန်/ဆက်)



# ပွင့်ဖြူမြို့ အမှတ်(၄၆)စက်မှုလယ်ယာစခန်းက လယ်ယာသုံးစက်ကိရိယာ အစီးရေ ၉၀ ကျော်အား အခမဲ့ ပြုပြင်

**ပွင့်ဖြူ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အမှတ်(၄၆) စက်မှုလယ်ယာစခန်းက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ စိုက်ပျိုးရာတွင် အခက်အခဲမဖြစ်စေရေး အတွက် ချို့ယွင်းပျက်စီးသည့် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာ အစီးရေ ၉၀ ကျော်အား အခမဲ့ပြုပြင်ဆောင်ရွက်ပေးကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့ အမှတ်(၄၆) စက်မှုလယ်ယာစခန်းက တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာများကို နှစ်စဉ်ပြုပြင်ဆောင်ရွက်ပေးနေတဲ့အပြင် ဌာနပိုင်ထွန်စက်ကြီးတွေနဲ့ လယ်ယာမြေပြုပြင်ဆောင်ရွက်ပေးခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်များ အငှားလိုက် ဝန်ဆောင်မှုပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ လက်ငင်းစနစ်၊ အရစ်ကျစနစ်တို့ဖြင့် ဝယ်ယူအသုံးပြုနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာကုမ္ပဏီများနှင့် ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံး စက်ကိရိယာများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု အမှတ် (၄၆)စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စန်းက ပြောသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ပေးမှုအနေဖြင့် လယ်ထွန်စက်ကြီး ၉၁ စီး၊ ရိတ်သိမ်းခြွေလှေ့စက် လေးစီး၊ လက်တွန်းထွန်စက် လေးစီး၊ အခြားလယ်ယာသုံးစက်ကိရိယာ သုံးခုတို့ကို ပြုပြင်ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

ရဲဝင်းနိုင်
(ညောင်ဦး)

# လုံခြုံရေးတပ်ဖွဲ့ဝင်များ အယောင်ဆောင်လျက် ငွေကြေးလိမ်လည်တောင်းခံရာတွင် ပါဝင်ပတ်သက်သူများ ဖမ်းဆီးရမိ

## အမှုကိစ္စနှင့်ပတ်သက်၍ ငွေကြေးတောင်းခံမှု အပါအဝင် ဥပဒေမဲ့လုပ်ရပ်များရှိလာပါက တိုင်ကြားနိုင်

**နေပြည်တော် စက်တင်ဘာ ၂၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်လျက် ငွေကြေးတောင်းခံ၍ အမြတ်ထုတ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကို ထင်ယောင်ထင်မှားဖြစ်အောင် ဆောင်ရွက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် (စ)ရပ်ကွက် မနော်ဟရီလမ်း ၆၇ x ၆၈ လမ်းကြားတွင် KKY စတီးလ်လုပ်ငန်း လုပ်ကိုင်သူ မျိုးညွန့် (ခ) ကရင်လေးသည် PDF အဖွဲ့ဝင်များကို ငွေကြေးထောက်ပံ့မှုများ ရှိနေကြောင်းသိရှိ၍ စက်တင်ဘာ ၁၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် နေအိမ်သို့ သွားရောက်ခေါ်ယူထိန်းသိမ်းကာ လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ပြီး PDF အဖွဲ့ဝင်များနှင့် ပတ်သက်မှုမရှိကြောင်း သိရှိရသဖြင့် စက်တင်ဘာ ၁၈ ရက်တွင် ပြန်လည်စေလွှတ်ပေးခဲ့သည်။





လုံခြုံရေးတပ်ဖွဲ့ဝင် အယောင်ဆောင်လျက် ငွေကြေးလိမ်လည်တောင်းခံရာတွင် ပါဝင်ပတ်သက်သည့် ပိုင်ဖြိုးဟိန်းနှင့် သန်းထိုက်အောင်။

အဆိုပါ မျိုးညွန့် (ခ) ကရင်လေးကို စစ်ဆေးနေစဉ်ကာလ စက်တင်ဘာ ၁၃ ရက်တွင် ၎င်း၏ ဇနီးဖြစ်သူ မဝေဝေလင်းထံ အမျိုးသားတစ်ဦးက ဖုန်းဆက်သွယ်၍ ၎င်းမှာ နန်းတွင်းမှအရာရှိတစ်ဦးဖြစ်ကြောင်း၊ မျိုးညွန့် (ခ) ကရင်လေး ပြန်လည်လွတ်မြောက်ရန်အတွက် ငွေကျပ်သိန်း ၂၀၀ ပေးရမည်ဖြစ်ကြောင်း တောင်းခံလာသဖြင့် မဝေဝေလင်းက ငွေကျပ်သိန်း ၁၆၀ သာ ပေးနိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲ့ပြီး ယင်းသို့ ငွေတောင်းခံမှုကို စက်တင်ဘာ ၁၄ ရက်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများထံသို့ အကြောင်းကြားတင်ပြခဲ့သည်။

တိုင်းစစ်ဌာနချုပ်က စိစစ်ဖော်ထုတ်ချက်အရ လိမ်လည်ငွေတောင်းခံမှုနှင့် ဆက်နွယ်သူများဖြစ်သည့် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)နေ ပိုင်ဖြိုးဟိန်း (ဘ) ဦးသန်းဝင်း အသက် (၂၀ နှစ်) နှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂) မြမာလာရပ်နေ သန်းထိုက်အောင် (ဘ) ဦးသန်းဝင်း အသက် (၃၂ နှစ်) တို့ကို စက်တင်ဘာ ၁၅ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိ တရားခံနှစ်ဦး၏ ထွက်ဆိုချက်အရ ၎င်းတို့အား ဇင်မင်းခန့်ဆိုသူက ငွေလွှဲထုတ်ရန် စေလွှတ်ခဲ့ကြောင်း သိရှိရသဖြင့် ပြင်ဦးလွင်မြို့နယ် ပင်လိမ်ကျေးရွာရှိ ဇင်မင်းခန့် နေအိမ်သို့ သွားရောက်ဖမ်းဆီးရာ ဇင်မင်းခန့်မှာ နေအိမ်မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ဇနီးဖြစ်သူ ဝေဝေခိုင်ကို တွေ့ရှိရကာ ဝေဝေခိုင်အားစစ်ဆေးချက်အရ ဇင်မင်းခန့်မှာ မျိုးညွန့် (ခ) ကရင်လေးနှင့် မယားညီအစ်ကို တော်စပ်သူဖြစ်ကြောင်း၊ ဝေဝေလင်းနှင့် ဝေဝေခိုင်မှာ ညီအစ်မတော်စပ်သူဖြစ်ကြောင်း ဇင်မင်းခန့်အနေဖြင့် မျိုးညွန့်နှင့် ပတ်သက်ပြီး သတင်းမှားများပေး၍ မျိုးညွန့် ဖမ်းဆီးခံရကာ စစ်ဆေးနေစဉ် မဝေဝေလင်းထံသို့ ဖုန်းဆက်သွယ်ရယူ၍ နန်းတွင်းမှ အရာရှိအနေဖြင့် ငွေကြေးတောင်းခံခဲ့ကြောင်း သိရှိရသည်။ သို့ဖြစ်၍ တရားခံ ဇင်မင်းခန့်အား ဖမ်းဆီးရမိရေးအတွက် ပြင်ဦးလွင်သို့ ငွေလွှဲပို့နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာ ငွေလွှဲထုတ်ယူရန် လာရောက်သူ ပိုင်ဖြိုးဟိန်းနှင့် သန်းထိုက်အောင်ကို ဖမ်းဆီးရမိခဲ့ပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ပြင်ဦးလွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်းနှင့် တရားခံ ဇင်မင်းခန့်အား ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များ အယောင်ဆောင်လျက် ငွေကြေးတောင်းခံ၍ အမြတ်ထုတ်ခြင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာအား ထင်ယောင်ထင်မှား သံသယဖြစ်စေခြင်းတို့ မကြာခဏ ဖြစ်ပေါ်ဖြေရှင်းရလျက် ရှိပါသဖြင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ဆွေမျိုးအသိုက်အဝန်းမှဖြစ်စေ၊ မိမိပတ်ဝန်းကျင်၌ဖြစ်စေ အမှုကိစ္စနှင့်ပတ်သက်၍ ငွေကြေးတောင်းခံမှု အပါအဝင် ဥပဒေမဲ့လုပ်ရပ်များရှိလာပါက နီးစပ်ရာ လုံခြုံရေးစစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစခန်း၊ ဌာနချုပ်များသို့ အသိပေးတိုင်ကြားနိုင်ပါကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း အိန္ဒိယလိဂ်ချန်ပီယံအသင်းတွင် သွားရောက်ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် အိန္ဒိယ အမျိုးသမီးလိဂ်ချန်ပီယံအသင်းတွင် ကာလတိုစာချုပ်ဖြင့် သွားရောက်ကစားမည်ဖြစ်သည်။ ထို့ကြောင့် ဝင်းသိင်္ဂီထွန်းသည် မြန်မာအမျိုးသမီး ဘောလုံးသမားများတွင် ပထမဆုံး ပြည်ပထွက်ကစားသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဝင်းသိင်္ဂီထွန်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ယှဉ်ပြိုင်ရမည့် အာရှဖလား အမျိုးသမီးခြေစစ်ပွဲအပြီးတွင် သွားရောက်ပူးပေါင်းမည်ဖြစ်သည်။ Gokulam Kerala FC အသင်းသည် နိုဝင်ဘာလအတွင်း ကျင်းပမည့် AFC Women’s Club Championship ပြိုင်ပွဲအတွက် မြန်မာတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းကို ခေါ်ယူခြင်းဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် အိန္ဒိယအမျိုးသမီးလိဂ် ချန်ပီယံအသင်းဖြစ်သော Gokulam Kerala FC (GKFC) အသင်းသို့ ကာလတိုစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး အောက်တိုဘာနောက်ဆုံးပတ်တွင် သွားရောက်ပူးပေါင်းမည်ဖြစ်သည်။ Gokulam Kerala FC အသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၁၉-၂၀၂၀ ရာသီ အိန္ဒိယအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သဖြင့် AFC Women’s Club Championship ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်း ဖြစ်သည်။ ယင်းအသင်းသည် နိုင်ငံခြားသား ကစားသမားများ ခေါ်ယူအသုံးပြုခဲ့သလို ဝင်းသိင်္ဂီထွန်းကိုမူ FC Women’s Club Championship ပြိုင်ပွဲအတွက် ကာလတို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

“ပြည်ပထွက် ကစားခွင့်ရတဲ့ ပထမဆုံး အမျိုးသမီး ဘောလုံးသမားဖြစ်လို့ ဝမ်းသာတယ်။ ဂုဏ်လည်းယူပါတယ်။ အိန္ဒိယလိဂ်ရဲ့ လက်ရှိချန်ပီယံအသင်းဖြစ်သလို နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ နည်းပြ၊ လက်ရွေးစင်အဆင့် ကစားသမားတွေရှိနေတဲ့ အသင်းကို ပြောင်းရွှေ့ခွင့်ရတာ တကယ်ကို ဝမ်းသာမိပါတယ်။ အသင်းဖော်တွေနဲ့အတူ အာရှအမျိုးသမီး ကလပ်ချန်ပီယံရှစ်မှာ အောင်မြင်မှုရဖို့ ကြိုးစားသွားမှာပါ” ဟု ဝင်းသိင်္ဂီထွန်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

**ရဲရင့်လွင်**

** ကျော့ဖုံးမှ*

တပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း၊ လုပ်ငန်းကာလမှာ ၂၉-၆-၂၀၂၁ ရက်နေ့မှ ၉-၁-၂၀၂၂ ရက်နေ့အထိဖြစ်ပြီး ၆၃ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း Kyaw Thar Engineering Construction Group ကုမ္ပဏီမှ Project မန်နေဂျာ ဦးသန်းလွင်က ပြောသည်။

အဆိုပါခတ်လှေကား၏ လျှောက်လမ်းအကျယ်မှာ ၁၂ ပေရှိပြီး အတက်နှင့် အဆင်းဟူ၍ နှစ်စင်းဖြစ်သည့်အတွက် ခတ်လှေကားတစ်စင်းလျှင် လူ ၂၀ နှုန်းဖြင့် စုစုပေါင်း လူ ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ဘုရားပွဲတော်ချိန်မတိုင်မီ အပြီးတည်ဆောက်မည်ဖြစ်သည်။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်တော်မူခဲ့သော ထူးကဲလှသည့် သမိုင်းဝင်မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာ နှစ်ဆူတည်ရှိရာ မန်းရွှေစက်တော်ဘုရားကြီးအား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများအပြင် သက်ကြီးဘိုးဘွားများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများအနေဖြင့် နှစ်ကျိပ်ရှစ်ဆူဘုရားစေတီတော်အနီးမှ အထက်ကိုးခန်းကြီးဘုရား ရင်ပြင်အထိ အလွယ်တကူ တက်ရောက်ဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် တည်ဆောက်ရခြင်းဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**



ခတ်လှေကားတည်ဆောက်မှု လုပ်ငန်းခွင်ကို တွေ့ရစဉ်။

# ဆမ်ဒိုးရီးယားကို အနိုင်ရရှိပြီးနောက် လိဂ်နှစ်ပွဲဆက် နိုင်ပွဲရရှိခဲ့သည့် ဂျူဗင်တပ်စ်

အီတလီစီးရီးအေ ပွဲစဉ် (၆) ၏ အစောဆုံးပွဲစဉ်အဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် ဆမ်ဒိုးရီးယားအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းက ဂျူဗင်တပ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂျူဗင်တပ်စ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုနှစ်ရာသီ ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် ဂျူဗင်တပ်စ်အသင်းအနေဖြင့် ဆမ်ဒိုးရီးယားအသင်းကိုအနိုင်ရရှိရန် လိုကာတယ်လီ၊ ဒိုင်ဘာလာ၊ မိုရာတာတို့ ဦးဆောင်ပွဲထွက်လာခဲ့ပြီး ဆမ်ဒိုးရီးယားအသင်းက ကန်ဒရီဗာ၊ ယိုရီဒါ၊ ကာပူတိုစသည့် အဓိက ကစားသမားအများစုဖြင့် ဂျူဗင်တပ်စ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ပွဲချိန် ၁၀ မိနစ်တွင် ဂျူဗင်တပ်စ်အသင်း ဦးဆောင်ဂိုးရရှိခဲ့ရာ လိုကာတယ်လီ၏ ဖန်တီးမှုမှ တစ်ဆင့် ဒိုင်ဘာလာက သွင်းယူပေးနိုင်ခဲ့သည်။

ပွဲချိန် ၄၃ မိနစ်တွင် ဂျူဗင်တပ်စ် ပယ်နယ်တီကန်ခွင့်ရရှိခဲ့ရာ ဘိုနူချီက အမှားအယွင်းမရှိ သွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုးနှစ်ဂိုး ခွင့်ပြုပေးခဲ့ရပြီးနောက် ဆမ်ဒိုးရီးယားအသင်းကလည်း ချေပဂိုးရရှိရေး တိုက်စစ်ဆင် ကစားလာသည့်အတွက် ပွဲမှာအကြိတ်အနယ်ရှိလာခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ဆမ်ဒိုးရီးယားအသင်း ချေပဂိုး ရရှိခဲ့ပြီး ကန်ဒရီဗာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ယိုရီဒါက သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၅၇ မိနစ်တွင် ဂျူဗင်တပ်စ်အသင်း တတိယဂိုးရရှိခဲ့ရာ ကလူဆက်စကီး၏ ဖန်တီးမှုမှတစ်ဆင့် လိုကာတယ်လီက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် ဆမ်ဒိုးရီးယားအသင်း ဒုတိယချေပဂိုး ရရှိခဲ့ပြီး ကန်ဒရီဗာက သွင်းယူပေးခဲ့သည်။ ပွဲချိန်ပြီးခါနီးတွင် အပြန်အလှန် ထိုးဖောက်မှုများနှင့်အတူ ပွဲမှာ မြိုင်ဆိုင်လာခဲ့သော်လည်း နှစ်သင်းစလုံး ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ဂျူဗင်တပ်စ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေ နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့ပြီး ပွဲစဉ် (၆) အပြီးတွင် နိုင်ပွဲနှစ်ပွဲ၊ သရေပွဲနှစ်ပွဲ၊ ရှုံးပွဲနှစ်ပွဲဖြင့် ရမှတ်ရှစ်မှတ်ရရှိထားသည်။

ဂျူဗင်တပ်စ် အသင်းသည် လာမည့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၃၀ ရက်တွင် ပရီမီယာလိဂ်အသင်းကြီး ချယ်ဆီးအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ပန်းခင်းစီမံချက်အရ ကြည့်မြင်တိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်ဇော် ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ စက်ဆန်း၊ အောက်ရုံ၊ အလတ်ချောင်းရပ်ကွက်တို့မှ ပြည်သူများအား အိမ်ထောင်စုစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသစ်ပြုလုပ်ပေးခြင်း၊ ဟောင်းနွမ်းနေမှုများကို မိတ္တူပြုလုပ်ပေးခြင်းတို့ကို စက်တင်ဘာ ၂၅ ရက်က နေ့ချင်းပြီး ဆောင်ရွက်ပေးစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)



သန်လျင်မြို့နယ် နာရေးကူညီမှုအသင်းသို့ သန်လျင်မြို့ကောင်စီလမ်းနေ ဦးကြည်ဟုတ်+ဒေါ်တင်မာဆွေ မိသားစုက နှစ်ဖက်သောမိဘများအား အမှူးထား၍ အလှူငွေကျပ်သိန်း ၅၀ ကို စက်တင်ဘာ ၂၅ ရက်က အသင်းအမှုဆောင်အဖွဲ့ထံပေးအပ်လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မြို့နယ်(၃)မြို့နယ်အား AMI စနစ်ပြောင်းလဲရာတွင် တပ်ဆင်သည့် အိမ်သုံးမီတာနှင့် တွဲဖက်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် DCU များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၇.၉.၂၀၂၁) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၇.၁၀.၂၀၂၁)ရက်နေ့၊(၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း။ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ် (မန်ဆူအဆင့်-၆)၊ ဦးပိုင်အမှတ် (၁၀၁၁+၁၀၁၂)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၁၇ ဧကရှိ မြေကွက်အား ဒေါ်ပြုံးပြုံးထွေး ၁၃/လရန(နိုင်)၀၀၄၀၉၄ သို့ မြို့မြေနေရာချထားရေးကော်မတီမှ မြေပေးမိန့်အမှတ် (၁၀၁၁+၁၀၁၂/၂၀၀၁)ဖြင့် မြေနေရာချထားပေးခဲ့ရာ အဆိုပါမြေကွက်အား ဦးဝင်းလှိုင် ၁၃/လရန(နိုင်)၀၂၉၁၁၄မှ ဝယ်ယူ၍ ၎င်းအမည်ဖြင့် မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရေးဆွဲပြီး မြေငှားလိုင်စင်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်

မော်လမြိုင်မြို့၊ မောင်ငံဝန်ထမ်းအိမ်ရာ၊ တိုက်အမှတ်(၁၈/၅)နေ ဦးအောင်ကိုလွင် ၃/လဘန(နိုင်)၀၀၁၅၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်မှာ-

မော်လမြိုင်မြို့၊ ဈေးကြိုတောင်ပိုင်းရပ်ကွက်၊ ကွင်းအမှတ်-၉၂၊ ဦးပိုင်အမှတ်-၇၆/၁၃ဟု သတ်မှတ်ခေါ်တွင်သည့် ဧရိယာ(၀.၁၅)ဧကရှိ နေအိမ်မြေနှင့် ယင်းမြေပေါ်ပါ နေအိမ်အဆောက်အဦအကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုလွင် တစ်ဦးတည်းကသာလျှင် (၂-၇-၂၀၁၅)ရက် "နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာ ချုပ်"အရ ဝယ်ယူကာ အစဉ်တစိုက် လက်ရှိထားစီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်အာဏာရှိသူဖြစ်ပါကြောင်း၊ အဆိုပါနေအိမ်မြေနှင့် စပ်လျဉ်း၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အတူနေဆွေမျိုးသားချင်း တစ်ဦးတစ်ယောက်ကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်စား စီမံဆောင်ရွက်ပိုင်ခွင့်အာဏာ လွှဲပြောင်းပေးအပ်ထားခြင်း အလျဉ်းမရှိပါကြောင်း၊ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုလွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခြင်းမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်၏ မည်သည့်ဆောင်ရွက်မှုမျိုးမဆို တရားဝင်အတည်ပြုခွင့်၊ တောင်းဆိုခွင့်၊ အကျိုးခံစားခွင့် တစ်စုံတစ်ရာမျှရှိမည် မဟုတ်ပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာကိုမျှလည်း တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်ကိုလွင်** | **ဒေါ်ဖြိုးပပဝင်း(LL.B,D.B.L,WIPO(Switzerland))** |
| **၃/လဘန(နိုင်)၀၀၁၅၄၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂)** |
| | **အမှတ်-၁၉၊ အ-ထ-က(၂)တိုက်ခန်း၊ ချယ်ရီလမ်း၊** |
| | **ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့။** |
| | **ဖုန်း-၀၉-၂၀၅၀၁၂၈** |

**ဥတုရာသီ တောကိုမှီ၏**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြင်ပဝင်ပေါက်မှ ခေါ်ယူသည့် ဒုတိယဦးစီးမှူး ရာထူး(၁၄၉)နေရာအတွက် လူတွေ့အောင်မြင်သူစာရင်း ထုတ်ပြန်သည့်ကိစ္စ အသိပေးကြေညာခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် ၂၁-၉-၂၀၂၁ ရက်နေ့နှင့် ၂၂-၉-၂၀၂၁ ရက်နေ့တို့၌ လူတွေ့စစ်ဆေးခြင်း စာမေးပွဲဖြေဆိုခဲ့သည့် (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ဒုတိယဦးစီးမှူးရာထူး (၁၄၉)နေရာအတွက် လူတွေ့အောင်မြင်သူအမည်စာရင်းအား မိမိတို့ဖြေဆိုခဲ့သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၌ ၂၇-၉-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးထားပြီး ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁၁)၊ ပိတောက်လမ်းတွင်ရှိသော ဦးပိုင်အမှတ်(၁၈/၄၆၀)၊ မြေကွက်(၅၂-ဆ)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ မြေကွက်ကို ကျွန်တော် ဦးအောင်မျိုးလွင် အမည်ဖြင့် (၁၀၅/၁၀၆)ရရှိခဲ့ပါသည်။ ကျွန်တော်အမည်ဖြင့် ရေးဆွဲထားသော (၁၀၅/၁၀၆)သည် အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံး(၁၀၅/၁၀၆)ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးလွင်**
**၁၃/တကန(နိုင်)၀၀၁၆၇၇**
**အမှတ်(၁၁)၊ ပိတောက်လမ်း၊**
**ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ဦးကျော်မင်းထွန်းသည် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ၃/ပဒေသာရပ်၊ မြေကွက်အမှတ်(388)၊ ဦးပိုင်အမှတ်(၃၈၈)၊ ဧရိယာ ဝဒသမ ၁၁၀ အကျယ်ရှိ ကျွန်ုပ်အမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်နှင့် ပတ်သက်၍ ဒေါ်စန်းစန်းဝေ ၁၂/မဂဒ(နိုင်) ၀၉၇၆၀၈ ထံသို့ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၂၆-၇-၂၀၁၆ ရက်၌ အထူးကိုယ်စားလှယ် လွှဲစာအမှတ် -၇၀၁၀ အရ လွှဲအပ်ခဲ့ ပါသည်။ အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၇၀၁၀/၂၀၁၆ အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်မင်းထွန်း**
**၁၁/သတန(နိုင်)၀၉၂၇၂၁**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## တာချီလိတ်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၃၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၃၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခန့်တွင် ရှမ်းပြည် နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် မြို့ရှောင်လမ်း၌ သတင်းအရ အားဖာ (၃၆ နှစ်) မော်တော်ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၈၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ည ၈ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအနီးတွင် မြတ်သူရ (ခ) မတ်စအွတ် (၂၀ နှစ်) မောင်းနှင်လာသည့် တိုယိုတာခရောင်း မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၉ နာရီတွင် ကင်းကျေးရွာအနီး ဇော်ဂျီမြစ်ကမ်းရေချိုးဆိပ်တွင် မူးယစ်ဆေးဝါး သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ စိုင်းဆိုင်လင်း (၂၁ နှစ်) အား ဆိုင်ကယ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။



## မဟာအောင်မြေမြို့နယ်၊ ပုသိမ်ကြီးနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် ၄၃ လမ်းနှင့် ၁၀၁ လမ်း၊ ၆၄ လမ်းမတွင် ခင်မောင်ကျော်ဦး (ခ) ဖိုင်ဇဲလ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေး ပေါ်ပေါက်ချက်အရ မွန်းလွဲ ၁ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် ၁၁၂ လမ်းနှင့် ၁၁၃ လမ်းကြား၊ ၆၁ လမ်းတွင် ဝင်းလှိုင် (ခ) အလီဘိုင် အား ဖမ်းဆီးရမိခဲ့ပြီး မွန်းလွဲ ၃ နာရီတွင် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအုပ်စု တဲကုန်းကျေးရွာရှိ ၎င်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၁၅ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု ဟွေရဲကျေးရွာအနီးတွင် အမျိုးသား တစ်ဦး (စိစစ်ဆဲ) မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ၎င်းအမျိုးသားမှာ ဆိုင်ကယ်ကို လှဲချ၍ လမ်းဘေးရှိ လျှိုအတွင်းသို့ ထွက်ပြေးသွားသဖြင့် ငွေကျပ်သိန်း ၄၆၀၀ တန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိပြီး **(အပေါ်ပုံ)** ဆိုင်ကယ်ခွကြားရှိ ကတ်ထူပုံးများအတွင်းမှ အိုက်စ် ၂၃ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များနှင့် ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူ မင်းကင်းမြို့နယ် NLD ပါတီဝင် ကျော်မင်းထွဋ်နှင့် ဆက်စပ်တရားခံ သုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသော စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များကို ထောက်ပံ့မှုများ ပြုလုပ်ပေးနေသူ ပပလှိုင်အား စက်တင်ဘာ ၅ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက် မင်္ဂလာလမ်းတွင် ဖမ်းဆီးရမိခဲ့သည်။

တရားခံ ပပလှိုင်၏ ထွက်ဆိုချက်အရ ၎င်းသည် တရားခံပြေး ကျော်မင်းထွဋ် (မင်းကင်းမြို့နယ် NLD ပါတီ ဥပဒေအထောက်အကူပြု အဖွဲ့ဝင်)၏ ခိုင်းစေချက်အရ မင်းကင်းမြို့နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များကို ငွေကြေးလွှဲပြောင်းပေးပို့ခြင်း၊ ဆေးဝါးများပေးပို့ခြင်း၊ လက်လုပ်သေနတ်ပြုလုပ်ရန် ပစ္စည်းကိရိယာများ ဝယ်ယူရေးတို့ကို လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

တရားခံ ပပလှိုင်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကြမ်းဖက် PDF အဖွဲ့များနှင့် ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူ မင်းကင်းမြို့နယ် NLD ပါတီဝင် ကျော်မင်းထွဋ်၊ ကျော်မင်းအောင်နှင့် အကြမ်းဖက်အဖွဲ့ဝင်များကို လက်ခံထားရှိသူ အောင်မျိုးမင်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြဝတီရပ်ကွက်ရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

တရားခံ ကျော်မင်းထွဋ်၏ ထွက်ဆိုချက်အရ ၎င်းသည် တရားခံပြေး အောင်ထွန်းလွင် (NLD ပါတီဝင် မင်းကင်းမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်း) နှင့်

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

# မန်းရွှေစက်တော်ဘုရား ဓာတ်လှေကားလျှောက်လမ်းသံပေါင်များ တပ်ဆင်



**မင်းဘူး စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် တည်ဆောက်လျက်ရှိသော ဓာတ်လှေကားတာဝါ (Lift Tower နှင့် Walk Way Bridge) လျှောက်လမ်းအတွက် သံပေါင်များတပ်ဆင်နေပြီဖြစ်ကြောင်း ဓာတ်လှေကားဆောက်လုပ်ရေးကုမ္ပဏီ Project မန်နေဂျာ ဦးသန်းလွင်ထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရား ဓာတ်လှေကားတာဝါကို အလျား ပေ ၂၁၀၊ အမြင့် ၁၁၉ ပေ၊ အကျယ် ၁၂ ပေဖြင့် အတက်နှင့် အဆင်းဟူ၍ Lift Tower နှစ်စင်းကို ဘုရားရန်ပုံငွေမှ ခွင့်ပြုငွေကျပ် သိန်းပေါင်း ၁၆၀၀၀ ခန့်ဖြင့် တည်ဆောက်နေကြောင်း၊ ယခုအခါ ဓာတ်လှေကားနားနေဆောင် ဆောက်လုပ်ခြင်းနှင့် လျှောက်လမ်းသံပေါင် (၃)ခန်းအနက် (၂)ခန်း

*စာမျက်နှာ ၂၆ ကော်လံ ၅* *

## ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅၃၄ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၆၂ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၅၂၇ ဦးရှိ

(၂၆-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊

*စာမျက်နှာ ၁၅ ကော်လံ ၁* ❐

## သောင်ရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၆**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက် ၁ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၁ ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ယနေ့ သတင်း အညွှန်း

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ — စာမျက်နှာ - ၁၂
ပြင်သစ်နိုင်ငံက ကိုဗစ် -၁၉ ကာကွယ်ဆေးများကို ဆင်းရဲသည့်နိုင်ငံများသို့ နှစ်ဆပေးပို့သွားမည် — စာမျက်နှာ - ၁၃